ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် စတင်ထုတ်ဝေသည်

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့ (19-12-2013) (၇၆၉၉)

ထူးခြားသည့် ညအပူချိန်

ဟားခါး	-၂ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	-၁ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်	သုညဒီဂရီစင်တီဂရိတ်
မိုးကုတ်	သုညဒီဂရီစင်တီဂရိတ်
လားရှိုး	၁ ဒီဂရီစင်တီဂရိတ်
ပူတာအို	၂ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၃ ဒီဂရီစင်တီဂရိတ်

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ ကျိုတိုမြို့မှ အိုဆာကာမြို့ရှိ အီတာမီ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိပြီး ဂျပန်လေကြောင်းလိုင်းဖြင့် ထွက်ခွာလာရာ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တိုကျိုမြို့ရှိ နာရီတာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဂျပန်လေကြောင်းလိုင်းဖြင့် ဆက်လက်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။

ထို့နောက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ နံနက် ၉ နာရီ ၁၀ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးသိန်းညွန့်၊ ဦးမောင်မြင့်၊ ဒေါက်တာကံဇော်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဒေါက်တာမောင်မောင်ဌေး၊ ဒေါက်တာ ဒေါ်သိန်းသိန်းဌေးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်တို့ ပြန်လည်လိုက်ပါလာကြသည်။

နိုင်ငံတော်သမ္မတသည် ဒီဇင်ဘာ ၁၂ ရက်မှ ၁၇ ရက်ထိ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း အာဆီယံ-ဂျပန် နှစ်(၄၀)ပြည့် အထိမ်းအမှတ်ထိပ်သီးဆွေးနွေးပွဲနှင့် ငါးကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးဆွေးနွေးပွဲများကို အာဆီယံခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

သတင်း - သူဇာနွယ်(ဖျာပုံ)
ဓာတ်ပုံ - တိုင်းဒေသကြီး ပြန်/ဆက်

ရွက်လှေပြိုင်ပွဲ အိမ်ရှင်မြန်မာက ဦးဆောင်ထားနိုင်

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ငွေဆောင်ပင်လယ်ကမ်းခြေရွက်လှေပြိုင်ပွဲများ၏ စတုတ္ထနေ့ပွဲစဉ်များကို ဒီဇင်ဘာ ၁၈ ရက်တွင် ဆက်လက်ကျင်းပခဲ့ရာ Half-Rater အတန်းတွင် အိမ်ရှင်မြန်မာက ဦးဆောင်ထားနိုင်ကြောင်း သိရသည်။ **(ဝဲပုံ)**

အဆိုပါ Half-Rater ရွက်လှေပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု စည်သူမိုးမြင့်နှင့် ဖုန်းကျော်မိုးမြင့်တို့အတွဲက ပွဲစဉ်(၈)ပွဲယှဉ်ပြိုင်ပြီးချိန်တွင် အဆင့်(၁)နေရာက ဦးဆောင်ထားနိုင်ကြောင်း ရွက်လှေအဖွဲ့ချုပ်ဒု-ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းထံမှ သိရသည်။

ငွေဆောင်ပင်လယ်ကမ်းခြေတွင် ကျင်းပဆဲဖြစ်သော Half-Rater ရွက်လှေပြိုင်ပွဲသည် ပွဲစဉ်(၁၂)ပွဲ ယှဉ်ပြိုင်ကြရမည်ဖြစ်ရာ ပွဲစဉ်(၄)ပွဲယှဉ်ပြိုင်ရန်သာ ကျန်တော့ကြောင်း သိရသည်။ ကျင်းပရန်ကျန်ရှိနေသော ရွက်လှေပွဲစဉ်များကိုလည်း ဒီဇင်ဘာ ၁၉ ရက်တွင် ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

ငွေဆောင်ကမ်းခြေတွင် ကျင်းပလျက်ရှိသည့် ဆီးဂိမ်းရွက်လှေပြိုင်ပွဲများတွင် အိမ်ရှင်မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများမှ နိုင်ငံကိုယ်စားပြု လက်ရွေးစင်ရွက်လှေအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နေကြကြောင်း သိရသည်။

ကြေးမုံစာတည်းရှုထောင့် **၁၉-၁၂-၂၀၁၃၊ ကြာသပတေးနေ့**

အစားမတော် တစ်လုတ်

မြန်မာနိုင်ငံရှိ ပြည်သူတို့၏ သဘောသဘာဝနှင့် အနေအထားများအရ ပြည်သူတို့နေ့စဉ်စားသုံးနေသော အစားအစာများကို ပြည်သူတို့ကိုယ်တိုင် သတိတရားလက်ကိုင်ထား၍ ဆင်ခြင်စားသုံးကြရမည်သာ ဖြစ်သည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်၍ ပြည်သူတို့၏နေ့စဉ်စားသုံးမှုဘဝ လူမှုဆောင်တာများတွင် ခေတ်မီစနစ်ကျနမှုများ လိုအပ်နေဆဲဖြစ်သည်။

ရှေးလူကြီးသူမတို့၏ဆုံးမစကားဖြစ်သည့် 'အစားမတော် တစ်လုတ်၊ အသွားမတော် တစ်လှမ်း'ဟူသည့် ဆိုရိုးစကားရှိခဲ့ဖူးသည်။ ထိုစကားမှာ မျက်မှောက်ကာလ လူမှုဘဝနယ်ပယ်အတွက် အလေးထားနာခံသင့်သည့် မြော်မြင်တွက်ဆ ညွှန်းဆိုပြချက်ဖြစ်သည်။

နယ်ပယ်အသီးသီးတွင် နေ့စဉ်နှင့်အမျှလိုအပ်လျက်ရှိသည့် စားရေးဟူသည့် အရေးတစ်ပါးသည် ယနေ့ကာလတွင် သတိထားဖွယ်ရာများဖြစ်လာခဲ့သည်။ စားသုံးသူတို့အတွက် 'အစားမတော် တစ်လုတ်'ဟူသည့် သတိပေးချက်ဖြစ်လာသလို ရောင်းချသူတို့အနေဖြင့်လည်း ပြည်သူတို့အကျိုးငှာ 'မလျှုတတ်လျှင် ဈေးရောင်း' ဆိုသကဲ့သို့ မွန်မြတ်သောစိတ်ထားဖြင့် သမ္မာအာဇီဝ သက်မွေးမှုပြုကြရမည်ဖြစ်သည်။

မျက်မှောက်ကာလ သတိပြုရမည့်အချက်မှာ 'ဇီဝအန္တရာယ်'ဟုဆိုသည့် အစားအသောက်များတွင် ပါဝင်သော ပိုးမွှားနှင့်အဆိပ်အန္တရာယ်ဖြစ်ပါသည်။ ယင်းကို သက်ဆိုင်ရာဝန်ကြီးဌာနက စနစ်တကျသုတေသနပြု ရှာဖွေစမ်းသပ်ဖော်ထုတ်ပြလိုက်နိုင်သဖြင့် ပြည်သူတို့အတွက် နေ့စဉ်လိုက်နာသင့်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်များ ရရှိခဲ့ပါသည်။

အန္တရာယ်ရှိအစားအစာဆိုသည်မှာ အစားအသောက်တိုင်းကိုမဆိုလိုဘဲ သန့်ရှင်းမှုနှင့် စနစ်တကျမရှိမှုတို့ကြောင့် ဖြစ်ပေါ်လာသော အစားအသောက်များကိုသာဆိုလိုပါသည်။ လက်တွေ့ဘဝတွင်လည်း လူတို့အနေဖြင့် အလွယ်တကူနှင့် သက်သာမှုကိုရှာဖွေရယူ စားသောက်တတ်မှုတို့ကြောင့် မဖြစ်သင့်မဖြစ်ထိုက်သည့် ဘေးထွက်ဆိုးကျိုးများ လူတို့တွင်ရရှိခံစားနေကြရသည်မှာလည်း အမှန်ဖြစ်ပါသည်။

အစားအစာဟူသည် သက်ရှိသတ္တဝါများမှရသည့် အသားငါးနှင့် အသီးအနှံအပင်များဖြစ်ပါသည်။ မည်သည့်အရာဝတ္ထုပစ္စည်းမဆို ချုပ်ငြိမ်းပျက်စီးခြင်းသဘောရှိရာ သက်မဲ့ဖြစ်ချိန်တွင် အချိန်ကာလကုန်ဆုံးသွားသည့်အတိုင်း အတာအလျောက် ပျက်စီးယိုယွင်းဖြစ်ပေါ်နေပါသည်။ ယင်းနှင့်အတူ မြင်နိုင်သည့်ပိုးမွှား၊ မမြင်နိုင်သည့် ပိုးမွှားများလည်း တစ်စတစ်စ ဝင်ရောက်လာတတ်ပါသည်။

ထို့ကြောင့် သတိပြုစားသုံးသင့်သော အစားအသောက်များမှာ အရောင်အဆင်း၊ အနံ့အရသာ မပျက်သော်လည်း စနစ်တကျထုပ်ပိုးမှုမရှိသော စားသောက်ကုန်များ၊ လက်လုပ်ချဉ်များ၊ အသားကင်များ၊ လမ်းဘေးရောင်းချသော အစားအသောက်များ၊ မစားသင့်သောမှိုများ၊ ငါးခေါင်း၊ ငါးခြောက်၊ တညင်းသီး၊ မြေပဲအမျိုးမျိုးနှင့် အသင့်စားအစားအသောက်နှင့် နို့နှင့်နို့ထွက်ပစ္စည်းများဖြစ်ပါသည်။

ယင်းအစားအစာများတွင် ပါဝင်နေသည့် ပိုးမွှားများကို သာမန်မျက်စိဖြင့် မမြင်နိုင်သဖြင့် အလွယ်တကူမသိနိုင်ပါ။ ထို့ကြောင့် သန့်ရှင်းလတ်ဆတ်သည်ဟု ယုံကြည်စိတ်ချရမည့် ဆိုင်များမှသာ ဝယ်ယူစားသုံးသင့်ပါသည်။ ဝယ်ယူပါကလည်း ရောင်းချသူ၏ ကိုင်တွယ်ထိန်းသိမ်းဆောင်ရွက်ထားမှု၊ မီးဖိုချောင်အခန်းအပူချိန်တွင် ကြာရှည်စွာထားမှု၊ သန့်ရှင်းစွာ ဆေးကြောချက်ပြုတ်ပြုပြင်ထားခြင်းမရှိမှု၊ ပိုးမွှားတိရစ္ဆာန်များ ဝင်ရောက်ခြင်းကို ကာကွယ်ခြင်းမရှိမှု စသည့်အန္တရာယ်များကို သတိပြုကြရမည်ဖြစ်သည်။

ရောင်းချသူများအနေဖြင့်လည်း ရက်လွန်၊ အချိန်လွန်အစားအစာများကို ဈေးလျှော့၍ ပြန်လည်ရောင်းချခြင်းမပြုဘဲ ဖျက်ဆီးပစ်ရန်ဖြစ်ပါသည်။ ယင်းအချက်သည် အပြောလွယ်သလောက် အလုပ်ခက်သော အချက်ဖြစ်၍ ရောင်းသူနှင့်ဝယ်သူ သဘောတူမျှကြသောအခါ ကျန်းမာရေးထိခိုက်ခြင်း၏ ရလဒ်သာအဖတ်တင်မည်ဖြစ်ပါသည်။

ထို့ကြောင့် စားသုံးသူအကာအကွယ်ပေးရေးကို တစ်ဖက်မှအလေးထားဆောင်ရွက်ပေးနေသကဲ့သို့ရောင်းချသူနှင့်စားသုံးသူတို့ကလည်း "အစားမတော် တစ်လုတ်"မဖြစ်စေရန် သတိထားကြရမည်ဖြစ်ပါသည်။ ။

(၁၉) ကြိမ်မြောက် သာသနတက္ကသိုလ်မဟာဘွဲ့နှင်းသဘင်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၈

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) (၁၉)ကြိမ်မြောက် သာသနတက္ကသိုလမဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မဟာဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက သမ္မောဒနီယ သြဝါဒကထာမြွက်ကြားတော်မူရာတွင် ရှေးကုသိုလ်ကံကြောင့် ရဟန်းဘဝရခဲ့ကြသည့်အားလျော်စွာ ပရိယတ္တိစာပေများကိုလည်း ကြောင့်ကြမဲ့စွာဖြင့် သင်ယူကြရသဖြင့် သုတဗုဒ္ဓများဖြစ်သည်နှင့်အညီ ကိုယ်တိုင်လည်းကျင့်ကြံအားထုတ်ကြ၍ သူတစ်ပါးကိုလည်း ကျင့်ကြံအားထုတ်နိုင်ရေး ဟောပြောပြသကြရန် တိုက်တွန်းပါကြောင်းမြွက်ကြားသည်။ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသက သမ္မောဒနီယ သြဝါဒကထာမြွက်ကြားတော်မူသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တပညာဝံသက မဟာဘွဲ့နှင်းသဘင်နှင့် စပ်လျဉ်း၍ လျှောက်ထားတော်မူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးဆန်းဆင့်က သာသနာရေးဆိုင်ရာများလျှောက်ထားရာတွင် ဘွဲ့ခံယူတော်မူခဲ့ကြသည့် ရဟန်းတော်များမှာ ယခု (၁၉)ကြိမ်မြောက်အထိ သာသနတက္ကသိုလဓမ္မာစရိယ (B.A. Buddhism) ဘွဲ့ရ ၁၆၈၉ ပါး၊ သာသနတက္ကသိုလ မဟာဓမ္မာစရိယ (M.A. Buddhism)ဘွဲ့ရ ၃၃၁ ပါး၊ သာသနတက္ကသိုလ ဓမ္မပါရဂူ (Ph.D)ဘွဲ့ရ ငါးပါး စုစုပေါင်း ၂၀၂၅ ပါးရှိကြောင်း၊ ဓမ္မာစရိယ (B.A)တန်း စာသင်နှစ်လေးနှစ်၊ မဟာဓမ္မာစရိယ (M.A)တန်း စာသင်နှစ် နှစ်နှစ်တိုင်တိုင် ရှေးရိုးနည်း၊ ခေတ်သစ်နည်း နှစ်ရပ်ပေါင်းစပ်၍ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆည်းပူးခဲ့ခြင်း၊ ဘွဲ့ရအရှင်မြတ်များရေးသားပြုစုသည့် အဆင့်မီကျမ်းစာများထွက်ပေါ်ခဲ့ခြင်း၊ နယ်စပ်နှင့် တောင်တန်းဒေသများတွင် သာသနာ့တာဝန်ထမ်းဆောင်လျက်ရှိခြင်း၊ တက္ကသိုလ်များမှ ဘွဲ့ရအရှင်မြတ်များသည် နိုင်ငံတစ်ဝန်းကျော်ကြားသည့် ဓမ္မကထိကတန်းဝင်အဆင့်မြင့်ဟောပြောပြသ စွမ်းဆောင်တော်မူလျက်ရှိကြောင်း၊ မြတ်ဗုဒ္ဓ၏တရားဓမ္မနှင့်အညီ ကျင့်သုံးနေထိုင်၍ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယ စသော ကိလေသာတရားများနည်းပါးရေးနှင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားများထွန်းကားရေး အားထုတ်ဆောင်ရွက်ကြမည်ဆိုပါလျှင် ဘဝဒုက္ခမှ သက်သာရာရကြမည်ဖြစ်ပါကြောင်း၊ ဆရာတော်ကြီးများကလည်း **"စာမတတ်မူ၊ အခေါက်ထူ၊ လူထဲရှင်ထဲ အသုံးမကျ"**။ **"စာတတ်ပြန်လျှင်၊ စိတ်ကြီးဝင်၊ လူမြင်တိုင်းက အော့ချင်ကြ"**ဟု ဆုံးမတော်မူခဲ့ကြပါကြောင်း၊ တတ်မြောက်သိမြင်ထားပြီးသောပညာရပ်များကို နှုတ်တတ်လေ့ကျင့်ခြင်း၊ စိတ်ဖြင့်ကြံစည်စဉ်းစားခြင်း၊ ဉာဏ်ဖြင့်ထိုးထွင်းသိမြင်ခြင်းဖြင့် မဆုတ်မနစ်သည့် ဇွဲ၊ လုံ့လနှင့် ဆက်လက်ကြိုးပမ်းအားထုတ်တော်မူကြရန်ဖြစ်ကြောင်း၊ ဤသာသနာ့တက္ကသိုလ် ဥယျာဉ်တော်ကြီးများမှ ဖူးပွင့်ဝေဆာပေါ်ထွက်တော်မူလာကြသည့် ဘွဲ့ခံအရှင်မြတ်တို့သည် တက္ကသိုလ်ကြီးမှသင်ပေးလိုက်သောပညာရပ်ဖြင့် **"မေတ္တာ ဝိဟာရီ ယော ဘိက္ခု၊ ပသန္နော ဗုဒ္ဓသာသနေ။ အဓိဂစ္ဆေ ပဒံ သန္တံ၊ သင်္ခါရူပသမံ သုခံ။** "သောကချုပ်ငြိမ်း၊ ဒုက္ခသိမ်းစေလိုသော မေတ္တာတရားလက်ကိုင်ထား၍ သဒ္ဓမ္မသုံးဖြာသာသနာတော်မြတ်ကြီး ကြည်ညိုထွန်းကားပြန့်ပွားစေခြင်းဖြင့် ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကိုဧကန်ထုတ်ချောက်မျက်မှောက်ပြုနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း လျှောက်ထားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက မဟာဘွဲ့နှင်းသဘင်အခမ်းအနားနှင့်စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

ထို့နောက် မော်ကွန်းထိန်းဆရာတော်က တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံ ဘွဲ့ခံစာရင်းကို အတည်ပြုလက်မှတ်ရေးထိုးတော်မူသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိဆရာတော်ကြီးရှေ့မှောက်တွင် ဘွဲ့ခံရဟန်းတော်များက သာသနာပြုကတိသစ္စာခံယူတော်မူကြသည်။ ယင်းနောက် ဆရာတော်သံဃာတော်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန်	ဒီဇင်ဘာ ၁၈	
ရန်ကုန် ရွှေဈေး	၆၅၃၈၀၀	- ၆၅၄၈၀၀
မန္တလေး ရွှေဈေး	၆၅၃၄၀၀	- ၆၅၄၄၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၉၃၀	ကျပ်
(ခ) အောက်တိန်း95	တစ်လီတာ	၁၀၉၀	ကျပ်
(ဂ) အောက်တိန်း92	တစ်လီတာ	၉၃၀	ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	= ၉၈၃. ၀၀
(ခ) ဥရောပ	တစ်ယူရို	= ၁၃၅၃. ၅
(ဂ) စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၁. ၆၈
(ဃ) တရုတ်	တစ်ယွမ်	= ၁၆၁. ၉၁
(င) ထိုင်း	တစ်ဘတ်	= ၃၀. ၅၆၆
(စ) မလေးရှား	တစ်ရင်းဂစ်	= ၃၀၁. ၉၅
(ဆ) အိန္ဒိယ	တစ်ရူပီး	= ၁၅. ၈၈၃
(ဇ) ဂျပန်	တစ်ရာယန်း	= ၉၅၅. ၄၈
(ဈ) တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၃. ၄၂၈
(ည) ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၇၇. ၀၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

☆ နိုင်ငံတော်သမ္မတမှ

ထို့အပြင် နိုင်ငံတော်သမ္မတသည် ဂျပန်နိုင်ငံ၏ စက်မှုထွန်းကားရာဒေသများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး ဂျပန်စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေး ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၈

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အင်ဒိုနီးရှားနိုင်ငံ House of Representative ဥက္ကဋ္ဌ H.E. Mr. Marzuki Alie ၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့မှ ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ထွက်ခွာပြီး အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ Soekarno Hatta လေဆိပ်၌ ဒေသစံတော်ချိန်ညနေ ၄ နာရီ ၅၅ မိနစ်တွင် ရောက်ရှိရာ အင်ဒိုနီးရှားနိုင်ငံ House of Representative မှ တာဝန်ရှိသူများ၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမင်းလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော သူရဦးအေးမြင့်၊ ဦးလှမြင့်ဦး၊ ဦးဌေးမြင့်နှင့် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ သမ္မတရုံး ဧည့်ခန်းမဆောင်၌ အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတ H.E. Dr. Boediono နှင့် တွေ့ဆုံသည်။ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မြဲရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းဆောင်ရွက်မှုအတွေ့အကြုံများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(ဝဲပုံ)**

ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ဒီဇင်ဘာ ၁၈ ရက်နံနက် ၁၀ နာရီတွင် အင်ဒိုနီးရှားနိုင်ငံ လွှတ်တော် Regional Representatives Council ဥက္ကဋ္ဌ H.E. Irman Gusman နှင့် တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် လွှတ်တော်ရေးရာလုပ်ငန်းများ ဆောင်ရွက်မှုအတွေ့အကြုံများ၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ဆောင်ရွက်မှုအတွေ့အကြုံများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ ယင်းနောက် အင်ဒိုနီးရှားနိုင်ငံလွှတ်တော် ကျင်းပနေမှုနှင့် အင်ဒိုနီးရှားနိုင်ငံလွှတ်တော်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၈ ရက် ညနေပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Marty Natale gawa နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံ-ဂျပန်ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမျှော်မှန်းချက်ကြေညာချက် “တူညီသောအမြင်၊ တူညီသောသွင်ပြင်လက္ခဏာ၊ တူညီသောရည်မှန်းချက်”

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နှင့် ဂျပန်နိုင်ငံတို့မှ နိုင်ငံ/အစိုးရခေါင်းဆောင်များဖြစ်ကြသော ကျွန်ုပ်တို့သည်အတူအကွဖွံ့ဖြိုးတိုးတက်ခြင်းအတွက် အာဆီယံ-ဂျပန်မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးပူးတွဲကြေညာချက်(ဘာလီကြေညာချက်)၏အရေးပါမှုကို အသိအမှတ်ပြုကြလျက် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်တွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်ကြေညာခဲ့သော ဂျပန်နိုင်ငံ၏ အာဆီယံဆိုင်ရာသံတမန်မူဝါဒ (၅)ရပ်ကို အလေးထားလျက်၊ အာဆီယံပဋိညာဉ်စာတမ်းနှင့်အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုစာချုပ်ပါမူဝါဒများ၊ စံသတ်မှတ်ချက်များကိုလိုက်နာကြလျက် အာဆီယံနှင့် ဂျပန်နိုင်ငံအကြား အောက်ပါကဏ္ဍလေးခုတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားရန် ထပ်လောင်းအတည်ပြုကြပါသည်-

ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးအတွက် မိတ်ဖက်များ

ကျွန်ုပ်တို့သည် ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာအလေးထားသည့် ကိစ္စရပ်များတွင် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကို ထိန်းသိမ်းဆောင်ရွက်သွားရန် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပါသည်-

- နိုင်ငံတကာမှအသိအမှတ်ပြုသည့် အပြည်ပြည်ဆိုင်ရာဥပဒေများ၏ အခြေခံသဘောတရားများကို လေးစားလိုက်နာခြင်းနှင့်အစွန်းမရောက်သောမူဝါဒများကို ထိန်းသိမ်းခြင်းအားဖြင့် ငြိမ်းချမ်းရေးမြတ်နိုးသည့် နိုင်ငံများအဖြစ် ငြိမ်းချမ်းရေးဆိုင်ရာတန်ဖိုးများကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပါသည်။
- နိုင်ငံတကာမှအသိအမှတ်ပြုသည့် အပြည်ပြည်ဆိုင်ရာဥပဒေများ၏ အခြေခံသဘောတရားများနှင့်အညီ ဆွေးနွေးမှုများ၊ ညှိနှိုင်းမှုများ ပြုလုပ်ကြပြီး အင်အားသုံးဖြေရှင်းမှုများကိုရှောင်ရှားလျက် ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- တရားဥပဒေစိုးမိုးရေး၊ သန့်ရှင်းသည့်အစိုးရ၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးများ တိုးမြှင့်ရန်အတွက် ဆွေးနွေးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- သဘာဝဘေးအန္တရာယ်များ ထိန်းချုပ်ရေး၊ ကမ္ဘာ့ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းလုပ်ငန်းများ၊ ချူကလီးယားလက်နက် မပြန့်ပွားရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့် ပင်လယ်ရေကြောင်းသွားလာမှုလုံခြုံရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည်ဖြစ်ပါသည်။

ကြွယ်ဝချမ်းသာမှုအတွက် မိတ်ဖက်များ

ကျွန်ုပ်တို့သည် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်သွားရန် ထပ်လောင်းအတည်ပြုပါသည်-

- ကုန်ပစ္စည်းများ တင်ပို့ရောင်းချမှု၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကုန်သွယ်မှု၊ အာဆီယံ-ဂျပန် မဟာဗျူဟာမြောက် စီးပွားရေးမိတ်ဖက်သဘောတူညီချက်နှင့် အာဆီယံ-ဂျပန် (၁၀)နှစ် မဟာဗျူဟာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုလမ်းပြမြေပုံအစရှိသည့် နှစ်ဖက်အကျိုးရှိ စိတ်ဝင်စားသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- အာဆီယံပေါင်းစပ်ဆက်သွယ်ရေးနှင့် ပိုမိုကျယ်ပြန့်သော ဒေသတွင်းပေါင်းစပ်ဆက်သွယ်မှုအတွက် အထောက်အပံ့ပေးသွားရန်၊ စီးပွားရေးကဏ္ဍများကို အသုံးချပြီး ပေါင်းစပ်ဆက်သွယ်ရေးကို တိုးမြှင့်သွားရန်၊ စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်သွားရန်၊ ဗဟုသုတကို အခြေခံပြီး ဆန်းသစ်သောစက်ရုံလုပ်ငန်းများ တိုးမြှင့်သွားရန်နှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု ကွာဟမှုလျှော့ချရေးတို့အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- အာဆီယံနှင့် ဂျပန်နိုင်ငံအကြား လေကြောင်းနှင့် ပင်လယ်ရေကြောင်း ဆက်သွယ်ရေး၊ ၁၉၈၂ ခုနှစ် ကုလသမဂ္ဂပင်လယ်ပြင်ဆိုင်ရာဥပဒေနှင့် နိုင်ငံတကာမြို့ပြလေကြောင်းအဖွဲ့တို့၏ စံညွှန်းများနှင့် လက်တွေ့လုပ်ဆောင်မှုများနှင့်အညီ လွတ်လပ်စွာ ကူးသန်းသွားလာရေးနှင့် လေကြောင်းပျံသန်းမှု လွတ်လပ်ခွင့်ရရှိရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အရည်အသွေးပြည့်မီသည့် လူနေမှုအဆင့်အတွက် မိတ်ဖက်များ

ကျွန်ုပ်တို့သည် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို ကျော်လွှားသွားနိုင်ရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်သွားရန် ကတိကဝတ်ထားရှိပါသည်-

- သိပ္ပံနှင့်နည်းပညာ၊ ဆန်းသစ်တီထွင်မှု၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနှင့် ဆိုင်ဘာလုံခြုံရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားမည်ဖြစ်ပါသည်။
- လယ်ယာစိုက်ပျိုးရေး၊ စားနပ်ရိက္ခာလုံခြုံရေး၊ စွမ်းအင်လုံခြုံရေး၊ ချူကလီးယား အကာအကွယ်ထားရှိမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုတို့တွင် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်ဖြစ်ပါသည်။
- ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်၊ မြို့ပြတည်ထောင်ခြင်းနှင့် သက်ကြီးဦးရေများပြားလာခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် ဆင်းရဲမှုပပျောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- ကမ္ဘာ့ကျန်းမာရေးအစီအမံတစ်ရပ် ပေါ်ထွန်းရေးအတွက် ကျန်းမာရေးစနစ်တစ်ရပ် တိုးမြှင့်ဆောင်ရွက်သွားရန်၊ လူမှုလုံခြုံရေးကွန်ရက်နှင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး-ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အမျိုးသမီးများ ပါဝင်နိုင်ရေးအတွက် အတွေ့အကြုံနှင့် ဉာဏအရင်းအမြစ်များ ဖလှယ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- ၂၀၁၅ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်လွန်ကာလတို့တွင် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်နှင့် ကုလသမဂ္ဂအထွေထွေညီလာခံ၊ ဆုံးဖြတ်ချက်အမှတ် (၆၆/၂၉၀)နှင့်အညီ အာဆီယံနှင့် ဂျပန်နိုင်ငံတို့ရှိ ပြည်သူများ၏ စားဝတ်နေရေးမြှင့်တင်သွားရန်နှင့် လူသားလုံခြုံရေးကို ဖော်ဆောင်သွားမည်ဖြစ်ပါသည်။

နှလုံးသားချင်းဆက်ဆံမှု မိတ်ဖက်များ

ကျွန်ုပ်တို့သည် အပြန်အလှန်ယုံကြည်မှု၊ နှလုံးသားချင်းနားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

- ယဉ်ကျေးမှုနှင့် အနုပညာအပြန်အလှန် ဖလှယ်ဆောင်ရွက်သွားရန်၊ ပြည်သူလူထုအချင်းချင်း ခရီးသွားလာမှု၊ လူငယ်ရေးရာနှင့် အားကစားတို့တွင် ပိုမိုလည်ပတ်ထိတွေ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- ဘာသာစကားသင်ကြားမှုအပါအဝင် ပညာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- ကွဲပြားခြားနားသည့် ယဉ်ကျေးမှုများနှင့် ဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ပါသည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ယင်း၏ အကောင်အထည်ဖော်ရေးအစီအစဉ်နှင့်အတူ ချမှတ်အတည်ပြုပါသည်။ (အလွတ်သဘော ဘာသာပြန်ဆိုချက်ဖြစ်ပါသည်။)

မြန်မာအမျိုးသမီးဘော်လီဘောအသင်း အင်ဒိုနီးရှားအမျိုးသမီး ဘော်လီဘောအသင်းနှင့် တတိယလုမည်

နေပြည်တော် ဒီဇင်ဘာ ၁၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ အမျိုးသမီးဘော်လီဘောပြိုင်ပွဲပွဲစဉ်များကို နေပြည်တော် ဇေယျာသီရိအားကစားရုံ (B)၌ ဒီဇင်ဘာ ၁၈ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲစဉ်ဖြစ်သည့် မလေးရှားအမျိုးသမီးအသင်းနှင့် အင်ဒိုနီးရှားအမျိုးသမီးအသင်းတို့၏ပွဲစဉ်တွင် မလေးရှားအမျိုးသမီးအသင်းက အင်ဒိုနီးရှား အမျိုးသမီးအသင်းကို ပွဲငယ်သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး မြန်မာအမျိုးသမီးဘော်လီဘောအသင်းနှင့် ထိုင်းအမျိုးသမီးဘော်လီဘောအသင်းတို့၏ ပွဲစဉ်တွင် ထိုင်းအမျိုးသမီးဘော်လီဘောအသင်းက မြန်မာအမျိုးသမီးဘော်လီဘောအသင်းကို ပွဲငယ်သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် အမျိုးသားဘော်လီဘောပွဲစဉ်အဖြစ် ဗီယက်နမ်အမျိုးသား ဘော်လီဘောအသင်းနှင့် လာအိုအမျိုးသားဘော်လီဘောအသင်းတို့ ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဗီယက်နမ်အမျိုးသား ဘော်လီဘောအသင်းက လာအိုအမျိုးသား ဘော်လီဘောအသင်းကို ပွဲငယ်သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဒီဇင်ဘာ ၁၈ ရက် ပွဲစဉ်များယှဉ်ပြိုင်ကစားခဲ့ပြီးနောက် အမျိုးသမီးဘော်လီဘော တတိယလုပွဲအဖြစ် မြန်မာအမျိုးသမီးဘော်လီဘောအသင်းနှင့် အင်ဒိုနီးရှားအမျိုးသမီးဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဗိုလ်လုပွဲအဖြစ် ထိုင်းအမျိုးသမီးဘော်လီဘောအသင်းနှင့် ဗီယက်နမ်အမျိုးသမီး ဘော်လီဘောအသင်းတို့ အသီးသီးယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြသည်။

အဆိုပါ ပွဲစဉ်များကို ဒီဇင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဆက်လက်ယှဉ်ပြိုင်ကစားရန်ရှိနေပြီး မြန်မာအမျိုးသား ဘော်လီဘောအသင်း၏ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် မြန်မာအမျိုးသားဘော်လီဘောအသင်းနှင့် အင်ဒိုနီးရှားအမျိုးသားဘော်လီဘောအသင်းတို့က လည်းကောင်း၊ ထိုင်းအမျိုးသားဘော်လီဘောအသင်းက ဗီယက်နမ်အမျိုးသား ဘော်လီဘောအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **(မေ၊ စု၊ အေး)**

တရုတ်နိုင်ငံက ပိုင်ဆိုင်ကြောင်း ကြေညာထားသည့် ရေပြင်နှင့် ကုလသမဂ္ဂ (စီအယ်လ်အို အက်စ်) ၏ သီးသန့် စီးပွားရေးဇုန် ရေမိုင် ၂၀၀ တို့ကိုပြသည့် မြေပုံ။

အမေရိကန်စစ်သင်္ဘောနှင့် တရုတ်စစ်သင်္ဘော တိုက်လုနီးပါးဖြစ်ခဲ့ကြောင်း ပေကျင်း အတည်ပြု

ပေကျင်း ဒီဇင်ဘာ ၁၈

ယခုလစောစောပိုင်းက တောင်တရုတ်ပင်လယ်တွင် အမေရိကန်စစ်သင်္ဘောတစ်စင်းနှင့် တရုတ်စစ်သင်္ဘော တစ်စင်း တိုက်လုနီးပါးဖြစ်ခဲ့သည်ဟူသော အမေရိကန် ဘက်မှထုတ်ပြန်သောသတင်းများကို တရုတ်နိုင်ငံက အတည်ပြုကြောင်း ဗုဒ္ဓဟူးနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဒီဇင်ဘာ ၅ရက်၌ သင်္ဘောနှစ်စင်းသည် တိုက်လုနီးပါး အခြေအနေတွင် ၎င်း၏ပဲ့ထိန်းဒုံးကျည်တင်သင်္ဘော ယူအက်စ် အက်စ်ကောင်းပင်းက အချိန်မီ ရှောင်တိမ်းခဲ့ကြောင်း အမေရိကန်ပြည်ထောင်စုက ပြောကြားသည်။

၂၀၀၉ ခုနှစ်နောက်ပိုင်း တောင်တရုတ်ပင်လယ် အတွင်း တရုတ်နှင့် အမေရိကန်တို့ စိုးရိမ်ဖွယ်ရာအကောင်း ဆုံး ထိပ်တိုက်တွေ့မှုဖြစ်သည်ဟု ဖော်ပြသည်။

သို့သော် တရုတ်နိုင်ငံက ယင်းဖြစ်ရပ်ကို သံတမန် နည်းလမ်းများဖြင့် ဖြေရှင်းနိုင်ခဲ့သည်ဟု ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုကမူ ၎င်း၏စစ်သင်္ဘော သည် နိုင်ငံတကာရေကြောင်းပိုင်နက်အတွင်းတွင် ရှိနေ သည်ဟု ဆိုသည်။

တရုတ်နိုင်ငံကမူ တောင်တရုတ်ပင်လယ်အတွင်း ၎င်းပိုင်ဆိုင်သောရေပြင်တွင် ဖြစ်ခဲ့သည်ဟု ဆိုသည်။ စစ်ရေး လေ့ကျင့်နေသော တရုတ်လေယာဉ်တင်သင်္ဘောကို အမေရိကန် စစ်သင်္ဘောက အနှောင့်အယှက်ပြုနေသည်ဟု ကျွမ်းကျင်သူ တစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ နိုင်ငံပိုင်သတင်း စာက ဖော်ပြသည်။

အမေရိကန်တာဝန်ရှိသူများက ထုတ်ဖော်ပြောကြား သဖြင့် ယင်းဖြစ်စဉ်မှာ လွန်ခဲ့သည့်သီတင်းပတ်၌ လူသိ ထင်ရှား ဖြစ်လာခဲ့သည်။

တောင်တရုတ်ပင်လယ်အတွင်း နိုင်ငံတကာရေပိုင် နက်တွင် ဥပဒေနှင့်အညီသွားလာနေသော ယူအက်စ် အက်စ် ကောင်းပင်းသည် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်၏ရေတပ်မှ စစ်သင်္ဘောတစ်စင်းနှင့် မမျှော် လင့်ဘဲ ရင်ဆိုင်မိကြရာ မတိုက်မိစေရန် ရှောင်လွှဲနိုင်ခဲ့ သည်ဟု အမေရိကန် ပစိဖိတ်ရေတပ်ဖွဲ့၏ကြေညာချက်တွင် ဖော်ပြသည်။

ဗုဒ္ဓဟူးနေ့၌ တရုတ်ကာကွယ်ရေးဝန်ကြီးဌာနမှ ကြေညာ ချက်ထုတ်ပြန်ရာတွင် တရုတ်ရေတပ်သင်္ဘောတစ်စင်း သည် ပုံမှန်ကင်းလှည့်နေစဉ် အမေရိကန်သင်္ဘောတစ်စင်းနှင့် တွေ့ဆုံခဲ့ကြောင်း ဖော်ပြသည်။ **ဘီဘီစီ။**

အာဖဂန်နစ္စတန်ရှိ အမေရိကန်စစ်အခြေစိုက်စခန်း တိုက်ခိုက်ခံရ

ကဘူး ဒီဇင်ဘာ ၁၈

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂဟာပြည်နယ်ရှိ အမေရိကန်စစ်ဘက်ဆိုင်ရာ အခြေစိုက်စခန်းကို အမည် မသိ စစ်သွေးကြွများက ဒီဇင်ဘာ ၁၈ရက်တွင် တိုက်ခိုက် ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ပါကစ္စတန် နယ်စပ်အနီးတွင်ရှိသော နန်ဂဟာ ပြည်နယ် တော့ခ်ဟမ်မြို့တွင်းမှ အမေရိကန် စစ်အခြေ စိုက်စခန်းကို ဒုံးလက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း ဖြစ်ကြောင်း၊ သေနတ်ဖြင့်ပစ်ခတ်သံများကိုလည်း ကြားကြ ရကြောင်း၊ ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် သေကျေဒဏ်ရာ ရမှုသတင်းကိုမူ မရရှိသေးကြောင်း သတင်းတွင် ဖော်ပြ သည်။

တော့ခ်ဟမ်မြို့တွင် လွန်ခဲ့သည့်လအနည်းငယ် အတွင်းက အလားတူတိုက်ခိုက်ခံရမှု ဖြစ်ပွားခဲ့ကြောင်း၊ အမေရိကန် စစ်အခြေစိုက်စခန်းသို့ ဦးတည်သွားလာသော လောင်စာတင်ယာဉ် ၁၀စီးကို အဝေးပြေးလမ်းတစ်နေရာတွင် စစ်သွေးကြွများက မီးရှို့တိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း သတင်းတွင်ရေးသားထားသည်။

ယခုသီတင်းပတ်စောစောပိုင်းက တော့ခ်ဟမ်မြို့ရှိ လုံခြုံရေးစခန်းအနီး အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ကြောင်း၊ လူသုံးဦးထက်မနည်း ဒဏ်ရာရရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**

စစ်စခန်းအတွင်း မီးလောင်လျက်ရှိသော စစ်မော်တော်ယာဉ်များကို အာဖဂန်မီးသတ်တပ်ဖွဲ့က ငြိမ်းသတ်နေစဉ်။

အီရတ်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်ခံရ ၆၇ ဦး သေဆုံး၊ ၁၃၈ ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၈

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ရှီးယိုက်ဘုရားဖူးများ တိုက်ခိုက်ခံရမှု အပါအဝင် ဒီဇင်ဘာ ၁၅ ရက်က အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် လူပေါင်း ၆၇ ဦးထက် မနည်းသေဆုံး၍ ၁၃၈ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ဒီဇင်ဘာ ၁၇ရက်တွင် ပြောကြားသည်။

ဘဂ္ဂဒက်တောင်ဘက်မှ ကီလိုမီတာ ၁၁၀ကွာဝေးသော ရာရှစ်ခရိုင်ရှိ ဘာသာရေးနှင့်ဆိုင်သည့် ကာဘာလာမြို့သို့ ဦးတည်၍သွားသော ရှီးယိုက်ဘုရားဖူးများအား ပစ်မှတ် ထားကာ ကားဗုံးနှစ်လုံး တစ်ပြိုင်တည်းခွဲ၍ တိုက်ခိုက် ကြောင်း၊ ဘုရားဖူး ၂၅ ဦးထက်မနည်းသေဆုံး၍ ၅၂ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ထိုနေ့စောစောပိုင်းက နိုင်ငံတစ်ဝန်းတွင် အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် ၄၂ ဦးသေဆုံး၍ ၈၆ ဦးဒဏ်ရာရရှိ ခဲ့သည်။ ယင်းတိုက်ခိုက်မှုများသည် မည်သည့်အုပ်စု၏ လက်ချက်ဖြစ်သည်ကို ခိုင်မာစွာ မသိရသေးသော်လည်း ဆွန်နီနှင့် ရှီးယိုက်များအကြား ဂိုဏ်းဂဏဆိုင်ရာ တင်းမာ မှုများကြောင့်ဖြစ်မည်ဟု ယူဆရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **ဆင်ဟွာ။**

ဒေါက်တာဇော်ဝင်းသိန်း
(ရွှေတံဆိပ်ဆုရှင် - လန်ဒန်) (ရွှေတံဆိပ်ဆုရှင် - CPA)
Doctor of Business Administration(UK)
DBA (UK), MBA (USA), ACMA, CGMA, FABE, FCCA (UK), CPA (Australia)
CIMA စီမံခန့်ခွဲမှုသင်တန်းများ
LCCI စာရင်းကိုင်သင်တန်းများ
အမှတ် - ၅၆ (ပ-ထပ်)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ☎ 299288, 09 - 50 13589, 09 - 50 74974

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ထားဝယ်မြို့နယ် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၁၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုတို့သည် ယနေ့နံနက်ပိုင်းတွင် သပြေချောင်းကျေးရွာအုပ်စု ငါးကျင်းအင်းဘုန်းကြီးကျောင်း၌ ဒေသခံပြည်သူလူထုအား ဆေးကုသမှုပေးလျက်ရှိသော အခြေပြုဆေးကုသရေးအဖွဲ့(၁)၏ ဆေးကုသမှုအား သွားရောက်ကြည့်ရှုကာ လာရောက်ဆေးကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားသည်။**(ယာပုံ)**

အဆိုပါ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များသည် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒီဇင်ဘာ ၁၇ ရက်မှစ၍ အခြေပြုဆေးကုသရေးအဖွဲ့ သုံးဖွဲ့၊ နယ်လှည့်အထူးကုဆေးအဖွဲ့ ခုနစ်ဖွဲ့ဖြင့် ထားဝယ်၊ မြိတ်၊ ဘုတ်ပြင်းမြို့နယ်များနှင့် အနီးပတ်ဝန်းကျင်ရှိမြို့နယ်များမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယနေ့ နံနက် ၈ နာရီတွင် ထားဝယ်တပ်နယ် အောင်ဆန်းခန်းမ၌ တပ်နယ်မှ အရာရှိ/စစ်သည်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ် ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေးနှင့်ဇနီး၊ တပ်နယ်မှ အရာရှိ/စစ်သည်မိသားစုများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ အရာရှိစစ်သည်မိသားစုများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ထောက်ပံ့ငွေများအား ပေးအပ်သည်။

အလားတူ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးက အားကစားပစ္စည်းများပေးအပ်သည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

မြားပစ်အားကစားသမားများအား ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၈

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြားပစ်ပြိုင်ပွဲတွင် အောင်နိုင်ဆုရရှိခဲ့ကြသော အားကစားသမားများနှင့် မြားပစ်ပြိုင်ပွဲအား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေး၊ အောင်နိုင်ရေး၊ ဒိုင်၊ ဂျူရီ၊ LO-VO /WF နှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းတင်အခမ်းအနားကို ယမန်နေ့က ACE ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဖြိုးကိုကိုတင့်ဆန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးက အမှာစကားပြောကြားသည်။ ယင်းနောက် ဥက္ကဋ္ဌ ဒေါက်တာဖြိုးကိုကိုတင့်ဆန်းက ရွှေတံဆိပ်ဆုရ အောင်ငိုမ်းအား ဆုကြေးငွေကျပ်သိန်း ၂၀၀ ချီးမြှင့်ပြီး အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးက ကြေးတံဆိပ်ဆုရရှိသူများကို ဆုကြေးငွေများ ချီးမြှင့်သည်။ **(အပေါ်ပုံ)** ထို့နောက် ပြိုင်ပွဲကျင်းပရေး၊ အောင်နိုင် ရေး၊ ဒိုင်၊ ဂျူရီ၊ LO-VO/WF နှင့် လုံခြုံရေးများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ **(ဖိုးသော်ဇင်)**

2014 ASEAN Summit အခမ်းအနားတွင် ဘီအမ်ဒဗလျူမော်တော်ယာဉ်များ ပံ့ပိုးကူညီမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

ASEAN Summit 2014 အတွက် ပူးပေါင်းပံ့ပိုးမှုအဖြစ် BMW Asia နှင့် BMW ယာဉ်များတင်သွင်းဖြန့်ချိခွင့်မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သော Prestige Automobiles တို့သည် ၂၀၁၄ မေလတွင် ကျင်းပမည့် ASEAN Summit သို့ တက်ရောက်ကြမည့် နိုင်ငံခေါင်းဆောင်ကြီးများနှင့် ဝန်ကြီးများ အဆင်ပြေစွာ အသုံးပြုနိုင်ရန်အတွက် အဆင့်မြင့် BMW မော်တော်ယာဉ် ၉၅ စီးအထိ စီစဉ်ပံ့ပိုး ဆောင်ရွက်ပေးမည်ဖြစ်သည်။

BMW ယာဉ်များ တင်သွင်းဖြန့်ချိခွင့် မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်ဖြစ်သော Prestige Automobiles မှ ၂၀၁၄ ခုနှစ် မေလနှင့် နိုဝင်ဘာလများတွင် မြန်မာနိုင်ငံ၌ နှစ်ကြိမ်ကျင်းပမည်ဖြစ်သော ASEAN Summit 2014 အတွက် BMW နှင့် အတူတကွ ပံ့ပိုးကူညီမှုများပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် မေလတွင်ကျင်းပမည့် ASEAN Summit အခမ်းအနားသို့ တက်ရောက်ကြမည့် ASEAN နိုင်ငံခေါင်းဆောင်ကြီးများနှင့် ဝန်ကြီးများ အသုံးပြုလိုက်ပါစီးနင်းနိုင်ရန် BMW 7 Series, the BMW 5 Series Executive Sedan နှင့် the Premium BMW X5 Sports Activity Vehicle တို့ကို မော်တော်ယာဉ် ၉၅ စီးအထိ ပံ့ပိုးကူညီသွားမည်ဖြစ်သည်။

ပြည်တွင်းကုမ္ပဏီတစ်ခုအနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်မှုတွင် တတ်စွမ်းသမျှပါဝင်ဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း၊ သို့ပါ၍ (၂၇)ကြိမ်မြောက် SEA Games အားကစားသမားများအတွက် Scania Bus များဖြင့် ကျွန်တော်တို့၏ မိခင်ကုမ္ပဏီဖြစ်သော Octagon International Services မှ ပံ့ပိုးကူညီမှုပြုခဲ့ပြီး ယခုကဲ့သို့သော ပထမဆုံးအကြိမ် မြန်မာနိုင်ငံမှ ASEAN ဥက္ကဋ္ဌအဖြစ် လက်ခံကျင်းပသော ASEAN Summit အတွက် တွဲဖက်ပါဝင်၍ ပံ့ပိုးဆောင်ရွက်ခွင့်ရရှိသည်မှာ အလွန်ပင် ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပါကြောင်း Prestige Automobiles ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးချမ်းမြက ပြောကြားခဲ့သည်။

ဆက်လက်၍ ဦးချမ်းမြက ကျွန်တော်တို့ရဲ့ CSR Activity တစ်ခုအဖြစ် ဤသို့သော အဓိကကျသည့် နိုင်ငံတကာ အခမ်းအနားကြီးတွင် ကျွန်တော်တို့နိုင်ငံအတွက် Joint Sponsor အနေဖြင့် ဆောင်ရွက်ခွင့်ရရှိသည်မှာ ဝမ်းသာဖွယ်ဖြစ်ပါကြောင်း၊ ဤအခမ်းအနားသို့ တက်ရောက်လာသူများအား အကောင်းဆုံးသော အရည်အသွေးမြင့် မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် Summit အစီအစဉ်ကို အောင်မြင်စေရန်နှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်စေရန် ပါဝင်ပံ့ပိုးလုပ်ဆောင်လိုပါကြောင်း ထပ်မံပြောကြားသည်။

BMW ရဲ့ ထူးခြားပြည့်စုံသော ခံစားမှုအတွေ့အကြုံကို နိုင်ငံ့အကြီးအကဲခေါင်းဆောင်များနှင့် ဝန်ကြီးများထံသို့ ပို့ဆောင်နိုင်ရန် ကျွန်တော်တို့အနေဖြင့် အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိလိုရာ ခရီးလမ်းပန်းတိုင်သို့ အကောင်းမွန်ဆုံးသော အနေအထားဖြင့် ဘေးကင်းမြန်ဆန်စွာ အရောက်ပို့ဆောင်ပေးနိုင်မည် ဖြစ်သည်မှာ သေချာပါကြောင်း ဦးချမ်းမြက ထပ်လောင်းပြောကြားသွားသည်။

ASEAN Summit အား (၃) နှစ်ဆက်တိုက် ပံ့ပိုးကူညီခွင့်ရရှိသည့်အတွက် အလွန်ပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆင့်မြင့်မော်တော်ကား Brand အနေဖြင့် ၎င်း၏ အထင်ကရပြယုဂ်အဖြစ် ထူးခြားကောင်းမွန်ပြီး အဆင့်အတန်း မြင့်မားစေရန်နှင့် ခေတ်မီဆန်းသစ်သော ဒီဇိုင်းများဖြစ်စေရန် စဉ်ဆက်မပြတ်အားထုတ်ကြိုးပမ်းလျက်ရှိပါကြောင်းနှင့် BMW Limousine တိုင်းတွင် ခံစားတွေ့မြင်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ပါ၍ BMW သည် ယခုကဲ့သို့ ဂုဏ်သိက္ခာရှိထင်ရှားအရေးပါသော ASEAN Summit အခမ်းအနားနှင့် သင့်သော လိုက်ဖက်မှုရှိလှပါကြောင်း BMW Group Asia ၏ အုပ်ချုပ်မှုဒါရိုက်တာ Mr.Neil Fiorentinos မှ မှတ်ချက်ပြုပြောကြားသွားသည်။ **(ဌေးခိုင်)**

ရိုးသားကြိုးစား၍ ဘ၀ကိုတည်ဆောက်ကြ

မောင်ထည်ဝါ (ပျော်ဘွယ်)

“ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ”
မှန်မှန်ပြော၊ ဟုတ်တာလုပ်”

ဤဆောင်ပုဒ်လေးကို ကျွန်ုပ်မူလတန်းကျောင်းသားဘ၀က ပြည်သူ့နီတိဘာသာရပ်သင်ကြားရာတွင် ဆရာက ထည့်သွင်းသင်ကြားပေးခဲ့ပါသည်။ ထိုစဉ်က ဆောင်ပုဒ်၏ဆိုလိုရင်းကို ကောင်းစွာ နားမလည်ခဲ့ပါ။ မြင့်မြတ်သော စိတ်ထား၊ ကြီးမြတ်သော ရည်မှန်းချက်ရှိဖို့နှင့် အကျင့်စရိုက်ကောင်းထားရှိမှု၊ ရိုးသားဖြောင့်မတ်မှု၊ ကိုယ်ကျင့်တရား ကောင်းမွန်မှုများရှိစေရန် ဆရာက ဆုံးမသွန်သင်ခဲ့ခြင်းဖြစ်ကြောင်း နောင်ကြီးပြင်းလာသောအခါမှ သိရှိခဲ့ရပါသည်။

လူသားတစ်ဦး အောင်မြင်တိုးတက်ရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်မှာ ပကတိအားဖြင့် ဖြူစင်သော နှလုံးသားနှင့် ရိုးသားသောစိတ်ဓာတ်ရှိဖို့ပင်ဖြစ်သည်။ ထို့အတူ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုနိုင်ငံသားများ၏ စစ်မှန်သော ရိုးသားမှု၊ကိုယ်ကျင့်သီလစာရိတ္တကောင်းမွန်မှုတည်းဟူသော ကိုယ်ကျင့်တရားစောင့်ထိန်းရေးတို့အပေါ်၌ တည်မှီလျက်ရှိသည်။

တိုက်တပ်(Titus)ဆိုသော ပုဂ္ဂိုလ်တစ်ဦးက “ရောမအင်ပါယာကြီး လျော့ကျပျက်စီးရခြင်းဟာ အစာရေစာခေါင်းပါးချို့တဲ့လို့လည်း မဟုတ်ဘူး။ ပြင်ပရန်သူတွေ ဝင်ရောက်တိုက်ခိုက်လို့လည်း မဟုတ်ဘူး။ တကယ့်အကြောင်းရင်းမှာ ပြည်သူပြည်သားတွေ အကျင့်စာရိတ္တပျက်စီးသွားကြလို့ပဲဖြစ်တယ်” ဟု ပြောဆိုခဲ့သောစကားကို မှတ်သားဖူးပါသည်။

ယခုအခါ ကျွန်ုပ်တို့နိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်ရန်အတွက် တံခါးဖွင့်ဝါဒကျင့်သုံး၍ ဈေးကွက်စီးပွားရေးစနစ်ကို ပီပီပြင်ပြင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေချိန်ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ထူထောင်ရာတွင် ဗလငါးတန်ပြည့်စုံရန် လိုအပ်ပါသည်။ ထိုအထဲမှ ကာယဗလ၊ ဉာဏဗလနှင့် စာရိတ္တဗလတို့မှာ အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးဖြစ်သည်။ ပြည်သူတို့၏ စွမ်းအားကို ရယူအကောင်အထည်ဖော်နေရသော ယခုလိုအချိန်ကာလမျိုးတွင် ကာယဗလဘက်မှ မပြည့်စုံဘဲ ချို့ယွင်းနေလျှင် လုပ်ငန်းများ ပြီးမြောက်အောင်မြင်နိုင်မည်မဟုတ်ပေ။

ကာယဗလပြည့်စုံသည်ထားဦး။ တွေးခေါ် မြော်မြင်မှု၊ အသိဉာဏ်ဗဟုသုတပြည့်စုံမှု၊ ခေတ်မီနည်းပညာကျွမ်းကျင်မှုဟူသော ဉာဏဗလပိုင်းမှ ချို့ယွင်းနေမည်ဆိုပါက နိုင်ငံတော်က ရည်မှန်းသလောက် ပြီးမြောက်အောင်မြင်နိုင်မည်မဟုတ်ပေ။ တစ်ဖန် ကာယ၊ ဉာဏဗလများ ပြည့်စုံသည်ဆိုသော်လည်း အရေးကြီးဆုံးဖြစ်သည့် စိတ်စေတနာကောင်းရှိခြင်း၊ ရိုးသားဖြောင့်မှန်ခြင်း၊ ကတိသစ္စာရှိခြင်း စသည့် ကိုယ်ကျင့်သီလ စာရိတ္တဘက်မှ ချို့ယွင်းညံ့ဖျင်းနေမည်ဆိုပါလျှင် မိမိတို့ရည်မှန်းရာသို့ ရောက်နိုင်မည်မဟုတ်ဘဲ အိတ်ပေါက်နှင့်ဖားကောက်သလိုသာ ဖြစ်တော့မည်။

ထို့ကြောင့် လူ့ဘောင်ဘ၀ လူ့လောက၌ ဤဗလသုံးတန်အနက်မှ စာရိတ္တဗလပျက်စီးခြင်းသည် အဆိုးရွားဆုံးဖြစ်သည်။ ကုစားရန်လည်း အလွန်ခက်ခဲလှသည်။ အကျင့်စာရိတ္တပျက်စီးခြင်းနှင့်စပ်လျဉ်း၍ ကက်ပတိန် ဘာစီဟော ဆိုသူရေးသားသည့် ခရီးသွားမှတ်တမ်းစာအုပ်တွင် အောက်ဖော်ပြပါ အချက်(၃)ချက်ကို ရေးသားခဲ့ကြောင်း ဆရာကြီးသခင်၏ ဆောင်းပါးတစ်ပုဒ်တွင် ဖတ်ရှုရပါသည်။ ယင်းအချက်များမှာ-

(၁) စီးပွားဥစ္စာပျက်စီးခြင်းသည် ဆိုးရွားပါသည်။ သို့သော် ပြန်လည်ရှာဖွေ၍ ရနိုင်၏။

(၂) ကျန်းမာရေးဆုံးရှုံးခြင်းသည် အတန်အသင့် ဆုံးရှုံးခြင်းဖြစ်သည်။ သို့ရာတွင် ပြန်လည်ကုစား၍ ရနိုင်၏။

> “ စည်းကမ်းကို လိုက်နာခြင်း၊ တရားဥပဒေကို ရိုသေလေးစားခြင်းသည် အကျင့်စာရိတ္တကောင်းမွန်ရေးကို ဖြစ်ပေါ်စေပါသည်။ လူတိုင်းကိုယ်ကျင့်သီလပြည့်စုံရေး၊ ကိုယ်ကျင့်တရားစောင့်ထိန်းရေး(ဝါ) အကျင့်စာရိတ္တမြင့်မားရေးကို အမြဲနှလုံးသွင်းဆင်ခြင်ကြရမည်ဖြစ် ”

(၃) အကျင့်စာရိတ္တပျက်စီးဆုံးရှုံးလျှင်ကား အဆိုးဆုံးဖြစ်၏။ အဖတ်ဆယ်၍မရနိုင်ပါ။ ပြုပြင်ရန် အလွန်ခက်ပါသည်။

စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်မှုမရှိခြင်း(ဝါ) ကိုယ်ကျင့်တရား ပျက်ပြားခြင်းကြောင့် ကမ္ဘာ့တိုင်းပြည်ကြီးများ အသီးသီး ပျက်စီးခဲ့ရခြင်းများကို ကမ္ဘာ့သမိုင်းဖြစ်ရပ်များကို လေ့လာကြည့်လျှင် အထင်အရှားတွေ့ရမည်ဖြစ်သည်။ ကာယစွမ်းအား၊ ဉာဏစွမ်းအားဘက်စုံပြည့်ဝကျော်ကြားခဲ့သော ခေါမအင်ပါယာကြီးများ၊ ရှေးခေတ်ပြင်သစ်အင်ပါယာကြီးများနှင့် တရုတ်အင်ပါယာကြီးများတွင် ကာယဗလလူစွမ်းကောင်းကြီးများနှင့် ပြည့်စုံခဲ့သော်လည်း စာရိတ္တဗလ ချို့ယွင်းပျက်ပြားလာသောအခါ နောက်ဆုံးအချိန်တွင် လျော့ကျပြိုကွဲပျက်စီးခဲ့ရကြောင်း သမိုင်းတွင် ထင်ရှားစွာတွေ့ရပေသည်။

ကျွန်ုပ်တို့နိုင်ငံတွင်လည်း လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးအစိုးရများလက်ထက်၌ ထင်းရှူးသေတ္တာ ခြစားခြင်းဟူသော စကားတစ်လုံးသည် အလွန်ခေတ်စားခဲ့ကြောင်း လူကြီးတိုင်းသိပြီးဖြစ်သည်။ ပြည်သူများကိုယ်တိုင် ဦးစီးသော ပြည်သူပိုင်ခေတ်၊ ပြည်သူ့ဆိုင်၊ သမဝါယမဆိုင်လုပ်ငန်းများတွင် ဝိသမလောဘသမားများ၏ သုံး၊ ဖြုန်း၊ ဘုန်း၊ ခိုးဝှက်မှုများကား လူအများသိရှိပြီးဖြစ်၍ အထူးဖော်ပြရန် မလိုပေ။

စည်းကမ်းကို လိုက်နာခြင်း၊ တရားဥပဒေကို ရိုသေလေးစားခြင်းသည် အကျင့်စာရိတ္တကောင်းမွန်ရေးကို ဖြစ်ပေါ်စေပါသည်။ လူတိုင်း ကိုယ်ကျင့်သီလပြည့်စုံရေး၊ ကိုယ်ကျင့်တရားစောင့်ထိန်းရေး(ဝါ) အကျင့်စာရိတ္တမြင့်မားရေးကို အမြဲနှလုံးသွင်းဆင်ခြင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ကာယ၊ ဉာဏလုပ်သားများသည်လည်းကောင်း၊ အရာထမ်း အမှုထမ်းများသည်လည်းကောင်း၊ ကုန်သည်၊ ပွဲစား၊ ကန်ထရိုက်များသည်လည်းကောင်း၊အနုပညာရှင်များ၊ စာပေပညာရှင်များ၊ ဆရာဝန်ရှေ့နေများသည်လည်းကောင်း၊ ထိုစည်းကမ်း၊ ထိုဥပဒေများ၊ ထိုကိုယ်ကျင့်တရားများကို သာမန်အားဖြင့် ကျေပွန်စွာလိုက်နာစောင့်ထိန်းကြရမည်ဖြစ်သည်။

ဤတွင် လူတစ်ဦးချင်းစီ၏ ဘ၀ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ထူထောင်ရေးတို့တွင် နိုင်ငံသားတိုင်း လိုက်နာစောင့်ထိန်းသင့်သော ကိုယ်ကျင့်တရားစောင့်ထိန်းမှု၊စည်းကမ်းရှိ ရိုသေမှု၊စိတ်ဓာတ်ဖြူစင်ရိုးသားမှု၊ သစ္စာရှိမှု၊ တာဝန်သိမှုစသော အကြောင်းတရားများသည် အထူးအရေးပါလှကြောင်း သိသာနိုင်ပါသည်။

ကျွန်ုပ်တို့နိုင်ငံတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်လျက်ရှိရာတွင် နိုင်ငံတော်မှ ဦးတည်ချက်များချမှတ်ထားရာတွင် “တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး” ဟူသော ဦးတည်ချက်လည်း ပါဝင်၏။ ထိုဦးတည်ချက်မှာ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ပဓာနကျသော အချက်ဖြစ်၏။ တစ်မျိုးသားလုံးကျန်းမာသန်စွမ်းပြီး စိတ်ဓာတ်ကြံ့ခိုင်၊ရိုးသားမှုနှင့် အကျင့်စာရိတ္တမြင့်မားမှုရှိမှသာ နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများထိရောက်အောင်မြင်လာမည် ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် နိုးကြားကြိုးစား၍ စိတ်ဓာတ်ရိုးသားပြီး စည်းကမ်းဥပဒေကို လေးစားလိုက်နာသော၊ သစ္စာရှိသော၊ တာဝန်သိသော၊ ကိုယ်ကျင့်တရားကောင်းမွန်၍ စာရိတ္တမြင့်မားသော နိုင်ငံသားကောင်းများ ဖြစ်လာအောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

စစ်ကိုင်းတိုင်းဒေသကြီး ဒီဇင်ဘာလ ဒုတိယပတ် လူထုစုပေါင်းလမ်းလျှောက်

မုံရွာ ဒီဇင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာအားကစားလ(ဒုတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို မုံရွာမြို့ ဗိုလ်ချုပ်ကြေးရုပ်ရှေ့တွင် ဒီဇင်ဘာ ၁၄ ရက်နံနက် ၅ နာရီက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေပြည်သူများက ဗိုလ်ချုပ်ကြေးရုပ်မှ ကျောက္ကာလမ်းအတိုင်း ရန်ကင်းကျောင်းတိုက်အထိ၊ ၎င်းမှတစ်ဆင့် ပြည်ထောင်စုလမ်း၊ ဘူတာလမ်းဆုံမှတစ်ဆင့် ဘူတာလမ်းအတိုင်း၊ဗိုလ်ချုပ်ကြေးရုပ်မှတစ်ဆင့် တိုင်းဒေသကြီးအားကစားကွင်းသို့ ဝင်ရောက်ပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး အတွဲ(၁)(၂)ကို စုပေါင်းလေ့ကျင့်ခဲ့ကြောင်း သိရသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နံနက် ၉ နာရီတွင် ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာတွင် ကျင်းပသော နေကြာမျိုးစေ့ထုတ်လုပ်ခြင်း ကွင်းပြပွဲအခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးသိန်းဝင်းက နေကြာမျိုးစေ့ထုတ်လုပ်ခြင်းကွင်းပြပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေဆင်း(၁)စပ်မျိုး နေကြာမျိုးစေ့များအား တောင်သူများထံ ပေးအပ်ပြီး အာမို (Diamond Star Co., Ltd.)တာဝန်ခံက စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံ ဆီထွက်သီးနှံအထူးရွက်ဖျန်းမြေသြဇာ အထုပ် ၆၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြခန်းတွင် ပြသထားသော လယ်ယာသုံးစက်ကိရိယာများနှင့် မျိုးစေ့များ၊ အောင်မြင်ဖြစ်ထွန်းနေသော နေကြာမျိုးစေ့ထုတ်စိုက်ကွက်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရေဘုတလင်မြစ်ရေတင်မြောင်းမကြီးမှ အနိမ့်ရေတင် (ယာ)မြစ်ရေတင်စက်ရုံ ရေပေးဝေနေမှုနှင့် အောင်မြင်ဖြစ်ထွန်းနေသော နေကြာခင်းများ၊ ကုလားပဲခင်းများ၊ ဂျုံခင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခိုချောင်းကျေးရွာ ခိုချောင်းကျောင်းတိုက်ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများဆက်ကပ်ကာ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ ကျေးရွာအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဂျာနယ်၊ စာစောင်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တွင်းတောင်စခန်းသို့ ရောက်ရှိကြရာ တွင်းတောင်စခန်းတာဝန်ခံ ဒေါက်တာတိုးအောင်က တွင်းတောင်စိမ်းပြာရေညှိစိမ်းကန်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တွင်းတောင်စိမ်းပြာရေညှိစိမ်းကန်ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးနှင့် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ တွင်းတောင်ကျေးရွာ ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ကျေးရွာ၏လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ကျေးရွာအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဂျာနယ်၊ စာစောင်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘုတလင်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ အထောက်အကူပြုကော်မတီဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ကော်မတီဝင်များက မြို့နယ်၏ လိုအပ်ချက်များကို တင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက မုံရွာမြို့ မြို့တော်ခန်းမတွင် ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး ဇေယျာပဒေသာဖောင်ဒေးရှင်း ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကျင်းပရာ ဇေယျာပဒေသာဖောင်ဒေးရှင်းနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး ဇေယျာပဒေသာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာမောင်ထူးက ဖောင်ဒေးရှင်း၏ လုပ်ငန်းစဉ်များ၊ ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း ဖောင်ဒေးရှင်းမှ ကဏ္ဍအသီးသီးသို့ ထောက်ပံ့ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

(တိုင်းဒေသကြီးပြန်/ဆက်)

ကြည်ကြည်နူးနူး

မဟာဗန္ဓုလပန်းခြံ အတွင်း၌ နိုင်ငံခြားသားဧည့်သည် နှစ်ဦး အေးအေးလူလူ ကြည်ကြည်နူးနူး အနားယူနေသည်ကို ဒီဇင်ဘာ ၁၇ ရက် ညနေပိုင်းက တွေ့ရစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

○ ကျောဖုံးမှ

ထိုသို့ နိုင်ငံတစ်ခုမှ တစ်ခုသို့ရွှေ့ပြောင်းသွားလာ အလုပ်လုပ်နေကြသည့် လူနေမှုပုံစံသစ်သည် ကြီးထွားလာနေပြီး အလုပ်သမားစေလွှတ်သည့် နိုင်ငံအတွက်ရော၊ လက်ခံသည့်နိုင်ငံအတွက်ပါ ထိုနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးသက်ရောက်မှုရှိနေပါကြောင်း။

မြန်မာနိုင်ငံသည် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့ဖြစ်သည့် International Organization for Migration (IOM) အဖွဲ့သို့ ၁၄၇ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယနေ့ အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်သည် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကို တတ်နိုင်သည့်ဘက်မှ ကာကွယ်စောင့်ရှောက်ပေးနေသော နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို ပြည်တွင်းပြည်ပရှိ ရွှေ့ပြောင်းအလုပ်သမားများနှင့်နိုင်ငံတကာမှ သိရှိစေရန်ဖြစ်ပါကြောင်း။

ထို့ပြင် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရန်၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကောင်းမွန်သော အကျိုးသက်ရောက်မှုများကို မြှင့်တင်ပေးရန်၊ မြန်မာနိုင်ငံနှင့်ဒေသအတွင်းရှိ ရွှေ့ပြောင်းသွားလာအလုပ်လုပ်နေသူများအား အသိပညာပေးမှုနှင့် ကူညီစောင့်ရှောက်ပေးမှုကို မြှင့်တင်ပေးရန်၊ ရွှေ့ပြောင်းသွားလာလုပ်ကိုင်သူများနှင့် မိသားစုများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးရန်ရည်ရွယ်ချက်များလည်း ပါရှိကြောင်းကို သိရှိနိုင်ရန်ဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးအခြေအနေပြောင်းလဲမှုနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဆင်းရဲနွမ်းပါးမှုစသည့် အမျိုးမျိုးသောအခြေအနေမတူညီမှုများကြောင့် ယနေ့ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ ရှိသည့်အနက် ရွှေ့ပြောင်းအလုပ်သမားအရေအတွက်သည် ၂၁၄ သန်းခန့်ရှိသည်ဟု ကုလသမဂ္ဂအဖွဲ့ကြီးက ခန့်မှန်းထားပြီး လာမည့် ၂၀၅၀ ပြည့်နှစ်တွင် သန်း ၄၀၀ ကျော်ဖြစ်လာလိမ့်မည်ဟု ခန့်မှန်းထားပါကြောင်း။

မြန်မာအလုပ်သမားများအနေဖြင့် ပြည်ပအလုပ်အကိုင်များမှ ရရှိလာသည့်ဝင်ငွေကို မိသားစုများထံ တရားဝင် ငွေလွှဲပို့ပေးနိုင်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေခြင်းဖြစ်ပါကြောင်း၊ မိမိတို့သွားရောက်အလုပ်လုပ်ကြသည့်နိုင်ငံနှင့် လုပ်ငန်းအမျိုးအစားအလိုက် ရရှိလာမည့် အတွေ့အကြုံ၊ အသိပညာ၊ အတတ်ပညာများကိုလည်း ပြည်တွင်း၌ စနစ်တကျပြန်လည် အသုံးချနိုင်ခြင်း၊ အလုပ်သမားများ ကျွမ်းကျင်မှုကို မြှင့်တင်သင်ကြားလေ့ကျင့်ပေးနိုင်ခြင်း၊ ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းကြောင့် ဆင်းရဲမှုလျော့ကျစေခြင်းနှင့် လူမှုစီးပွားဘဝမြင့်မားလာစေခြင်း အကျိုးတရားများကို ရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

တစ်နည်းအားဖြင့် ရွှေ့ပြောင်းအလုပ်သမားများသည် နိုင်ငံတစ်နိုင်ငံ၏ လုပ်အားသယံဇာတ တစ်မျိုးဖြစ်သကဲ့သို့ မူရင်းနိုင်ငံနှင့် လက်ခံသည့်နိုင်ငံတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြသည့်သူများဖြစ်လာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ဘေးအန္တရာယ်ကင်းပြီး ဥပဒေနှင့်အညီ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်နိုင်သည့် လမ်းကြောင်းများဖြစ်ပေါ်လာစေရေး၊ ခေါင်းပုံဖြတ်ခံရမှုမှ ကာကွယ်တားဆီးရေး၊ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိစေရေးတို့ကို သက်ဆိုင်ရာနိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိပါကြောင်း။

ထို့အတူ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ရေးဆိုင်ရာ အာဆီယံကြေညာစာတမ်းဖြစ်သည့် ASEAN Declaration on the Protection and Promotion of the Rights of Migrant Workers တွင်ပါရှိသည့် မူဝါဒများနှင့် အဆိုပြုချက်များကို အကောင်အထည်ဖော်နိုင်ရန် လိုအပ်ပါကြောင်း။

ရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်သည့် နိုင်ငံတကာစံနှုန်း၊ အာဆီယံပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်နေကြသည့် မြန်မာအလုပ်သမားများ အပါအဝင် ရွှေ့ပြောင်းအလုပ်သမားများကို ကာကွယ်စောင့်ရှောက်မှုများပေးနိုင်ရေးအတွက် ဒေသတွင်းရှိ နိုင်ငံများ၊ နိုင်ငံတကာအစိုးရများ၊ လူမှုရေးအသင်းအဖွဲ့များ၊ UN၊ INGO နှင့် NGO အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်၍ အစိုးရအနေဖြင့် ဆောင်ရွက်နေမှု၊ ဝန်ကြီးဌာနများနှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မှ ပေးပို့သော သဝဏ်လွှာကို မြန်မာနိုင်ငံရှိ International Organization for Migration(IOM) အကြီးအကဲ Mr. Kieran William Gorman-Best က ဖတ်ကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဧည့်သည်တော်များသည် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများက ပြသထားသည့် ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ လှုပ်ရှားမှုဓာတ်ပုံများနှင့် Diamond Place Services Co,.Ltd. မှပြသထားသည့် လုံခြုံရေးနှင့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် Biometric နည်းပညာသုံး အဆင့်မြင့်စက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

(၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊

☆ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ အိန္ဒိယတပ်မတော်လေထီးတပ်မသို့ သွားရောက်လေ့လာ

နေပြည်တော် ဒီဇင်ဘာ ၁၈

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ရောက်ရှိနေသော ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက် ဒေသစံတော်ချိန် ၉ နာရီခွဲတွင် နယူးဒေလီမြို့ရှိ Palam Tech Area လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး Agra အာဂရာသို့ ရောက်ရှိရာ အမှတ်(၅၀)လေထီးတပ်မမှူး Brig Jagjeet Singh Nanda, SM နှင့်ဇနီးတို့က ခရီးဦးကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး လေထီးတပ်မ Para Bde သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ Brig Jagjeet Singh Nanda, SM က လေထီးတပ်မ လေ့ကျင့်ရေး ဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် လေထီးတပ်မအတွင်း စစ်သည်များ၏ သရုပ်ပြမှုများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် Agra Fort နှင့် Taj Mahal သို့ သွားရောက်၍ ရှေးဟောင်း အနုပညာလက်ရာများနှင့် ပြုပြင်ထိန်းသိမ်းမှုတို့အား ကြည့်ရှုလေ့လာကြပြီး Agra လေဆိပ်မှ လေကြောင်းခရီးဖြင့် ဒေသစံတော်ချိန် ညနေပိုင်းတွင် ထွက်ခွာခဲ့ရာ Jaipur မြို့သို့ ၅ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား အနောက်တောင်တိုင်းစစ်ဌာနချုပ် အရာရှိရိပ်သာ၌ တိုင်းမှူး Lt Gen Gyan Bhushan, PVSM, UYSM, AVSM, VSM, ADC က ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ Taj Mahal **ရှေ့တွင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

❖ တိရစ္ဆာန်ဥယျာဉ်မှ

သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို အနည်းဆုံး ဖြစ်စေသည့်အတွက် ယနေ့တိုင် အသုံးပြုလျက်ရှိပါသည်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)တွင် ဆင်ထီးမောင်မောင်လွင်နှင့် အသက်(၁၃)နှစ်အရွယ်ရှိ ဆင်မငယ် မေကဆုန်တို့မှ ဒီဇင်ဘာ ၁၆ ရက် ည ၁၁ နာရီခွဲတွင် ယင်းဥယျာဉ်ဆင်ပြကွက်အတွင်း၌ ဆင်ထီးငယ်တစ်ကောင်ကို မွေးဖွားခဲ့သည်။ ဆင်ထီးငယ်မှာမွေးဖွားပြီး တစ်နာရီအကြာတွင် မိခင်နို့စတင်စို့နေပြီး ဝမ်း/ဆီးသွားခြင်း၊ လှည့်ပတ်လမ်းလျှောက်နေခြင်းကြောင့် ကျန်းမာသန်စွမ်းလျက်ရှိပြီး သက်ဆိုင်ရာဆင်ထိန်း၊ ဆင်ဦးစီးများနှင့် ဥယျာဉ်ဝန်ထမ်းများက အနီးကပ်စောင့်ရှောက်ပေးလျက်ရှိသည်။ ဆင်ထီးငယ်၏ ကိုယ်ရေးအချက်အလက် (Bio data)များမှာ အရပ်အမြင့် နှစ်ပေကိုးလက်မ၊ လုံးပတ် လေးပေ နှစ်လက်မ၊ အမြီးတစ်ပေ လေးလက်မ၊ မျက်လုံးမှာဘုတ်၊ နားရွက်မှာ နားလတ်၊ ကျောမှာ ငှက်ပျောကိုင်း၊ ခြေသည်းမှာ ရှေ့ ၅/၅၊ နောက် ၄/၄ နှင့် အသားအရေမှာ ဩဇာခွံအရောင်ဖြစ်သည်။

ဆင်မငယ်မေကဆုန်သည် လှော်ကားဥယျာဉ်ရှိ မိခင်ဆင်မမခိုင်နှင့် ဖခင်ဆင်ထီး ဂံအောင်တို့မှမွေးဖွားခဲ့ပြီး ၁၂-၂-၂၀၀၈ ရက်နေ့တွင် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)သို့ ရောက်ရှိ အရွယ်ရောက်ခဲ့ခြင်း ဖြစ်သည်။ ဆင်မငယ်သည် ယခင်ကမွေးဖွားခဲ့သော ကလေးငယ်မှာသေဆုံးခဲ့ပြီး ယခုတစ်ကြိမ်ထပ်မံ၍အောင်မြင်စွာ မွေးဖွားခဲ့ခြင်းဖြစ်သည်။ ယခင်က တိရစ္ဆာန်ဥယျာဉ် (နေပြည် တော်)တွင် ဆင်ကောင်ရေ ၁၁ ကောင်ရှိခဲ့ပြီး ယခုမေကဆုန်မှ ဆင်ထီးတစ်ကောင် မွေးဖွားခဲ့ခြင်းကြောင့် စုစုပေါင်း ဆင်ကောင်ရေ ၁၂ ကောင်ကို ထိန်းသိမ်းစောင့်ရှောက်မွေးမြူပြသထားပါသည်။ **(သစ်တောဦးစီး)**

အနိမ့်ဆုံးအပူချိန်စံချိန်သစ်

နေပြည်တော် ဒီဇင်ဘာ ၁၈

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် အနိမ့်ဆုံးအပူချိန်စံချိန်သစ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

စဉ်	စခန်းအမည်	အနိမ့်ဆုံးအပူချိန် စံချိန်သစ်		အနိမ့်ဆုံးအပူချိန် စံချိန်ဟောင်း		ယခင် စံချိန်ကျိုးခဲ့သည့်နှစ်	စခန်းဖွင့်သည့် နှစ်မှစ၍လွန်ခဲ့ သောနှစ်ပေါင်း
		ဒီဂရီ စင်တီဂရိတ်	ဒီဂရီ ဖာရင်ဟိုက်	ဒီဂရီ စင်တီဂရိတ်	ဒီဂရီ ဖာရင်ဟိုက်		
၁။	မော်လိုက်	၇. ၅	၄၆	၈. ၅	၄၇	၃၀. ၁၂. ၁၉၉၉	၄၉
၂။	ချောက်	၈. ၅	၄၇	၈. ၆	၄၈	၂၇. ၁၂. ၁၉၉၉	၂၉
၃။	သာယာဝတီ	၆. ၅	၄၄	၈. ၁	၄၇	၂၃. ၁၂. ၂၀၀၆	၆၁

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ရိုးရာလှေလှော်ပြိုင်ပွဲကြည့်ရှုအားပေး



နေပြည်တော် ဒီဇင်ဘာ ၁၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ငလိုက်ဆည်၌ကျင်းပသည့် ရိုးရာလှေလှော်အားကစားပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ပြိုင်ပွဲတွင် ရိုးရာလှေအမျိုးသား ၁၀ တက်လှော်မီတာ ၁၀၀၀ ပြိုင်ပွဲ၌ အင်ဒိုနီးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်းတို့ပါဝင်ယှဉ်ပြိုင်ရာ ပထမဆုကို မြန်မာ၊ ဒုတိယဆုကို အင်ဒိုနီးရှား၊ တတိယဆုကို ထိုင်းတို့က လည်းကောင်း၊ အမျိုးသမီးပွဲစဉ် ၁၀ တက်လှော်မီတာ ၁၀၀၀ ပြိုင်ပွဲတွင် စင်ကာပူ၊ မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှားအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြရာ ပထမဆုကို မြန်မာ၊ ဒုတိယဆုကို ထိုင်း၊ တတိယဆုကို အင်ဒိုနီးရှားတို့က လည်းကောင်း၊ အမျိုးသားပွဲစဉ် ၂၀ တက်လှော်မီတာ ၁၀၀၀ ပြိုင်ပွဲတွင် မြန်မာ၊ အင်ဒိုနီးရှား၊ ထိုင်းအသင်းတို့ပါဝင်ယှဉ်ပြိုင်ကစားကြရာ ပထမဆုကို မြန်မာ၊ ဒုတိယဆုကို ထိုင်း၊ တတိယဆုကို အင်ဒိုနီးရှား တို့ကလည်းကောင်း၊ အမျိုးသမီးပွဲစဉ် ၂၀ တက်လှော်မီတာ ၁၀၀၀ ပြိုင်ပွဲတွင် မြန်မာ၊ အင်ဒိုနီးရှား၊ ထိုင်းအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြရာ ပထမဆုကို မြန်မာ၊ ဒုတိယဆုကို ထိုင်း၊ တတိယဆုကို အင်ဒိုနီးရှားတို့က လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး ၁၀ တက်လှော်မီတာ ၁၀၀၀ ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှားအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြရာ ပထမဆုကို မြန်မာ၊ ဒုတိယဆုကို ထိုင်း၊ တတိယဆုကို အင်ဒိုနီးရှားတို့ကလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး ၂၀ တက်လှော်မီတာ ၁၀၀၀ ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပထမဆုကို မြန်မာ၊ ဒုတိယဆုကို ထိုင်း၊ တတိယဆုကို အင်ဒိုနီးရှားတို့ကလည်းကောင်း ဆွတ်ခူး ရရှိခဲ့ကြသည်။

ပြိုင်ပွဲအပြီးတွင် အောင်ပွဲရ မြန်မာလှေလှော်ကစားသမားများအား ဒုတိယသမ္မတက အားပေးနှုတ်ဆက်သည်။ ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကျင်းပရာ အမျိုးသား ၁၀ တက်လှော်မီတာ ၁၀၀၀ ပြိုင်ပွဲတွင် ဆုရရှိသူများအား ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က ဆုများချီးမြှင့်ခဲ့ကြသည်။ ယင်းနောက် အမျိုးသမီး ၁၀ တက်လှော်မီတာ ၁၀၀၀ ပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က လည်းကောင်း၊ အမျိုးသား ၂၀ တက်လှော်မီတာ ၁၀၀၀ ပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းထွန်းတို့က လည်းကောင်း၊ အမျိုးသမီး ၂၀ တက်လှော်မီတာ ၁၀၀၀ ပြိုင်ပွဲတွင် ဆုရရှိသူများအား ACC ရိုးရာလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အာရှကနူး/ကယက်လှေလှော်အဖွဲ့ချုပ်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းဦးတို့က လည်းကောင်း၊ အမျိုးသားအမျိုးသမီး ၁၀ တက်လှော်မီတာ ၁၀၀၀ ပြိုင်ပွဲတွင် ဆုရရှိသူများအား မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် အမျိုးသားအားကစားကော်မတီ အထွေထွေအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်တို့က လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး ၂၀ တက်လှော်မီတာ ၁၀၀၀ ပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဆန်းနှင့် ဒုတိယဝန်ကြီး ဦးဇော်ဝင်းတို့ကလည်းကောင်း ဆုများကို ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသိပေးကြေညာချက်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကျင်းပမည့် ၂၂-၁၂-၂၀၁၃ ရက်နေ့ မွန်းတည့် ၁၂ နာရီမှ အခမ်းအနားပြီးဆုံးချိန်အထိ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်းဧရိယာသို့ ဝင်ရောက်နိုင်သည့် အောက်ပါနေရာလမ်းဆုံ(၈)ခုတွင် ခေတ္တလမ်းပိတ်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(၁) ပျဉ်းမနား-တောင်ညိုလမ်းနှင့် ဉာဏအောင်မြေလမ်းဆုံ (စိုးစံလမ်းထိပ်)
(၂) မြရည်နန္ဒာလမ်းနှင့် မဏိစန္ဒာလမ်းဆုံ (ဆွာလမ်းဆုံအနီး)
(၃) ဇေယျာအောင်မြေလမ်းနှင့် မဏိစန္ဒာလမ်းဆုံ (အထက-၁၁ ထိပ်)
(၄) မဏိစန္ဒာလမ်းနှင့် ဂိတ်(၅)ထိပ်လမ်းဆုံ (ဂိတ် ၅ ထိပ်)
(၅) ဇေယျာအောင်မြေလမ်းနှင့် မဏိစန္ဒာလမ်းဆုံ (အားကစားရွာထိပ်)
(၆) ပျဉ်းမနား-တောင်ညိုလမ်းနှင့် V4 လမ်းဆုံ (နေပြည်တော်မြို့ပတ်လမ်းဆုံ)
(၇) ဇေယျာအောင်မြေလမ်းနှင့် နန်ချွန်ကျေးရွာဘုန်းကြီးကျောင်းလမ်းဆုံ
(၈) မဟာဇေယျာလမ်းနှင့် ဇေယျဗလလမ်းဆုံ (ခရေအိမ်ရာထိပ်) တို့ဖြစ်ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့

မွေလက်ဝှေ့ပြိုင်ပွဲများ ဆက်လက်ကျင်းပ၊ မြန်မာနှစ်ပွဲနိုင်

သတင်း - ဇော်မင်းအောင် ❖ ဓာတ်ပုံ -ခင်မောင်ဝင်း

နေပြည်တော် ဒီဇင်ဘာ ၁၈

မွေလက်ဝှေ့ပြိုင်ပွဲများကို ယနေ့ ဒုတိယနေ့အဖြစ် နေပြည်တော် လက်ဝှေ့ အားကစားခန်းမ၌ ဆက်လက် ယှဉ်ပြိုင်ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် မွေလက်ဝှေ့အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်တို့ ကြည့်ရှုအားပေးခဲ့ကြသည်။ **(ယာပုံ)**

(၄၈)ကီလိုတန်းအမျိုးသားပွဲစဉ်တွင် ထိုင်းက မြန်မာကို လည်းကောင်း၊ လာအိုက မလေးရှားကို လည်းကောင်း၊ အမျိုးသမီးပွဲစဉ်တွင် ဗီယက်နမ်က လာအိုကို လည်းကောင်း အသီးသီးအနိုင်ရရှိသွားခဲ့သည်။

(၅၁)ကီလိုတန်း အမျိုးသားပွဲစဉ်တွင် မလေးရှားက လာအိုကို လည်းကောင်း၊ ဗီယက်နမ်က ထိုင်းကို လည်းကောင်း၊ အမျိုးသမီးပွဲစဉ်တွင် ဗီယက်နမ်က လာအိုကို လည်းကောင်း၊ မြန်မာက ထိုင်းကို လည်းကောင်း အသီးသီးအနိုင်ရရှိသွားခဲ့ကြသည်။

ဆက်လက်၍ (၅၄)ကီလိုတန်း အမျိုးသားပွဲစဉ်တွင် မြန်မာက လာအိုကိုလည်းကောင်း၊ (၅၄)ကီလိုတန်း အမျိုးသမီးပွဲစဉ်တွင် လာအိုက ထိုင်းကိုလည်းကောင်း၊ (၅၇)ကီလိုတန်း အမျိုးသားပွဲစဉ်တွင် ဗီယက်နမ်က အင်ဒိုနီးရှားကို လည်းကောင်း၊ ထိုင်းက မလေးရှားကို လည်းကောင်း အသီးသီး အနိုင်ရရှိသွားခဲ့ကြသည်။

ယနေ့ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် မွေလက်ဝှေ့ပွဲများကို အားကစားဝါသနာရှင် ပရိသတ်များ တစ်ခဲနက် လာရောက်အားပေးခဲ့ကြသည်။

ဂျူဒိုအပြပွဲစဉ်တွင် ကြေးတံဆိပ်အသီးသီးရရှိခဲ့သော မြန်မာအမျိုးသား အမျိုးသမီးဂျူဒိုအသင်း

နေပြည်တော် ဒီဇင်ဘာ ၁၈

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး၏ ဂျူဒိုပွဲစဉ်များတွင် အဖွင့်ပွဲစဉ်များဖြစ်သော အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲ အပြပွဲစဉ်များကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ဇေယျာသီရိအားကစားရုံ (C)၌ ကျင်းပခဲ့သည်။

အမျိုးသားနှစ်ယောက်တွဲ အပြပွဲစဉ် (Nage no Kata) တွင် အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တတိယကြေးတံဆိပ်ဆုကို အိမ်ရှင်မြန်မာအသင်း**(ယာပုံ)**က ၄၂၁ မှတ်ဖြင့် ရရှိပြီး ဒုတိယငွေတံဆိပ်ဆုကို ဗီယက်နမ်အသင်းက ၄၂၃ မှတ်ဖြင့် ရရှိကာ ပထမရွှေတံဆိပ်ကို ထိုင်းအသင်းက ၄၃၀ မှတ်ဖြင့် ရရှိခဲ့သည်။

အမျိုးသမီးနှစ်ယောက်တွဲအပြပွဲစဉ်(Ju no Kata) တွင် လာအို၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ ထိုင်းနှင့် မြန်မာတို့ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ကြေးတံဆိပ်ကို မြန်မာအသင်းက ၄၁၈ မှတ်ဖြင့် လည်းကောင်း၊ ငွေတံဆိပ်ဆုကို ဗီယက်နမ်အသင်းက ၄၃၃ မှတ်ဖြင့် လည်းကောင်း၊ ရွှေတံဆိပ်ဆုကို ထိုင်းအသင်းက ၄၄၂ မှတ်ဖြင့် လည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

(သုံးရာသီ)

ဆီးဂိမ်းပြိုင်ပွဲဝင် ကမ်ပိုအားကစားသမားများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နေသော ကမ်ပိုအားကစားသမားများ စိတ်ဓာတ်မြှင့်တင်ရေးနှင့် အောင်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကကြီးများနှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဒီဇင်ဘာ ၁၇ ရက်က ကမ်ပိုအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါ်ခင်ဝင်းမြင့်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်အယ်လ်ခွန်းရီနှင့် အမှုဆောင်များ တက်ရောက်အားပေးချီးမြှင့်ကြသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါ်ခင်ဝင်းမြင့်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းတို့က ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုက်ကွမ်ဒိုပြိုင်ပွဲများ စတင်ယှဉ်ပြိုင် မြန်မာရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် တစ်ခု ဆွတ်ခူး

သတင်း - ရာမည ❖ ဓာတ်ပုံ - အေဝမ်းစိုး

နေပြည်တော် ဒီဇင်ဘာ ၁၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ တိုက်ကွမ်ဒိုပြိုင်ပွဲစတင်ယှဉ်ပြိုင်မှုကို ယနေ့နံနက်ပိုင်းက နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ကျင်းပရာ **(ယာပုံ)** မြန်မာတိုက်ကွမ်ဒိုကစားသမားများက ရွှေနှစ်ခု၊ ငွေတစ်ခု ရယူဆွတ်ခူး၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည်။

တစ်ဦးချင်းကကွက်ပြိုင်ပွဲတွင် မြန်မာတိုက်ကွမ်ဒိုအားကစားသမား သော်ဇင်ဟန်က ရွှေတံဆိပ်ကို လည်းကောင်း၊ ဖိလစ်ပိုင်ကစားသမား Vidal Marvin Gabriel က ငွေတံဆိပ်ဆုကိုလည်းကောင်း၊ ဗီယက်နမ်မှ Anh Minh Le နှင့် မလေးရှားမှ Jin Kun Yong တို့က ကြေးတံဆိပ် တစ်ခုစီတို့ကိုလည်းကောင်း ရယူဆွတ်ခူးနိုင်ခဲ့သည်။

ထို့အတူ တစ်ဦးချင်းကကွက်ပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာမှ ယမင်းကေခိုင်က ရွှေတံဆိပ်ဆုကို လည်းကောင်း၊ စင်ကာပူမှ Chelsea Ann Sim Shu Zhen က ငွေတံဆိပ်ဆုကို လည်းကောင်း၊ ကမ္ဘောဒီးယားမှ Lyna Chhoeung က ကြေးတံဆိပ်ဆုကို လည်းကောင်း ရယူနိုင်ခဲ့ကြသည်။

ဆက်လက်၍ အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲ ကကွက်ပြိုင်ပွဲတွင် ဗီယက်နမ်မှ Dinh Toan Nguyen နှင့် Minh Tu Nguyen တို့ အတွဲက ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ ထိုင်းမှ Sattawath Chomchuen နှင့် Tasana Manso တို့အတွဲက ငွေတံဆိပ်ဆုကိုလည်းကောင်း၊ အင်ဒိုနီးရှားမှ Defia Rosmaniar နှင့် Muhammad Abdurrahman Wahyu တို့အတွဲက ကြေးတံဆိပ်ဆုကို လည်းကောင်း၊ လာအိုမှ Bounheng Panyasit နှင့် Philavanh Latthachak တို့အတွဲက ကြေးတံဆိပ်ဆုတို့ကို လည်းကောင်း ဆွတ်ခူးနိုင်ခဲ့ကြသည်။

အမျိုးသား အသင်းလိုက်ကကွက်ပြိုင်ပွဲတွင် ဖိလစ်ပိုင်မှ Dustin Jacob Mella၊ Raphael Enrico Mella နှင့် Vidal Marvin Gabriel တို့က ရွှေတံဆိပ်၊ အင်ဒိုနီးရှားမှ Maulana Haidir၊ Muhamad Fazza Fitracahyanto နှင့် Muhammad Abdurrahman Wahyu တို့က ငွေတံဆိပ်၊ ထိုင်းမှ Chaiyasit Kwanboon၊ Pongporn Suvittayarak နှင့် Poonpattara Bunlop တို့က ကြေးတံဆိပ်၊ မလေးရှားမှ Hong Kai Choo၊ Jin Kun Yong နှင့် Jun Ee Kok တို့က ကြေးတံဆိပ် စသည်ဖြင့် အသီးသီး ဆွတ်ခူးရရှိခဲ့ကြသည်။

အမျိုးသမီးအသင်းလိုက် ကကွက်ပြိုင်ပွဲတွင် ဗီယက်နမ်မှ Thi Le Kim Nguyen၊ Thi Thu Ngan Nguyen နှင့် Tuyet Van Chau တို့က ရွှေတံဆိပ်၊ ထိုင်းမှ Katesara Kiatatchawachai၊ Pichchapha Tanakit Charoenpat နှင့် Salisa Amnuaychai တို့က ငွေတံဆိပ်နှင့် အင်ဒိုနီးရှားမှ Defia Rosmaniar၊ Kevita Deliza Rizkia နှင့် Mutiara Habiba တို့က ကြေးတံဆိပ် စသည်ဖြင့် ဆွတ်ခူးနိုင်ခဲ့ကြသည်။

အမျိုးသား (၆၈-၇၄ ကီလိုတန်း)အတိုက်ပြိုင်ပွဲတွင် ထိုင်းမှ Peerathep Sila On က ရွှေတံဆိပ်၊ ဖိလစ်ပိုင်မှ Samuel Thomas Harper Morrison က ငွေတံဆိပ်၊ မလေးရှားမှ Abdul Hemi Mohd နှင့် ဗီယက်နမ်မှ Thanh Tam Doung တို့က ကြေးတံဆိပ်ကိုယ်စီဖြင့် ဆွတ်ခူးရရှိခဲ့ကြသည်။

အမျိုးသမီး (၅၇-၆၂ ကီလိုတန်း)အတိုက်ပြိုင်ပွဲတွင် ဗီယက်နမ်မှ Thi Thu Hien Pham က ရွှေ၊ မြန်မာမှ ဗစ်တိုးရီးယားက ငွေ၊ လာအိုမှ Thidasavanh Sotthacht နှင့် ထိုင်းမှ Rangsiya Nisaisom တို့က ကြေးတံဆိပ်ကိုယ်စီ ဆွတ်ခူးနိုင်ခဲ့ကြသည်။

တိုက်ကွမ်ဒိုပြိုင်ပွဲများကို ဒီဇင်ဘာ ၁၈ ရက်မှ ၂၁ ရက်ထိ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာ့စီးပွားရေးဘဏ်က ရွေ့လျားဘဏ်အဖွဲ့ဖြင့် ဝန်ဆောင်မှုပေးနေ

နေပြည်တော် ဒီဇင်ဘာ ၁၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံတကာအားကစားသမားများ၊ ပြည်တွင်း ပြည်ပ ပွဲကြည့်ပရိသတ်များ၊ ပြည်သူအများအား လွယ်ကူလျင်မြန်ထိရောက်သော ငွေကြေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန်အတွက် မြန်မာ့စီးပွားရေးဘဏ်သည် နေပြည်တော်ဘဏ်ခွဲတွင် ဝန်ဆောင်ပေးမှုအပြင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရွာရှိ Social Zone တွင် အထူးကောင်တာ ဖွင့်လှစ်ခြင်း၊ နေပြည်တော်မြို့တွင်း လူစည်ကားရာနေရာများသို့ ရွေ့လျားဘဏ်ဝန်ဆောင်မှုအဖွဲ့ဖြင့် ဆောင်ရွက်ပေးခြင်းတို့ကို ဒီဇင်ဘာ ၁၁ ရက်မှစတင်၍ ဆောင်ရွက်ပေးလျက်ရှိသည်။

နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်၏ အထူးကောင်တာကို ဝဏ္ဏသိဒ္ဓိအားကစားရွာရှိ Social Zone ဆိုင်ခန်း အမှတ်(၁၄)တွင် ဖွင့်လှစ်၍ တန်ဖိုးကြီးငွေစက္ကူများကို တန်ဖိုးငယ်ငွေစက္ကူများဖြင့် လဲလှယ်လိုသောသူများအား ဝန်ဆောင်မှုပေးခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နေ့စဉ်ရည်ညွှန်းနှုန်းကို အခြေခံ၍ နိုင်ငံခြားငွေလဲလှယ်ပေးခြင်း၊ ဟောင်းနွမ်းစုတ်ပြဲငွေစက္ကူများကို တန်ဖိုးတူငွေစက္ကူသစ်များဖြင့် လဲလှယ်ပေးခြင်းနှင့် ပြည်တွင်းငွေလွှဲလုပ်ငန်း ဆောင်ရွက်ပေးခြင်းတို့ဖြင့် အများပြည်သူတို့အား ငွေကြေးဝန်ဆောင်မှု ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မြန်မာ့စီးပွားရေးဘဏ်၏ ရွေ့လျားဘဏ်ဝန်ဆောင်မှုအဖွဲ့ကလည်း မော်တော်ယာဉ်ဖြင့် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် လည်းကောင်း၊ မွန်းလွဲ ၂ နာရီမှ ညနေ ၆ နာရီ အထိ နေပြည်တော် မြို့မဈေး၊ သပြေ ကုန်းဈေး၊ Junction ကုန်တိုက်၊ Capital ကုန်တိုက် စသည့် ဈေးကွက်များတွင်လည်းကောင်း၊ ပြည်တွင်း ငွေလွှဲလုပ်ငန်းမှအပ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပနေစဉ်ကာလအတွင်း အားကစားပွဲများ ကျင်းပရာ မြို့အသီးသီးတွင် ရောက်ရှိနေသော ပြည်တွင်း ပြည်ပအားကစားသမားများ၊ ပွဲကြည့်ပရိသတ်များ၊ ဒေသနေပြည်သူများအဆင်ပြေစေရေးအတွက် သက်ဆိုင်ရာဒေသများရှိ မြန်မာ့စီးပွားရေး ဘဏ်ခွဲများက ဘဏ်ဝန်ဆောင်မှုများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်တွင်း၌ ဆက်လက်ကျင်းပရန်ရှိသည့် နိုင်ငံတကာအားကစားပြိုင်ပွဲများအတွက်လည်း ယခုနည်းလမ်းများအတိုင်း ဘဏ်ဝန်ဆောင်မှုများကို ဆက်လက်ပံ့ပိုးဆောင်ရွက်ပေးသွားရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် နေပြည်တော်ဘဏ်ခွဲ၊ ဝဏ္ဏသိဒ္ဓိအားကစားရွာ Social Zone အထူးကောင်တာနှင့်ရွေ့လျားဘဏ်ဝန်ဆောင်အဖွဲ့က ဒီဇင်ဘာ ၁၇ ရက်တွင် တန်ဖိုးကြီးငွေစက္ကူများကို တန်ဖိုးငယ်ငွေစက္ကူများဖြင့်လဲလှယ်ပေးသည့် ပမာဏကျပ် ၇ ဒသမ ၄၈၅၄ သန်းရှိပြီး နိုင်ငံခြားငွေလဲလှယ်ပေးခြင်းနှင့် ပြည်တွင်းငွေလွှဲပေးပို့ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်၏ ယင်းဝန်ဆောင်မှုများကို (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ လာရောက်သူများ၊ နေပြည်တော်နေပြည်သူများ အထူးနှစ်သက်သဘောကျလျက်ရှိကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဂျူဒိုအတိုက်ပွဲစဉ်တွင် မြန်မာမှ ရွှေတစ်ခု၊ ငွေတစ်ခု ရရှိ

နေပြည်တော် ဒီဇင်ဘာ ၁၈

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဂျူဒိုပွဲစဉ်များတွင် အမျိုးသားကီလိုတန်း (၉)တန်းတွင် ၆၅ ဦး အမျိုးသမီးကီလိုတန်း (၉)တန်းတွင် ၅၈ ဦးတို့ ပါဝင် ယှဉ်ပြိုင်လျက်ရှိပြီး ရွှေတံဆိပ် ၁၈ ခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၃၆ ခု ချီးမြှင့်မည်ဖြစ်သည်။ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်းနှင့် အိမ်ရှင်မြန်မာအသင်းတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသော ဂျူဒိုပွဲစဉ်များ၏ (-၄၅ ကီလိုတန်း)၊ (-၅၅ ကီလိုတန်း)အတိုက်ပွဲစဉ်များနှင့် ဆုပေးပွဲကို ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပခဲ့သည်။

(-၅၅ ကီလိုတန်း)အမျိုးသားပွဲစဉ်တွင် အင်ဒိုနီးရှားမှ Irawan Toni၊ မလေးရှားမှ Jamaludin Muhamad Jaafannur၊ ကမ္ဘောဒီးယားမှ Khom Ratankmony၊ ထိုင်းမှ Janluechai Kanisorn၊ ဗီယက်နမ်မှ Huynh Nhat Thong၊ လာအိုမှ Sithisane Soukphaxay နှင့် မြန်မာမှ ကပ်ကျင်းပေါင်တို့ ဝင်ရောက်ယှဉ်ပြိုင်ကစားကြသည်။ (-၅၅ ကီလိုတန်း)တွင် ကြေးတံဆိပ်ဆုကို မလေးရှားနှင့် လာအိုကစားသမားတို့မှ ပူးတွဲရရှိပြီး ဒုတိယငွေတံဆိပ်ဆုကို မြန်မာကစားသမား ကပ်ကျင်းပေါင်က ရရှိကာ ပထမရွှေတံဆိပ်ဆုကို ဗီယက်နမ်ကစားသမားက ရရှိခဲ့သည်။

(-၄၅)ကီလိုတန်းတွင် အင်ဒိုနီးရှားမှ Susanti RE.Terry Kusumawardani၊ လာအိုမှ Phimphanthavong Sonnapha၊ ဖိလစ်ပိုင်မှ Quillotes- Lucero Nancy၊ ထိုင်းမှ Konngoen Orn-Areeya၊ မြန်မာမှ ဆဲလ်ဝီးတို့ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ တတိယကြေးတံဆိပ်ဆုကို ထိုင်းနှင့် လာအိုတို့က ပူးတွဲရရှိ၍ ဒုတိယငွေတံဆိပ်ဆုကို ဖိလစ်ပိုင်ကရရှိပြီး ပထမရွှေတံဆိပ်ဆုကို မြန်မာဂျူဒိုအားကစားမယ် ဆဲလ်ဝီး**(ယာပုံ)**က ဆွတ်ခူးရရှိသွားခဲ့ပါသည်။

သတင်း- မေ၊ စု၊ အေး ❖ ဓာတ်ပုံ- နိုင်လင်းကြည်

လာလီဂါတွင် အကောင်းဆုံးကစားသမားစာရင်းဝင်သူ ဒီယေဂိုကော်စတာအား ဇန်နဝါရီအပြောင်းအရွှေ့တွင် ခေါ်ယူရန် အာဆင်နယ်ပြင်ဆင်

စပိန်လာလီဂါတွင် အကောင်းဆုံးကစားသမားစာရင်းဝင်ဖြစ်သည့် အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူး ဒီယေဂိုကော်စတာအား**(ဝဲပုံ)** လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် လန်ဒန်မြေအရောက်ခေါ်ယူသွားရန် အာဆင်နယ်အသင်းက ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးနှင့် အသင်း၏ အကြီးအကဲဖြစ်သူ စတိဗ်ရိုးလေးတို့သည် လက်ရှိ ပရီမီယာလိဂ်အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ရေးအတွက် အဆိုပါ ဘရာဇီးနွယ်ဖွား စပိန်ကြယ်ပွင့် ဒီယေဂိုကော်စတာအား လာမည့်အပြောင်းအရွှေ့ကာလအတွင်း အမ်းမရိတ်သို့ အပြီးသတ်ခေါ်ယူနိုင်ရေး ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် လက်ရှိတွင် အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် ၂၁ ပွဲ ပါဝင်ကစားပေးအပြီးတွင် ၂၂ ဂိုး သွင်းယူပေးထားပြီး လာလီဂါဂိုးသွင်းအများဆုံးကစားသမား စာရင်းတွင်လည်း ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ခရစ္စတီယာနိုရိုနယ်လ်ဒိုနှင့်အတူ ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ထို့ကြောင့် အာဆင်နယ်အသင်းက ဒီယေဂိုကော်စတာအား ယူရို ၃၈ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်ထားခြင်းဖြစ်ကြောင်း သိရသည်။

(ငွေကြယ်)

အမျိုးသမီးဘောလုံးပြိုင်ပွဲအကြိုဗိုလ်လုပွဲတွင် ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့အနိုင်ရ

မန္တလေး ဒီဇင်ဘာ ၁၈

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မန္တလေးဇုန်တွင် အမျိုးသမီးဘောလုံး ပြိုင်ပွဲအကြိုဗိုလ်လုပွဲများကို မန္တလေးမြို့ရှိ မန္တလာသီရိအဆင့်မြင့်အားကစားကွင်း၌ ဆက်လက်ကျင်းပရာ ယနေ့ညနေ ၄ နာရီက ပထမအကြိုဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံဗီယက်နမ်အသင်းနှင့် မလေးရှားအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ဗီယက်နမ်အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပြိုင်ပွဲပထမပိုင်းတွင် ဗီယက်နမ်အသင်းအတွက် ပထမအနိုင်ဂိုးကို ၁၁ မိနစ်တွင် ကျောနံပါတ်(၈) THIMINH NGUYET NGUYEN က သွင်းယူကာ တစ်ဂိုး-ဂိုးမရှိဖြင့် မလေးရှားအသင်းကိုဦးဆောင်ယှဉ်ပြိုင်ကစားခဲ့သည်။

ဗီယက်နမ်အသင်းအတွက် အနိုင်ဂိုးများကို ဒုတိယပိုင်း ၅၄ မိနစ်တွင် ကျောနံပါတ်(၁၁) THINHUYET NGUYEN က ဒုတိယဂိုး၊ ၆၃ မိနစ်တွင် ကျောနံပါတ်(၈) THIMWH NGUYET NGU YEN က တတိယဂိုးနှင့် ၇၆ မိနစ်တွင် ကျောနံပါတ်(၉) NHU HUYNH က စတုတ္ထအနိုင်ဂိုးတို့ကိုသွင်းယူခဲ့ကြပြီး ပြိုင်ပွဲအပြီးတွင် လက်ရှိ ချန်ပီယံဗီယက်နမ်အသင်းက လေးဂိုးပြတ်အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန်တက်ရောက်သွားသည်။

ဒုတိယပွဲစဉ်ဖြစ်သည့် ထိုင်းအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ**(ယာပုံ)** ပွဲကစားချိန် မိနစ် ၉၀ ပြည့်သည်အထိ ထိုင်းအသင်းနှင့် မြန်မာအသင်းတို့မှာ တစ်ဖက်တစ်ဂိုးစီ သရေကျနေခဲ့သဖြင့် အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားခဲ့သည်။

ထိုင်းအသင်းနှင့် မြန်မာအသင်းတို့မှာ အချိန်ပို မိနစ် ၃၀ ကစားရာတွင်လည်း တစ်ဖက်ကို တစ်ဂိုးစီဖြင့် သရေကျနေခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ်ကန်သွင်းစေခဲ့ရာ ထိုင်းအသင်းက မြန်မာအသင်းကို ၁၂ ဂိုး-၁၁ ဂိုးဖြင့် အနိုင်ရရှိပြီး ထိုင်းအသင်းမှာ ဗိုလ်လုပွဲတက်ရောက်သွားခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

ဟားခါးမြို့၌ ယခုနှစ်ဒီဇင်ဘာလတွင် ယခင်နှစ်နှင့်မတူ ဆီးနှင်းခဲများ ဖုံးလွှမ်း

ဟားခါး ဒီဇင်ဘာ ၁၈

ချင်းပြည်နယ် ဟားခါးမြို့တော်၌ ယခုနှစ်ဒီဇင်ဘာလအတွင်း ယခင်နှစ်နှင့်မတူဘဲ ဆီးနှင်းခဲများ ဖုံးလွှမ်းလျက်ရှိပြီး အအေးဓာတ်လွန်ကဲကာ မီးကြိုးများ၊ သစ်ပင်များနှင့် လမ်းများပေါ်တွင် ဆီးနှင်းခဲများ များစွာတွေ့ရှိနေရကြောင်း သိရသည်။

ယခုလို လှပစွာခိုတွဲအေးခဲနေသော ဆီးနှင်းခဲများအလှကို ဒေသခံများက အအေးဒဏ်ကိုမမှုဘဲ အမှတ်တရဓာတ်ပုံများရိုက်ခြင်း၊ ဟန်ဖုန်းများဖြင့် ရိုက်ကူးထားခြင်းနှင့် ကလေးငယ်များက ဆော့ကစားနေခြင်းများကို တွေ့ရှိရသည်။ သစ်ပင်များတွင် အေးခဲနေသော ဆီးနှင်းခဲများသည် နံနက် ၉ နာရီ နေထွက်သည်အထိ ရှိနေကြောင်း၊ မီးကြိုးများမှ ဆီးနှင်းခဲများမှာမူ လမ်းပေါ်တွင် တဖြုတ်ဖြုတ်ကြွေကျနေသည်ကို တွေ့ရသည်။

မိုးလေဝသမှတ်တမ်းများအရ ယနေ့ ဒီဇင်ဘာ ၁၈ ရက် ထူးခြားသည့်အပူချိန်မှာ (-၂)ဒီဂရီစင်တီဂရိတ်ဖြစ်ကြောင်း သိရသည်။

(ဟားခါးခရိုင် ပြန်/ဆက်)

ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၁၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၀) တွင်ပါရှိသော တောင်ဥက္ကလာပ (၁၂)ရပ်ကွက် မီးလောင်မှုသတင်း တွင် အိမ်အမှတ် (၁၅၃) သုမင်္ဂလာလမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

(ကြေးမုံ)

ဓာတုပစ္စည်းများနှင့် ကုန်များရောနှောသယ်ဆောင်သော ခေါက်တိုယာဉ် ဓာတုပစ္စည်းများ ရောစပ်ပြီး မီးလောင်

မန္တလေး ဒီဇင်ဘာ ၁၈

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ချမ်းအေးသာစံအရှေ့ရပ်ကွက် အကွက်(၆၀၄) (၂၇) လမ်း၊ (၈၁) လမ်းနှင့် (၈၂) လမ်းကြားတွင် ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီခန့်က ဓာတုပစ္စည်းကော့စတစ်များ၊ ဆာလ်ဖြူရစ်အက်စစ်များနှင့် ကုန်ပစ္စည်းမျိုးစုံရောနှောတင်ဆောင်လာသော Foton အမျိုးအစား ခေါက်တိုယာဉ် ၅ဃ/---သည် လေလာဝင်းအတွင်း ကုန်ချနေစဉ် အက်စစ်ပုံးပေါက်ကွဲပြီး မီးလောင်ခဲ့သည်။

မီးလောင်ရာသို့ မီးသတ်ယာဉ် ငါးစီး၊ သန္နေမီးသတ် ၂၀၊ ဒေသအရန်မီးသတ် ၂၅ ဦး လာရောက်ငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် အက်စစ်ပုံးတစ်ဂါလန်ခွဲပုံး နှစ်ပုံး၊ ကော့စတစ်အရောင်ချွတ်ဆေး ၁၀ ပိဿာခန့်၊ အဝတ်အထည်များ၊ မော်တာများ မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်စဉ် ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

အက်စစ်ပုံးပေါက်ကွဲကာယာဉ်မီးလောင်မှုနှင့်ပတ်သက်၍ နယ်မြေမြို့မ ရဲစခန်းအမှတ်(၈)က(ပ)၅၄၈/၂၀၁၃ပြစ်မှုပုဒ်မ ၂၈၅ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။**(ကိုကိုကြီး-မန္တလေး)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန်
ကြေညာချက် (၉/၂၀၁၃)
နေပြည်တော်၊ ၁၃၇၅ခုနှစ်၊ နတ်တော်လဆန်း(၁၄)ရက်
(၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

၁။ မိုးကုတ်ရတနာနယ်မြေနှင့် မိုင်းရှူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၄ခုနှစ်၊ ဧပြီ၊ မေ၊ ဇွန်လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်လုပ်ကွက်များနှင့် တနိုင်းဒေသနှင့် ခန္တီးဒေသတို့ရှိ ပယင်းဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊(ပုဒ်မ-၁၅)တို့နှင့်အညီဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်)နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (**Bank Statement**)ကို ပူးတွဲတင်ပြ လျှောက်ထားရမည် ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း။ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၂၃ရက်မှစ၍မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများဆောင်ရွက်နိုင်ပါသည်။

(ခ) အဆိုပြုလွှာများတင်သွင်းခြင်း။ အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ(မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင် လည်းကောင်း၊ လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၂၃ရက်မှ ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၂၂ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့် အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများတင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposite) ကျပ် တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း(Black List)စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၆။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန၊ စခန်းရုံး(မန္တလေး)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုင်းရှူး)တွင် လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

စစ်တက္ကသိုလ်အမှတ်စဉ် (၄၆) သင်တန်းဆင်းအရာရှိများ၏ ကျောင်းဆင်း (၁၀)နှစ်မြောက် နှစ်ပတ်လည်တွေ့ဆုံပွဲအခမ်းအနား ဖိတ်ကြားခြင်း

နှစ်ပတ်လည်တွေ့ဆုံပွဲအခမ်းအနားများကို ရန်ကုန်မြို့နှင့် နေပြည်တော်တွင် ကျင်းပမည်ဖြစ်ပါသဖြင့် အနယ်နယ်အရပ်ရပ်မှ သူငယ်ချင်းများတက်ရောက်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

သိမ်ရေစက်ချ အလှူအခမ်းအနား
နေ့ရက် - ၂၅-၁၂-၂၀၁၃ရက်
နေရာ - ပုဗ္ဗသီရိမြို့နယ်၊ မရှိခဏကျောင်းတိုက်
အချိန် - ၉း၃၀နာရီ မှ ၁၁း၃၀နာရီထိ

ညစာစားပွဲ
နေ့ရက် - ၂၁-၁၂-၂၀၁၃ရက်
အချိန် - ညနေ ၆း၃၀နာရီ(ညနေ)
နေရာ - Traders Hotel ရန်ကုန်မြို့



သဇင်ပွင့်ပေါ်လနတ်တော်ကား

ဝိသုဇ္ဇက(ပဲခူး)

မြန်မာနိုင်ငံတွင် ဥတုသုံးပါးရှိသောကြောင့် ပူခြင်း၊ အေးခြင်းတို့ဖြစ်ပြီး ကောက်ပဲသီးနှံ၊ ပန်းမန်သစ်ဝါးတို့သည် စဉ်ဆက်မပြတ်ဖြစ်ထွန်းနေ၏။ မြန်မာနိုင်ငံ၏ ပထဝီအနေအထားသည် တောမြိုင်၊ လျှိုမြောင်၊ ကုန်းခေါင်ချိုင့်ဝှမ်း၊ တောတန်းတောင်စွယ်အသွယ်သွယ်တို့ဖြင့်ပြည့်စုံနေသည်။ ဥပမာတင်စားရလျှင် မြန်မာနိုင်ငံသည် အစဉ်အမြဲ တစ်နှစ်ပတ်လုံးသီးပွင့်နေသော ဥယျာဉ်ကြီးပင်ဖြစ်သည်။ ထွန်ယက်စိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကထားသည့် မြန်မာတို့သည် ထိုပတ်ဝန်းကျင်ရှိ တောတောင်ရေမြေ သဘာဝအလှနှင့်အမြဲတစေထိတွေ့နေကြ၏။ ထို့ကြောင့် စာဆိုတို့သည် မြန်မာလများအကြောင်းကို စကားပြေဖြင့်ဖြစ်စေ၊ ကဗျာလင်္ကာဖြင့်ဖြစ်စေဖွဲ့နွဲ့ပြောဆိုလျှင် မည်သည့်လရာသီ၌ မည်သည့်ပန်းပွင့်သည်ဟူသော အချက်ကို အဓိကဆိုလေ့ရှိသည်။ ရှေးရှေးကစာဆိုတို့သည် လရာသီနှင့် ပွင့်သောပန်းကိုယှဉ်၍ စပ်ဆိုထားသောကဗျာလင်္ကာမှာ

> **“ပန်းကံ့ကော်ရွှေစံကား၊ ငွေသားနုစံပယ်မှန်**
> **မုလေးခတ္တာနှင့်ရွှေယင်းမာ၊ ကြာခဝဲ**
> **ပွဲစနှင်းလျှံ၊ သဇင်ကျန်ခွာတန်နှင့်ပေါက်လဲ**
> **ပွင့်ဝတ်ကယ်ရွှေဖီမင်း၊ သင်းထုံနံ့ကဲ”**

ထို့ကြောင့် တန်ခူးလတွင် ကံ့ကော်ပန်း၊ ကဆုန်လတွင် စကားပန်း၊ နယုန်လတွင် စံပယ်ပန်း၊ ဝါဆိုလတွင် ပုန်းညက်ပန်း၊ ဝါခေါင်လတွင် ခတ္တာပန်း၊ တော်သလင်းလတွင် ယင်းမာပန်း၊ သီတင်းကျွတ်လတွင် ကြာမျိုးငါးပါး၊ တန်ဆောင်မုန်းလတွင် ခဝဲပန်း၊ နတ်တော်လတွင် သဇင်ပန်း၊ ပြာသိုလတွင် ခွာညိုပန်း၊ တပို့တွဲလတွင်ပေါက်လဲပန်း၊ တပေါင်းလတွင် ပိတောက်ပန်း၊ သရဖီပန်း၊ အင်ကြင်းပန်းစသည်တို့ဖြစ်၏။

နတ်တော်လသည် သဇင်ပန်းပွင့်သည့်လဖြစ် ငွေနှင်းဝေဝေ၊ စိမ့်စမ်းအေးအေးမှပွင့်ကြသော သစ်ခွပန်းတို့အထဲတွင် သဇင်ပန်းသည် အမြတ်ဆုံးဖြစ်၏။ ထို့ကြောင့် ရာမရကန်တွင် စာဆိုရှင်ဦးတိုးက “ တချို့က နီပြာပြာ၊ တချို့ကဖြူဝါဝါ၊ တချို့မှာချိပ်ပွင့်၊ တချို့မှာ ပန်းရင့်လို၊ ပင်ဆင့်ပန်းပျံ့၊ ဘွဲ့မည်ရည်ခံချင်းတွင်ဝေယန်နန်းမြင့်၊ ပန်းတိုင်းတင်မို့၊ မြို့ဝန်မင်းစာ၊ လိပ်မပါဘဲကွယ်ရာဈေးဖြင့်၊ ရောင်းလိုများ၊ မြင်မလား၊ သေချင်သေ၊ ရှင်ချင်ရှင် အင်မတန့်အင်မတန် ရာဝတ်တော်ခံရမည်။ မြတ်တော်ပန်းခိုင်လုံးလန်းကို ဟိုလောင်းပန်းပွင့်ဘယ်ဂုဏ်ကြောင့် ဝင့်မတုံး၊ ဘုန်းနှင့်ကံနှင့်ရွှေသဇင်” ဟူ၍သဇင်ပန်းဖွဲ့ကို တခမ်းတနားချီးမွမ်းဖွဲ့နွဲ့ခဲ့လေသည်။

ဟေမန္တဆောင်းရာသီသို့ ဝင်ရောက်စအခါသမယပင်ဖြစ်၏။ မိုးရာသီတို့ကုန်ခဲ့ပြီဖြစ်သော်လည်း ကောင်းကင်ပြင်ဝယ် အညိုတစ်ဖြာ၊ အပြာတစ်နဲ၊ အဝါတစ်ကန့်၊ အကန့်လိုက်ဆင်သောတိမ်တိုက်များကြောင့် မိုးသားတို့ကလည်း မငြိမ်မသက်လှုပ်ရှားတက်ကြ၏။ ရှေးကမြန်မာတို့က “နတ်တော်ရောက်ပြား မိုးသားမငြိမ်ဆင်ရာတိမ်” ဟူ၍ မိုးလင်္ကာဖြင့် မှတ်သားခဲ့ကြသည်။ “စခန်းမှုကြည်လင်၊ တောင်လည်း သာမော၊ တောလည်းပျိုနု၊ မြအထုမှာ၊ ပုလုကွေးလွေး၊ ဝှက်တဝေးလည်းချစ်ရေးကြင်လို့” ဟူ၍ နတ်တော်လ၌ သာယာသောတောတောင်ရေမြေတို့တွင် ကျေးငှက်သာရကာတို့၏ ပျော်မြူးကြသည်ကို စာဆိုတို့က သတိတရနှင့် ရင့်ကျူးခဲ့ကြ၏။

နတ်တော်လတွင် ရှေးမြန်မာဘုရင်တို့သည် စစ်ဘက်စာပေဘက်၊ အုပ်ချုပ်ရေးဘက်တွင်ထူးချွတ်သောပညာရှင်များ၊ မင်းညီမင်းသားမှူးမတ်စသည်တို့အား ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ချီးမြှင့်လေ့ရှိ၏။ ထိုသို့ ဘွဲ့နှင်းသဘင်ဆင်ယင်ကျင်းပခြင်းဖြင့် နိုင်ငံတော်တွင် စစ်သူရဲကောင်း၊ စာပေသူရဲကောင်းအုပ်ချုပ်စီမံမှု ထူးချွန်သူများထွက်ပေါ်လာအောင် ဖန်တီးပေးရာရောက်သဖြင့် တိုင်းပြည်အတွက် အကျိုးရှိသောပွဲတော်ဖြစ်၏။ ရှေးခေတ်က စစ်မက်အင်္ဂါပြည့်စုံစေရန် ဆင်တပ်၊ မြင်းတပ်စသည်တို့က အဓိကဖြစ်၏။ ဆင်တပ်၊ မြင်းတပ်ပြည့်စုံသော တိုင်းပြည်က စစ်ရေးစစ်ရာတွင် အသာရရန်များ၏။ ရှေးခေတ်ကမြန်မာဘုရင်တို့သည် နတ်တော်လတွင် ဆင်ဖမ်းပွဲကို တခမ်းတနားကျင်းပခဲ့ကြကြောင်းကို တောင်ငူခေတ်စာဆိုကျော်တစ်ဦးဖြစ်သော မင်းဇေယျရန္တမိတ်က “နတ်လသဘင်၊ ဖျင်လည်ရုံထပ်ဘွဲ့တပ်မည်ပေး၊ ဆုန်းရေးတိုက်ဖက်၊ စွယ်ယှက်ခေါင်ခေါင်၊ ဆင်ပြောင်ရည်ရှူ နန်းရတုကို”ဟူသော စာနုကဗျာဖြင့် မှတ်တမ်းတင်ခဲ့လေသည်။

ကုန်းဘောင်ခေတ်တွင်မူ နတ်တော်လ၌ ဆင်ဖမ်းပွဲနှင့်နတ်ပူဇော်ပွဲမှေးမှိန်လာသည်။ နတ်တော်လတွင်နတ်များကို ပူဇော်သောပွဲကျင်းပသည့်အလျောက် ဤသည်ကိုအစွဲပြုပြီး မြန်မာမှုတွင် “နတ်တော်လ” ဟု ခေါ်ဝေါ်သမုတ်ခဲ့သည်။ နတ်တော်ဟုခေါ်ရာတွင် နတ်ဟူသော ဝေါဟာရသည် ပါဠိဘာသာနာထပုဒ်မှဆင်းသက်လာသော ပါဠိသက်ဝေါဟာရ ဖြစ်သည်။ (နာထ=နာထ်=နာတ်=နတ်) အဓိပ္ပာယ်မှာ ကိုးကွယ်ရာဟုဆိုလို၏။

“ဒွါဒသရ ဆယ့်နှစ်လဝယ်၊ ဒေဝနတ်များပျော်ပါးကဲဆလွန်ရှွင်ပျ၍နတ်လတွင်”ဟူသော မဟာဥပရာဇ်ချေင်းကို ထောက်၍ နတ်တော်လသည် နတ်တို့ပျော်မြူးလေ့ရှိသည့်ကိုအကြောင်းပြုကာ “နတ်ပျော်လ”ဟုခေါ်ဆိုခဲ့ရာမှ “နတ်တော်လ”သို့ ရွေ့လျားလာသည်ဟုယူဆသူကယူဆသည်။

ယောမင်းကြီးဦးဖိုးလှိုင်က ဥတုဘောဇနသင်္ဂဟကျမ်းတွင် နတ်တော်လကိုတန်ဆောင်မုန်းလနှင့် ယှဉ်တွဲ၍ တန်ဆောင်မုန်း၊ နတ်တော်နှစ်လသည် ဟေမန္တဥတုမည်၏။ လောကသည်အေး၏။ လောကမခြောက်၊ ဆီးနှင်းများ၏။ ကျီး၊ ကျွဲ၊ သိုး၊ ဆင်တို့မြူးထူးကုန်၏။ သစ်မည်စည် ဆီးမြူခဝဲ၊ ခတ္တာ၊ ဂမုန်း၊ သဇင်စသောပန်းတို့သည်ပွင့်ကုန်၏။

> **တန်ဆောင်မုန်းနတ်တော်၊ ချမ်းစပေါ်၊ မှတ်ခေါ်ဟေမန္တ**
> **ဆီစေးခန်းငြား၊ ကြေလွယ်သား၊ လေပွားအာဟာရ၊ ရှောင်ပါကြ**
> **စပ်ဖန်ဘခါး၊ ရသများ လေပွားတတ်လှရှောင်ပါကြ။**
> **ချိုဆိမ့်ချဉ်ပြန်၊ ရသာငန်မှန်မှန်စားပါ။ ဤအခါ**
> **ဆီအစေးများရေငှက်သား၊ များများစားပါ။**
> **ဤအခါကရမက်အမွေး၊ အကျော်အေးလိမ်းရေး မှန်စွာ၊ ကုံကုမာ။**

ဤသို့ရှောင်၍ ဆောင်ရန်များကို ဥတုဘောဇနသင်္ဂဟကျမ်းတွင် ဆေးဖက်ဝင်ဓာတ်စာနှင့် ကုသပေးကာ ရေးသားထားလေသည်။

ရှေးရှေးစာဆိုတို့က နတ်တော်လနှင့် ပတ်သက်၍ သီကုံးဖွဲ့နွဲ့ထားပုံအချို့ကို ကောက်နုတ်ဖော်ပြပါမည်။

“ကျက်သရေလျှံလန်း၊ နတ်များပန်းကို ရည်မှန်းဆက်ကာ၊

တိုင်လျှောက်ပါအံ့၊ မတ်လျာညိုမြ၊ ကြင်ဦးကသို့ရှုပမငြိမ်

သစ္စာထိမ်သည်” ဟူ၍ စာဆိုဦးယာက ရတုဖြင့်လည်းကောင်း၊

“နှင်းဝေမှိုင်းရီ၊ မိဂသီနှင့်အညီ မိုးလပြည့်ဝန်းပလျက်ချမ်းမြရတု၊ ခနုရာသီရောက်ပြီဝန်းကျင်၊ ဂမုန်းအင်နှင့် သဇင်ပွင့်ပေါ် လနတ်တော်ကား”ဟူ၍ စာဆိုအကျော်ဦးအောင်ကြီးက လူးတားဖြင့်လည်းကောင်း၊

“ဆယ့်နှစ်ဖြာငယ်၊ ရာသီခနေ့၊ ရွှေဟင်္သာလဲ တာရာပြုလို့ ဇေယျူငယ်ပြဟ္မာ၊ ဟေမန္တာမို့ မဟာပိန္နဲ၊ နတ်မင်းပွဲမှာ ကျွေးမြဲပူဇော်လနတ်တော်ကို ရှုမျှော်တိမ်ဆီ၊ မိဂသီလဲ့၊ ခါညီမွှန်းလယ်၊ ထွန်းရောင်ခြည်ခြယ်သောအခါ နယ်ရွှေဝကင်မှာ ဂမုန်းအင်သဇင်မင်းငယ်က သင်းလှတယ်လေး” ဟူ၍ မဟာအတုလမင်းကြီးက လွမ်းချင်းဖြင့် အသီးသီး စပ်ဆိုခဲ့ကြသည်။

နှစ်ဆယ်ရာစုတတိယပိုင်းခေတ်တွင် ဂီတစာဆိုတေးသံရှင်ဖြစ်ခဲ့သော ဦးသန်းလှိုင်၏ “မှုန်ပြာရီရာသီပြောင်းသော်လည်း တစ်ဆောင်းသစ်ခဲ့ပြီ” အစရှိသော ဆယ့်နှစ်လရာသီဖွဲ့သည် နတ်တော်လ၏ ခံစားမှုရသကို ပေါ်လွင်စေသည်။ မျက်မှောက်ကာလတွင်လည်းကဗျာပေါင်းချုပ် အမျိုးသားစာပေဆုရှင် မြင်းမူမောင်နိုင်မိုးက “သဇင်ပွင့်ပြီပဲ၊ ပန်ဝံ့သူ ဘယ်မှာရှိပေလိမ့်၊ ကဝိ အထိုထိုက ကဗျာချီစာဆိုမွမ်းပြီမို့၊ အလှဆုံးဖွဲ့လနတ်တော်. . ။ ပန်းသဇင်ရွှေတစ်ခက်ကိုဖြင့် နမ်းချင်လျှင် အသရေထက်အောင်လို့ ရွှေလက်ဖြင့် ခြွေရမည်။ ပန်ချင်သူရွှေရောင်ဝင့်စေ။ ပန်ထိုက်သူရွှေရောင်တင့်စေမို့ အမြင်တစ်ခွင်ဝဋ္ဋာမှာ သဇင့်သဇင်မှာ အပြုံးဆင်လျက်ပါ” ဟုလရာသီနှင့် ပွင့်သော သဇင်ပန်းတို့ကို အမွှမ်းတင်ဖွဲ့ဆိုခဲ့သည်။ စာဆိုတို့က နတ်တော်လကို ဖွဲ့ဆိုကြသည်မှာလှပသည်။ ကြည်နူးစေသည်။ သုတရသဖြစ်နေသည်။ နတ်တော်လ ရာသီကို စာဆိုရှင်တို့သည် နှောင်းခေတ်လူငယ်များ မှတ်သားဖွယ်ရာကောင်းလောက်အောင် စပ်ဆိုထားခဲ့ကြလေသည်။ ။

အခြေခံပညာကဏ္ဍလုပ်ငန်းဆွေးနွေးပွဲနှင့် ပြိုင်ပွဲများကျင်းပရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၁၈

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်သည် ယနေ့ နံနက် ၉ နာရီတွင် အဆိုပါ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော အခြေခံပညာကဏ္ဍလုပ်ငန်းဆွေးနွေးပွဲနှင့် ပြိုင်ပွဲများကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပညာရေးစီမံခန့်ခွဲမှုစွမ်းရည်မြှင့်မားရေးလုပ်ငန်းဆွေးနွေးပွဲ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် အင်္ဂလိပ်စာနှင့် သချာၤစွမ်းရည်ပြိုင်ပွဲ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ထူးချွန်ဆုများချီးမြှင့်ပွဲနှင့် အခြေခံပညာကျောင်းသား အားကစားပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းများအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လုပ်ငန်းကော်မတီအလိုက် တာဝန်ရှိသူများက လုပ်ငန်းတာဝန်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ASIA KING 09-43114301, 01-387973

09-420051117, 09-420221257

RUBY

ရှေ့ကဖမ်း နောက်ကရပ်

ရန်ကုန် ဒီဇင်ဘာ ၁၈

ကြည့်မြင်တိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယာဉ်ထိန်းတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ စည်ပင်ရဲတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့တို့ ပူးပေါင်းပါဝင်သော ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အထူးစစ်ဆေးရေးအဖွဲ့က ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ကြည့်မြင်တိုင်မြို့နယ်အတွင်း လမ်းမကြီးများပေါ်၌ စည်းကမ်းမဲ့ရပ်နားထားသော မော်တော်ယာဉ်များအား လိုက်လံဖမ်းဆီးခဲ့သည်။

မော်တော်ယာဉ် ခြောက်စီးကို ကရိန်းကားဖြင့် ဆွဲယူဖမ်းဆီးခဲ့ပြီး ဆယ်စီးကို ချလန်ဖြတ်အရေးယူခဲ့သည်။ ကြည့်မြင်တိုင်မြို့နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက "ဒီဇင်ဘာလထဲမှာ ယခုဖမ်းတာအပါအဝင် မော်တော်ယာဉ် ၄၂ စီး ဖမ်းဆီးခဲ့ပါတယ်"ဟု ဆိုသည်။

ကမ်းနားလမ်းတွင် နေထိုင်သူအမျိုးသမီးကြီးတစ်ဦးက "ဒီသဲကွင်းမှတ်တိုင်အနီးမှာ ဆီတင်တဲ့ယာဉ်ကြီးတွေက ယာဉ်ကြောရဲ့တစ်ခြမ်းလောက်ကို ထပ်ပြီးရပ်ထားကြတယ်။ အခုဖမ်းသွားတာ နှစ်စီး၊ သုံးစီးလောက်ပဲရှိမယ်၊ ကျန်တာတွေက ဒီဘက်အခြမ်းက ကားလေးတွေကို အရင်ဖမ်းတော့ ထွက်ပြေးသွားကြပြီး မကြာပါဘူး နာရီဝက်အတွင်း ပြန်ရောက်လာကြပါလိမ့်မယ်။ ရှေ့ကဖမ်း နောက်ကရပ်ပေါ့"ဟု ဆိုသည်။

ဆီတင်ယာဉ်မောင်းတစ်ဦးက "သူတို့က စည်းကမ်းမဲ့ရပ်နားတဲ့ယာဉ်ဆိုပြီး

ဖမ်းတယ်။ ကျွန်တော်တို့ကလည်း တာဝန်အရစောင့်ပြီးဆီတင်ရတာ၊ ဒီမှာက ကားရပ်စရာသတ်သတ်မှတ်မှတ်မရှိဘူး။ ဒီလိုပဲ ကြည့်ရပ်ရတာ။ ဘယ်တတ်နိုင်မလဲ. . လာဖမ်းတော့လည်းထွက်ပြေးပေါ့၊ မပြေးနိုင်တော့လည်း ဒဏ်ငွေဆောင်၊ ဖမ်းတဲ့သူတွေ ပြန်သွားတော့လည်း ပြန်ရပ်ပေါ့။ ဂျာအေးသူ့အမေရိုက်ဆိုသလို လည်နေဦးမှာပဲ"ဟု ဆိုပြန်သည်။

ထိုနေရာသည် ဆီတင်ယာဉ်ကြီးများ စည်းကမ်းမဲ့ရပ်နားခြင်းကို သတင်းစာ၊ ဂျာနယ်များ၌ မကြာခဏ ဖော်ပြခံနေရသောနေရာတစ်ခုဖြစ်သည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

၂၀၁၃ ခုနှစ် ဒီဇင်ဘာ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၁၈

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်သည်။

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နှစ်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် သုံးရက်မှ လေးရက်ခန့်ရွာနိုင်သည်။

ညအပူချိန်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် အနည်းငယ်လျော့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိမည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် သုံးရက်မှ လေးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့၊စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များ၏အောက်ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များ၏ အောက်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေး

တောင်တွင်းကြီး ဒီဇင်ဘာ ၁၈

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ဒီဇင်ဘာ ၁၇ ရက်နံနက် ၁၀ နာရီက ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မကွေးခရိုင် သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး၊ မကွေးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူမည့် ရည်ရွယ်ချက်၊ ပြည်သူများလိုက်နာရမည့် တာဝန်ဝတ္တရားများ၊ ရပ်/ကျေး သန်းခေါင်စာရင်းကော်မတီမှ ဆောင်ရွက်ပေးရမည့် အချက်များ၊ သန်းခေါင်စာရင်းထည့်ကောက်ရမည့်သူများ၊ ထည့်မကောက်ရမည့်သူများ၊ ပြည်သူများအား မေးမြန်းမည့် မေးခွန်း(၄၁)ချက်တို့ကို မှန်ကန်တိကျစွာ ဖြေဆိုပေးရေးနှင့် လူဦးရေစာရင်း မှန်ကန်မှ အနာဂတ်လူနေမှုဘဝ တိုးတက်မည်ဖြစ်သဖြင့် ပြည်သူအားလုံး ပူးပေါင်းပါဝင်ကူညီရေးတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးကာ ပြည်လုံးကျွတ်သန်းခေါင်စာရင်းနှင့် ပတ်သက်သည့် လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ပြည်သူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါရှင်းလင်းပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ် သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်/ကျေး သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့များ၊ NGO အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

(၅၈၀)

ရမည်းသင်း၌ လက်ကောက်နှစ်ကွင်း လုယူထွက်ပြေးမှုဖြစ်ပွား

ရမည်းသင်း ဒီဇင်ဘာ ၁၈

ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီခွဲက မန္တလေးခရိုင် ရမည်းသင်းမြို့နယ် သဲကျွန်းအုပ်စု ခံဘူးကျေးရွာနေ ဒေါ်ပုစိန်(၇၉)နှစ်ကရင်း၏ လက်ကောက်နှစ်ကွင်းကို လုယူထွက်ပြေးသူအား အရေးယူပေးရန် တိုင်တန်း၍ ရဲကင်းရဲစခန်း(ရွာတန်း) မှ အမှုဖွင့်ပြီး တရားခံဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း နယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၁ ရက် ညနေ ၅ နာရီက ဒေါ်ပုစိန်သည် နေအိမ်တွင် တစ်ဦးတည်းရှိနေစဉ် အသက် (၃၅) နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦးသည် ကလေးငယ်တစ်ဦးနှင့်အတူ ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ကုလားပဲမျိုးစေ့ ရောင်းရန် ရှိ၊ မရှိ မေးမြန်းသဖြင့် ဒေါ်ပုစိန်က ရောင်းရန်ရှိကြောင်း ပြောဆို၍ ကုလားပဲခြင်နေစဉ် အမျိုးသမီးက ဒေါ်ပုစိန်အား အုတ်ခံအခင်းဖြင့် ကိုင်ဆောင့်သဖြင့် ဒေါ်ပုစိန်၏ ဝဲနားထင်၊ ယာမျက်ခုံး၊ ယာပါးပေါက်ပြဲဒဏ်ရာတို့ရရှိပြီး မူးမေ့သွားစဉ် လက်တွင်ဝတ်ဆင်ထားသော အလေးချိန် ငါးမူးသားခန့်ရှိလက်ကောက်နှစ်ကွင်း (တန်ဖိုးခုနစ်သိန်းကျပ်ခန့်) အား လုယူထွက်ပြေးသွားကြောင်း သိရ၍လုယူထွက်ပြေးသူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**



စီးရီးအေရင်ခုန်သံ - ၁၇

ရှိုင်းမင်းမင်း

SERIE A

စီးရီးအေပွဲစဉ် (၁၇) ကို ဒီဇင်ဘာ ၂၁၊ ၂၂၊ ၂၃ ရက်တွေမှာ ကျင်းပသွားမှာပါ။ ဒီပွဲစဉ်မှာ အင်တာမီလန်နဲ့ အေစီမီလန်ရဲ့ မီလန်ဒါဘီ ပွဲပါနေလို့ အကြိတ်အနယ်ရှိမှာ သေချာတယ်။

လီဗော်နို- အူဒီးနီးစ်　　ည ၁၁း၃၀ (၂၁-၁၂-၁၃)

လီဗော်နိုက ခြေပျက်နေတယ်။ အူဒီးနီးစ်ကလည်း ခြေတည်ငြိမ်မှုအားနည်းတယ်။ ဒါကြောင့် လီဗော်နိုတို့ အိမ်ကွင်းအားနဲ့ထိန်းကစားရင် ထင်သလောက်အခက်မတွေ့နိုင်ဘူး။ လီဗော်နိုတို့ သရေလောက်ကစားသွားနိုင်ဖို့ ရှိတယ်။

ကယ်ဂလီယာရီ - နာပိုလီ　　နံနက် ၂း၁၅ (၂၂-၁၂-၁၃)

ချန်ပီယံလိဂ်က ထွက်ခဲ့ရတဲ့အတွက် နာပိုလီတို့ စီးရီးအေကို ပိုမိုအာရုံစိုက်လာမှာပါ။ ကယ်ဂလီယာရီက ခြေစွမ်းပိုင်းအရ မဆိုးပေမယ့်လည်း ကစားသမားအင်အားပိုင်းမှာ ကွာဟမှုတွေရှိနေပါတယ်။ နာပိုလီကပဲ ကပ်အနိုင်ရသွားမှာပါ။

ဘလော့ညာ - ဂျီနိုအာ　　ည ၆း၀၀ (၂၂-၁၂-၁၃)

ဂျီနိုအာက ခြေစွမ်းပိုင်းတည်ငြိမ်မှု အားနည်းနေပြီး အဝေးကွင်းအားပျော့တယ်။ ဘလော့ညာကလည်း ခြေစွမ်းပိုင်းသာမန်သာရှိတဲ့အသင်းပါ။ ခြေစွမ်းမကွာလို့ အပြန်အလှန်တုံ့ပြန်ကစားမှုနဲ့အတူ သရေကျသွားဖို့ များပါတယ်။

ဗီရိုနာ - လာဇီယို　　ည ၇း၃၀ (၂၂-၁၂-၁၃)

လာဇီယိုက ခြေစွမ်းပိုင်းအားနည်းမှုတွေများနေပါတယ်။ ဗီရိုနာက နှစ်ပွဲဆက်အရှုံးကင်းပြီး ခံကစားအားလည်း ကောင်းမွန်မှုရှိပါ တယ်။ အထူးသဖြင့် ဗီရိုနာဟာ အိမ်ကွင်း ရှစ်ပွဲမှာ တစ်ပွဲသာရှုံးပြီး ခုနစ်ပွဲနိုင်ထားတယ်။ ဗီရိုနာကိုပဲ နှစ်သက်တယ်။

အတ္တလန္တာ - ဂျူဗင်တပ်　　ည ၇း၃၀ (၂၂-၁၂-၁၃)

ချန်ပီယံလိဂ်က ထွက်ခဲ့ရတဲ့အတွက် ဂျူဗင်တပ်တို့ စီးရီးအေကို ပိုမိုအာရုံစိုက်လာမှာပါ။ အတ္တလန္တာက အိမ်ကွင်းအရှုံးတစ်ပွဲသာရှိသေးပေမယ့် ဂျူဗင်တပ်ရဲ့ ကစားအားကို ထိန်းချုပ်ဖို့ခက်ပါလိမ့်မယ်။ ဂျူဗင်တပ်ပဲ နှစ်ဂိုးအသာလောက်နဲ့ အနိုင်ရမှာပါ။

ရိုးမား - ကာတာနီးယား　　ည ၇း၃၀ (၂၂-၁၂-၁၃)

ကာတာနီးယားဟာ အမှတ်ပေးဇယားအောက်ဆုံးကို ရောက်ရှိနေပြီး ခြေစွမ်းပိုင်းအားနည်းမှုတွေ များနေပါတယ်။ ဒီလိုပွဲမျိုးမှာ ရိုးမားတို့ အမှားအယွင်းအဖြစ်ခံမှာမဟုတ်ဘူး။ အထူးသဖြင့် အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ရိုးမားတို့ အနိုင်ကစားသွားမှာပါ။

ဆမ့်ဒိုးရီးယား - ပါးမား　　ည ၇း၃၀ (၂၂-၁၂-၁၃)

ဆမ့်ဒိုးရီးယားဟာ ကစားပုံမဆိုးပါဘူး။ အိမ်ကွင်းလည်းဖြစ်နေတယ်။ ပါးမားက အဝေးကွင်းမှာ ခြေမတည်ငြိမ်တတ်ပါဘူး။ ပါးမားတို့ အနိုင်ရရှိရေး အားစိုက်လာမှာဖြစ်ပေမယ့် ဆမ့်ဒိုးရီးယားရဲ့ ခံကစားအားကြောင့် သရေကျသွားဖို့များတယ်။

ဆာစူအိုလို - ဖီအိုရင်တီးနား　　ည ၇း၃၀ (၂၂-၁၂-၁၃)

ဖီအိုရင်တီးနား ခြေအနည်းငယ်ကျလာတယ်ဆိုပေမယ့် ဆာစူအိုလိုကလည်း ခြေစွမ်းပိုင်းအရအားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့် ဖီအိုရင်တီးနားကို ထိန်းချုပ်ဖို့ မလွယ်ပါဘူး။ ဖီအိုရင်တီးနားကသာ ထိန်းချုပ်ဖိအားပေးအနိုင်ယူသွားမှာပါ။

တိုရီနို - ခီယေဗို　　ည ၇း၃၀ (၂၂-၁၂-၁၃)

တိုရီနိုက ကစားပုံမဆိုးဘူး။ အိမ်ကွင်းဖြစ်တယ်။ ခီယေဗိုကလည်း ခုနောက်ပိုင်းကစားပုံကောင်းမွန်လာပါတယ်။ ဒါကြောင့် အိမ်ကွင်းဖြစ်ပေမယ့် တိုရီနိုတို့ ရှုံးကန်သွားရနိုင်ပြီး ခီယေဗိုရဲ့ ရုန်းအားကြောင့် သရေကျသွားဖို့ ရှိနေပါတယ်။

အင်တာ - အေစီမီလန်　　နံနက် ၂း၁၅ (၂၃-၁၂-၁၃)

မီလန်ဒါဘီဖြစ်လို့ အကြိတ်အနယ်ရှိမှာပါ။ လက်ရှိခြေစွမ်းပိုင်းအရ အင်တာမီလန်က အားသာမှုရှိသလို စိတ်ဓာတ်ပိုင်းအရမှာလည်း အင်တာမီလန်က ပိုမိုအားကောင်းမှုရှိနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ အင်တာမီလန်ရဲ့ အားစိုက်မှုကို စောင့်ကြည့်ရမယ်။

UNIQUE STAR TRAVELS.

Dec: 29 / Jan: 16.30 (195,000)

Dec: 21/ Jan: 16.30 (195,000)

Daily (Hotel Max) (70,000) / (Friday) (80,000)

Toyota Alphard **ကားငှားမည်**

2002 mdl,4D---

ခဲရောင်၊ **TV-3** လုံး

ရှေ့နောက်ကင်မရာပါ၊ တစ်လ-၈သိန်း

ဖုန်း- ၀၉၅၁၆၆၅၅၉

ငှားမည်

ပါရမီလမ်းမ၊ (ချော်တွင်းကုန်း) ပေ(၂၅×၆၀) မြေညီ	7L
သမိုင်းလမ်းဆုံအနီး၊ ပေ(၆၀×၆၀) 2RC ပြင်ဆင်ပြီး	20L
မ/ဥက္ကလာအဝင် ပေ(၄၀×၆၀) 5RC, Hall, 5AC	40L
မှတ်တမ်းရုံးအနီး(ကျောက်ကုန်း) ပေ(၃၅×၇၀) RC1½	12L

(ဇလပ်ပွင့်) **Ph:09-5018076, 09-31548348**

၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှ ၂၁ ရက်နေ့အထိ နေပြည်တော်တွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့်(၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို ပြည်သူလူထုများ စိတ်ပါဝင်စားလာစေရန်နှင့် အားကစားပြိုင်ပွဲ အစီအစဉ်များ အောင်မြင်စွာ ကျင်းပနိုင်စေရန် ရည်ရွယ်၍ အကြိုလှုံ့ဆော်ရေး အစီအစဉ်များ ပြုလုပ်သွားမည်ဖြစ်ရာ အဆိုပါ အစီအစဉ်များနှင့် အားကစားပြိုင်ပွဲကြီးအတွက် စပွန်ဆာ ထောက်ပံ့နိုင်ရေးတွင် လုပ်ငန်းရှင်များအား ပူးပေါင်းပါဝင်ကူညီပေးပါရန် ဖိတ်ခေါ်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါက -

(၇) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီ အခန်း(၁၆) အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ၀၉-၄၂၁၁၃၇၇၉၆၀၊ ၀၉-၅၀၇၄၂၀၀

ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာအခြေခံသဘောတရား အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန်　　ဒီဇင်ဘာ　၁၈

၂၀၁၅ ခုနှစ်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတစွာကျင်းပနိုင်ရေး အထောက်အကူဖြစ်စေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် EU-EST (ဥရောပသမဂ္ဂရွေးကောက်ပွဲဆိုင်ရာ ကူညီပေးရေးအဖွဲ့)တို့က ကြီးမှူးကျင်းပသော ရွေးကောက်ပွဲဆိုင်ရာ အခြေခံသဘောတရားအလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီတွင် ပဲခူးမြို့ သီရိဟံသာခန်းမ၌ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်က အဖွင့်အမှာစကားပြောကြားပြီး EU-EST မှ ကျွမ်းကျင်ပညာရှင် Mr. Xavier Noc နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဦးစီးအရာရှိဒေါ်သင်းသင်းနွယ်တို့က ရွေးကောက်ပွဲဆိုင်ရာ အခြေခံသဘောတရားများကို ဦးဆောင်ဆွေးနွေးကြသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့ပြီး ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းမောင်နှင့်အဖွဲ့ဝင်များ၊ ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီခရိုင်များမှ ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း (C-S-O)မှ ပုဂ္ဂိုလ်များ၊ လေ့လာသူများ တက်ရောက်ကြပြီး ပွင့်လင်းမြင်သာစွာ အပြန်အလှန် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၉-၁၂-၂၀၁၃ (ကြာသပတေးနေ့)

၆း၀၃	တရားတော်
၆း၂၅	မေတ္တာပို့
၆း၄၅	မျိုးချစ်တပ်မတော်
၈း၁၀	ရွှေဟောင်းသုတ
၈း၃၅	ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
၄း၃၅	ဇာတ်လမ်းတို
၄း၄၅	ဗွီစီဒီကျော်ကြားတေး
၅း၂၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဒရမ်မာများရဲ့အရှင်သခင် (အပိုင်း-၁၇)
၅း၃၅	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ခေတ်သစ်အချစ် (အပိုင်း-၅၆)
၆း၁၅	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၃၅	ကာတွန်းအစီအစဉ် -အာကာသသူရဲကောင်းလေးများ(အပိုင်း-၁၁၉)
၇း၀၀	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ညွှန်းဖွဲ့မေတ္တာ(အပိုင်း-၉)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း - နိုင်ငံတကာသတင်း - မိုးလေဝသသတင်း -ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ(၂) - ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "အာဂလူ"(အပိုင်း-၅)

အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

09-420248633, 420119826

ဖိတ်ကြားလွှာ

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း

ရန်ကုန်မြို့၏ မြို့နယ်အလိုက် အဆိုပြုမြို့မြေအသုံးချမှုနှင့် အဆောက်အအုံ တည်ဆောက်မှုဇုန်များ (YANGON LAND USE & BUILDING HEIGHT ZONING PLAN) အများပြည်သူနှင့်ဆိုင်သော အလုပ်ရုံဆွေးနွေးပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ဆောက်လုပ်ရေးအင်ဂျင်နီယာများ၊ ဗိသုကာများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို ပါဝင်တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်　။　။၂၁-၁၂-၂၀၁၃ရက် (စနေနေ့)

အချိန်　။　။နံနက် ၉း၀၀ နာရီမှ မွန်းလွဲ ၃း၀၀ နာရီထိ

နေရာ　။　။MCEA ခန်းမ၊ အမှတ်(၃/က)၊ဝေဇယန္တာလမ်းနှင့် သံသုမာလမ်းထောင့်၊ သုဝဏ္ဏလမ်းဆုံ၊ သင်္ဃန်းကျွန်း။

မှတ်ချက်။　။ နေရာအခက်အခဲရှိပါသဖြင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လိုသူများ MCEA ရုံး (ဖုန်း-၀၁-၅၇၉၅၆၄၊ ၅၇၉၅၄၇၊ ၅၆၀၇၂၅)သို့ ကြိုတင်စာရင်းပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း

ယာဉ်မဆင်မခြင်မောင်းနှင်သူများအား အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၈

မကွေးတိုင်းဒေသကြီး မကွေးမြို့အနီးတွင် ဒီဇင်ဘာ ၁၆ ရက်နံနက် ၅ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ မကွေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့ အမှတ် (၁)ရပ်ကွက်နေ သန်းနိုင်ဦး(၂၁)နှစ် မောင်းနှင်လာသော ၈ဂ/. . . လိုက်ထရပ်အဖြူရောင်ယာဉ်သည် မကွေးမြို့နယ် အေးမြသာယာတောင်ရွာနေ မခင်စောမူ (၃၂)နှစ်နှင့် မအေးပြုံး(၃၃)နှစ်တို့စီးနင်းလာသည့် စက်ဘီးနှစ်စီးအား နောက်မှဝင်ရောက်တိုက်မိခဲ့သည်။ ထိုသို့ တိုက်မိမှုကြောင့် မခင်စောမူတွင် နောက်စေ့ဖူးရောင်၊ ဝဲလက်နာကျင်၊ ဝဲတံတောင်၊ ဝဲဒူးပွန်းပဲ့ဒဏ်ရာနှင့် မအေးပြုံးတွင် ဝဲနဖူးပေါက်ပြဲ၊ ဝဲလက်နာကျင်၊ ဝဲတံတောင်၊ ဝဲဒူးပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့သောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ သန်းနိုင်ဦးအား မကွေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထို့အတူ ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲက ဂန့်ဂေါ-ပုလဲကားလမ်းမိုင်တိုင်အမှတ် (၁၀၃/၄-၃)အကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဂန့်ဂေါမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဂန့်ဂေါမြို့နယ် မဲရွာနေ တင်ထွေး(၃၈)နှစ် မောင်းနှင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ရွာသစ်ကုန်းရွာနေ အောင်ဆန်းဝင်းလိုက်ပါလာသော နယူးအမ်ဘို ၁၂၅ အနက်ရောင် ရုပ်ဆိုးဆိုင်ကယ်နှင့် ဂန့်ဂေါမြို့နယ် သာစည်ရွာနေ သန်းဖေ (၅၁)နှစ်စီးလာသည့် ၁၉ယ/. . . ဖီကွန် ၁၂၅ အနက်ရောင်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။ ထိုသို့တိုက်မိမှုကြောင့် တင်ထွေးတွင် ဝဲမျက်ခုံး၊ နဖူး၊ ယာပါးပွန်းပဲ့၊ အပေါ်၊ အောက်နှုတ်ခမ်း၊ မေးစေ့ပေါက်ပြဲဒဏ်ရာနှင့် အောင်ဆန်းဝင်းတွင် ယာဒူးပေါက်ပြဲ၊ ဝဲခြေကျင်းဝတ်ဖူးရောင်၊ ဝဲခြေမျက်စိပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့သောကြောင့် ဆိုင်ကယ်မဆင်မခြင်မောင်းနှင်သူ တင်ထွေးနှင့် သန်းဖေတို့နှစ်ဦးအား ဂန့်ဂေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထို့ပြင် ဒီဇင်ဘာ ၁၆ ရက် ညနေ ၆ နာရီက ဂန့်ဂေါမြို့မရပ် ဗိုလ်ချုပ်လမ်းတွင် ဆိုင်ကယ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဂန့်ဂေါမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဂန့်ဂေါမြို့ မြို့မရပ်နေသူ မရွှေပန်း (၂၃)နှစ် မောင်းနှင်လာသော (နံပါတ်မပါ)ကမ်ဘို ၁၂၅ အစိမ်းပုပ်ရောင်ဆိုင်ကယ်သည် ဗိုလ်ချုပ်လမ်းအတိုင်း မောင်းနှင်လာစဉ် မျက်နှာချင်းဆိုင်မှ ဂန့်ဂေါမြို့ မိုးကောင်းရပ်နေ မမိုးမိုးသင်း (၁၉)နှစ် မောင်းနှင်ပြီးနောက်မှ မနီနီဖြိုးလိုက်ပါလာသော ၂၄ယ/. . . ရှာရမ်း ၁၁၀ အနက်ရောင်ဆိုင်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။ ထိုသို့တိုက်မိမှုကြောင့် မရွှေပန်းတွင် ဝဲပါးဖူး ရောင်၊ ဝမ်းဗိုက်ဝဲဘက်ခြမ်း နာကျင်ဒဏ်ရာ၊ မမိုးမိုးသင်းတွင် အပေါ်/အောက်နှုတ်ခမ်း၊ ဝဲလက်ဖျံဖူးရောင်၊ ဝဲပေါင်နာကျင်ဒဏ်ရာနှင့် မနီနီဖြိုးတွင် ဝဲခြေသလုံးနာကျင်၊ ယာနားပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့သဖြင့် ဆိုင်ကယ်မဆင်မခြင်မောင်းနှင်သူ မရွှေပန်းနှင့် မမိုးမိုးသင်းတို့အား ဂန့်ဂေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ ဒီဇင်ဘာ ၁၆ ရက် ည ၈ နာရီတွင် အောင်လံမြို့နယ် မကျီးကုန်းရပ်ကွက် ကိုးသိန်းကုန်းတောင်ဘုရားပွဲလမ်း၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အောင်လံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အောင်လံမြို့နယ် မိုးကောင်းရွာနေ ဇော်မင်းလတ် (၂၅)နှစ်မောင်းနှင်လာသည့် ၅၄/. . . . . သုံးဘီးဆိုင်ကယ်သည် ခရီးသည် ၁၅ ဦး တင်ဆောင်လျက် မကျီးကုန်းရပ်ကွက်မှ ကိုးသိန်းကုန်းဘုရာလမ်းအတိုင်း အနောက်မှအရှေ့သို့မောင်းနှင်လာစဉ် သုသာန်အတက်အရောက် ဂီယာပြုတ်၍ နောက်ပြန်လိမ့်ကာ လမ်းယာဘက်သို့လဲကျတိမ်းမှောက်သွားခဲ့သည်။ ထိုသို့တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည်များအနက် အောင်လံမြို့ မကျီးကုန်းရပ်ကွက်နေသူများဖြစ်ကြသော အေးဝင်း (၄၂)နှစ်တွင် ဝဲ/ယာခြေဖဝါးပေါက်ပြဲပွန်းဒဏ်ရာ၊ တင်မိုးခိုင် (၂၅)နှစ်တွင် ဝဲနှာခေါင်းပွန်းပဲ့၊ ခါးနာ၊ အပေါ်သွားနာဒဏ်ရာနှင့် ကိုကိုအောင် (၃၀)နှစ်တွင် ဝဲချိုစောင်းဖူးရောင်၊ ယာတံတောင်နာကျင်ဒဏ်ရာများရရှိခဲ့သောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ဇော်မင်းလတ်အား အောင်လံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

အကောက်ခွန်မဲ့ ပစ္စည်းတချို့လမ်းကြောင်း ပြောင်းဝင်ရောက်မှုသတိထားရန် လိုအပ်

ပဲခူး ဒီဇင်ဘာ ၁၈

ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး စားသုံးသူအကာအကွယ်ပေးရေးနှင့် ကုန်သွယ်မှုထိန်းချုပ်ရေးအဖွဲ့ (Mobile Team-2) ပူးပေါင်း အဖွဲ့ဝင်များသည် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆောင်ရွက်ခဲ့ရာ ပူးပေါင်းအဖွဲ့ (၈)ဖွဲ့တက်ရောက်ခဲ့ကြပြီး အဖွဲ့ခေါင်းဆောင် ဦးဝင်းသက်လင်းက ဒီဇင်ဘာ ၁၃ ရက် နံနက် ၄ နာရီတွင် မော်လမြိုင်မှ ရန်ကုန်သို့ ယာဉ်မောင်းအောင်ထွန်းဦး မောင်းနှင်လာသော ကုန်တင်ယာဉ် အမှတ် ၄စ/. . . အား ပူးပေါင်းအဖွဲ့ဖြင့် ရပ်တန့်စစ်ဆေးရှာဖွေရာ ပုလင်းခွံဟောင်းများ၊ စက္ကူဖာဟောင်းများနှင့် ဖုံးအုပ်သယ်ဆောင်လာသော အိန္ဒိယနိုင်ငံထုတ် Beer (King Fisher) ဖာ ၂၀၀ ကာလတန်ဖိုး ကျပ် ၁၄၄၀၀၀၀ အား တရားမဝင်တင်ဆောင်လာကြောင်း တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့ကြောင်း၊ ယာဉ်မောင်း အောင်ထွန်းဦး (၂၇)နှစ် အောင်သာယာရပ်ကွက် သံဖြူဇရပ်နေသူ၊ ယာဉ်နောက်လိုက်တင်ထွန်းနိုင် (၂၈)နှစ် သီရိမင်္ဂလာရပ် မော်လမြိုင်မြို့နှင့် ကုန်ပစ္စည်းပိုင်ရှင် မင်းမင်း (၂၃)နှစ် (အရောင်းအဝယ်) ဘိုကုန်းရပ် မော်လမြိုင်မြို့နေသူ သုံးဦးအား ၂၀၁၂ ပို့ကုန်၊ သွင်းကုန်ဥပဒေအရ ဝေါမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူခဲ့သည်။ ယင်းကဲ့သို့ လမ်းကြောင်းပြောင်း ဝင်ရောက်လာခဲ့သည့် အကောက်ခွန်မဲ့ ပစ္စည်းများအား အထူးရှာဖွေစစ်ဆေးအရေးယူနိုင်ကြရန် သတိထားကြဖို့ အဖွဲ့ခေါင်းဆောင်က မှာကြားခဲ့ကြောင်း သိရသည်။

(၅၈၈)

ဖမ်းဆီးရမိသောအသားတုများ မီးရှို့ဖျက်ဆီး

ဝေါ ဒီဇင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စစ်တောင်း-ဒိုက်ဦးလမ်းဆုံရှိ Mobile Team-2 ပူးပေါင်းအဖွဲ့မှ ဒီဇင်ဘာ ၈ ရက် နံနက် ၅ နာရီတွင် စစ်ဆေးရေးဂိတ်အရှေ့ဘက် ၁ ဒသမ ၅ မိုင်အကွာ၌ တရားမဝင် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ ယာဉ်ဖြင့်သယ်ဆောင်ရန်စုပုံထားသော အသားတု (၁×၈ kg) ၄၀ ထုပ် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၀၄၀၀ အား စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့ပြီး ရှာဖွေရေးဂိတ်၏အရှေ့ဘက် ကိုက် ၃၀၀ ခန့်အကွာ ရန်ကုန်- မုတ္တမကားလမ်းဘေး၌ ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီခွဲတွင် ပူးပေါင်းအဖွဲ့ရှေ့မှောက်တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

(၅၈၈)

လမ်းဖြတ်ကူးသူများအား ဆိုင်ကယ်အရှိန်လွန်ဝင်တိုက်

မန္တလေး ဒီဇင်ဘာ ၁၈

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက် မန္တလာသီရိအားကစားကွင်း မြောက်ဘက်အနီး (၆၈)လမ်း၊ သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြား၌ ဒီဇင်ဘာ ၁၅ ရက် ညနေ ၆ နာရီက (၆၈)လမ်းအတိုင်း တောင်မှမြောက်သို့ ရဲရင့်အောင် (၂၅)နှစ် (က)ရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ်နေသူ စီးလာသည့် ယာယီ/. . . . စူပါအန်ဘို ဖြူ/နီ/နက် ဆိုင်ကယ်သည် လမ်းဖြတ်ကူးသူ ကျော်စိုး (၂၁)နှစ် သံလျက်မော်အရှေ့ရပ်ကွက် မဟာအောင်မြေမြို့နယ် နေသူနှင့် ၎င်း၏ဇနီး မရွှေရည်ဝင်း (၂၃)နှစ်တို့အားအရှိန်လွန်ကာ ဝင်ရောက်တိုက်မိသဖြင့် ရဲရင့်အောင်၊ ကျော်စိုးနှင့် မရွှေရည်ဝင်းတို့ ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် မန္တလေးဆေးရုံသို့ တင်ပို့ခဲ့သည်။ ဒုရဲအုပ် ရဲနိုင်ထွန်းက တရားလိုပြုလုပ်ပြီး ရဲရင့်အောင်အား နယ်မြေရဲစခန်း (အမှတ်-၁၁)က အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

ပခုက္ကူ ဒီဇင်ဘာ ၁၈

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ် (၁၃) ရပ်ကွက် ဦးမြင့်ကျော် (၃၈) နှစ်၏ နေအိမ်တွင် အသုံးပြုသော မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့သည်။ ထိုသို့ မီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်ခုနစ်လုံးနှင့် အလုပ်ရုံတစ်ရုံ မီးလောင်ကျွမ်းခဲ့သည်။

မီးလောင်ရာတွင် ဒေါ်ငွေး (၆၀) နှစ် သေဆုံးသွားခဲ့သောကြောင့် မီးပေါ့ဆစွာ အသုံးပြုသူ မြင့်ကျော်အား ပခုက္ကူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အေးမြတ်သူ)

မွေးနေ့ဆုတောင်း

အန်ကယ် ဦးထွန်းကြည် (ရွှေဟင်္သာပါကေးစက်ရုံ)၏ ၁၉-၁၂-၂၀၁၃ ရက်တွင် ကျရောက်သော စိန်ရတုမွေးနေ့ရက်မြတ်မှသည် နောက်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် သာသနာပြုနိုင်ပါစေကြောင်း ဆန္ဒပြု ဆုမွန်ခြွေအပ်ပါသည်။

သမီးတော်စွမ်းအားအထည်ချုပ်စက်ရုံမိသားစု
ရွှေပေါက်ကံစက်မှုဇုန်

ကျေးဇူးဆပ်ပါမည်
နိုင်ငံကူးလက်မှတ်ပျောက်ဆုံးခြင်း

အရှင်မဟိဿရ၏ နိုင်ငံကူးလက်မှတ် A.344331 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးအပ်ပါရန်။

ဆက်သွယ်ရန်ဖုန်း-၀၉ ၄၉၂၉၁၄၅၆

ဆောင်းရာသီဝင်ရောက်ချိန် အိန္ဒိယနယ်စပ်၌ တရုတ်ဂွမ်းကပ်စောင်များ အရောင်းသွက်

ကလေး ဒီဇင်ဘာ ၁၈

ဆောင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် အိန္ဒိယ-မြန်မာနယ်စပ် နန်းဖာလုံဈေးသည် အရောင်းအဝယ် ကောင်းလာခဲ့ပြီး တရုတ်နယ်စပ်မှ တိုက်ရိုက်ကားကြီးများဖြင့် ဝင်ရောက်လျက်ရှိသော တရုတ်ဂွမ်းကပ်စောင်နှင့် အထည်အလိပ်များသည် အရောင်းသွက်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

"အခုရက်ပိုင်းကတော့ အိန္ဒိယဘက်က ကုန်သည်တွေလည်း လယ်ယာလုပ်ငန်းက ပြီးပြီဆိုတော့ ငွေရှင်တဲ့အချိန်လို့ ပြောရမှာပေါ့။ ကုန်သည်တွေလည်း တောက်လျှောက်လာတော့ မိုးတွင်းကထက်စာရင် အရောင်းအဝယ်က ကောင်းလာပါတယ်။ ဆောင်းရာသီအဝင်ဆိုတော့ တရုတ်ဘက်ကလာတဲ့ ဂွမ်းကပ်စောင်တို့၊ မွေးပွစောင်တို့၊ အဝတ်အစားတွေ အရောင်းရဆုံးပဲ"ဟု နန်းဖာလုံနယ်စပ်ဈေးမှ ဈေးသည်တစ်ဦးက ပြောကြားသည်။

နန်းဖာလုံနယ်စပ်ဈေးသည် အိန္ဒိယ-မြန်မာနယ်စပ်ဈေးဖြစ်၍ တစ်ဖက်နိုင်ငံ၏ဝယ်လိုအားကို အဓိကအားထားရောင်းချရသော ဈေးဖြစ်ကာ ဒေသတွင်း ထွက်ကုန်များ မုံရွာ၊ မန္တလေး၊ ပခုက္ကူ၊ ရန်ကုန်စသည့်မြို့ကြီးများနှင့် အိန္ဒိယနယ်စပ်ဟုဆိုသော်လည်း တရုတ်နယ်စပ် မူဆယ်ဘက်မှ ကုန်ပစ္စည်းများပါ ကုန်ကားကြီးများဖြင့် တိုက်ရိုက်ဝင်ရောက်လျက်ရှိသောကြောင့် တရုတ်လူသုံးကုန်ပစ္စည်းများပါ ဈေးနှုန်းချိုသာစွာဖြင့် သုံးစွဲနိုင်သောကြောင့် အိန္ဒိယဘက်မှ ဝယ်လိုအားနှင့် မြန်မာနိုင်ငံတမူးမြို့ခံများနှင့် ခရီးသွားဧည့်သည်များ၏ ဝယ်လိုအားကြောင့် တရုတ်ပစ္စည်းများမှာ အရောင်းသွက်လျက်ရှိသည်။

ယခုရက်ပိုင်း နန်းဖာလုံနယ်စပ်အတွင်းရှိ ကုန်စည်ဈေးကွက်တွင် ဒေသထွက် ကြက်သွန်နီမှာ အဓိကထား ဝင်ရောက်လျက်ရှိပြီး လူသုံးကုန်ပစ္စည်းများထဲတွင် အင်္ကျီ၊ ဘောင်းဘီရှည်နှင့် စောင်များမှာ အဓိကထား ဝင်ရောက်လျက်ရှိပြီး အိန္ဒိယကုန်ပစ္စည်းများလည်း တရုတ်ပစ္စည်းများနှင့် အပြိုင်အရောင်းသွက်လျက်ရှိသည်။ "တရုတ်စောင်တွေမှ မဟုတ်ပါဘူး။ အိန္ဒိယခြုံစောင်တွေလည်း အရောင်းသွက်တယ်။

ခြုံစောင် ဈေးတွေကတော့ တစ်သောင်းကျော်လည်းရှိတယ်။

နှစ်သောင်းကျော်လည်းရှိတယ်၊ အမျိုးမျိုးပဲ"ဟု နန်းဖာလုံဈေးအတွင်း တရုတ်ပစ္စည်းများရောင်းချနေသူ ဈေးသည်တစ်ဦးက ဆိုသည်။

(လင်းလက်ကြယ်စင်)

ကျောချောင်းတစ်ခွင်အာလူးစိုက်ပျိုးရန်တောင်သူများထွန်ရေးပြင်

ပေါက် ဒီဇင်ဘာ ၁၈

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ် ကျောချောင်းတစ်လျှောက်တွင် ဆောင်းဦးကာလ၌ အာလူးစိုက်ပျိုးရန် တောင်သူများ စတင်ထွန်ယက် ဆောင်ရွက်နေကြောင်း သိရသည်။

'ကျွန်တော်တို့ရွာမှာ အိမ်ထောင်စုတိုင်း အာလူးစိုက်ပျိုးခြင်း၊ ကြက်သွန်စိုက်ပျိုးခြင်းများ ဆောင်ရွက်ဖို့ မြေနေရာအတွက် အခမဲ့ မဲနှိုက်ယူရပါတယ်။ မဲကျရာနံပါတ်အလိုက် မြေနေရာ(ဝေကျိုး)ရတယ်။ (၁၀)တောင် ပတ်လည်ကို တစ်ကျင်းခေါ်ပါတယ်။ တစ်ဦးမဲကျ တစ်နေရာကို ကျင်း ၃၀ မှ ၄၀ ကျော်အထိ ရနိုင်ပါတယ်။ နွားရှဉ်းလေးရှဉ်းမှ ခုနစ်ရှဉ်းအထိ ဆွဲရပါတယ်။ တစ်မနက်ဆိုရင် ထွန်ဦးစီးလုပ်အားခ ကျပ် ၁၅၀၀ ရှိပါတယ်။ ယခင်က နွားတစ်ရှဉ်းကို ၃၅၀၀ ကျပ်ပေးခဲ့ရပါတယ်။ ယခုအခါ ကျပ် ၄၀၀၀-၄၅၀၀အထိ ဈေးနှုန်းမြင့်တက်လာပါတယ်။ ကျွဲတစ်ရှဉ်းကို ကျပ် ၅၀၀၀ အထိပေးရပါတယ်' ဟု အင်းတောရွာမှ တောင်သူတစ်ဦးက ပြောကြားသည်။

အာလူးစိုက်ပျိုးရန်အတွက် မြေကို ပြုပြင်ရာ မြေဆွဲခြင်း၊ မြေဖို့ခြင်း၊ မြေသားညှိခြင်းများဆောင်ရွက်ကာ ကျင်း ၈၀ ခန့် ရရှိမည့် မြေအရိုင်း (သဲသောင်ပြင်) တစ်နေရာလျှင် လေးသောင်းငါးထောင်ကျပ်၊ ငါးသောင်းကျပ်ဈေးအထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ ယခုအချိန်တွင် အာလူးစိုက်ရန်အတွက် မြေနေရာ၊ နွားရှဉ်း၊ မြေဆွဲခ၊ နွားချေးမြေဩဇာ၊ မြေဆီစသည့်အပြင် လုပ်အားခများ ရှိနေရာ အာလူးစိုက်တောင်သူများ အရင်းအနှီး ကုန်ကျစရိတ်များပြားသည့်အတွက် ရင်းနှီးရမှုနှင့် ထွက်ရှိလာမည့် အာလူးတွက်ခြေကိုက်ပါ့မလားဟု တောင်သူများ တွက်ဆနေကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

ညဉ့်

မောင်မောင်(ယထ)

'ညဉ့်'ဆိုသည် ဉာဏ်၊ စိတ်သဘောထား၊ အလေ့အထဟူ၍ မှတ်သားရပါ၏။ ပမာအားဖြင့် မည်မျှစောင့်ရှောက်ဆုံးမထိန်းသိမ်းသော်လည်း ပျက်စီးသွားသည့်ခေတ်သစ်ပျိုမေလေးတစ်ယောက်ကို ကြုံဖူးပါ၏။ သူသည် သူ့ 'ညဉ့်'ကိုက ဆော့ချင်တတ်၍ ပျက်စီးရသည်ဟူ၍ ဆိုလိုပါ၏။

တစ်ချို့က အပြစ်ဆိုကြ၏။ သူတို့အဖို့ 'ညဉ့်'ဆိုသည်မရှိ။ ပတ်ဝန်းကျင်အခြေအနေကြောင့်သာဖြစ်၏။ ခေတ်သစ်ပျိုမေလေးများ ပျက်စီးခြင်းသည် စီးပွားရေးစနစ်ကြောင့်ဟူ၏။ 'ညဉ့်'ကြောင့် မဟုတ်နိုင်ဘူးဟူ၏။

စင်စစ်ကျွန်တော်လေ့လာသိရှိမှတ်သားမိသမျှ "ညဉ့်ဆိုး"သည် မွေးရာပါဖြစ်ပါ၏။ "ပဋိသန္ဓေတည်စမှာ အခြေအနေလေးတွေဝင်နေသည်"ဟူ၍ ခေတ်မီသိပ္ပံပညာကဖော်ပြခြင်းငှာ မစွမ်းသာသည့်ကိစ္စ"ဟူ၍ ဆေးပညာရှင်များကဆိုပါ၏။ အနီးအခြေအနေလေးများကြောင့် လူ၏စိတ်နေစိတ်ထား စိတ်သဘောထား၊ အလေ့အထများသည် တစ်ဦးနှင့်တစ်ဦး မတူကွဲပြားနေရ၏ဟုဆို၏။ သည်အထဲတွင် အကြောင်းအကျိုးတင်ပြပြော၍ မဖြစ်နိုင်သည့် "ညဉ့်ကလေး" ပါလာ၏ဟုဆို၏။ လူတိုင်းမှာ 'ညဉ့်' တစ်ခုခုရှိကြ၏။ အများကို ထိခိုက်စေသည့် ညဉ့်ကို "ညဉ့်ဆိုး"ဟုခေါ်၏။ စင်စစ်စိတ်သဘောထားလေးတစ်မျိုးဖြစ်၏။ တွေးနည်းတွေးဟန်လေးတစ်မျိုးဖြစ်၏။

ပမာအားဖြင့် ညီအစ်ကိုနှစ်ယောက် အတူနေ၊ အတူစား၊ အတူသွား၊ အတူလာ၊ အတူလှုပ်ရှား အခြေအနေအားလုံး အတူတူဖြစ်၏။ မိဘ၏ပြုစုမှုလည်း အတူတူ၊ ပတ်ဝန်းကျင်အခြေအနေလည်းအတူတူ၊ သို့သော် တစ်ယောက်က "ညဉ့်" ဆိုး၏။ တစ်ယောက်က "စိတ်ရင်းကောင်း"၏။

စိတ်နှင့်ရုပ်သည် တစ်ခုကိုတစ်ခု အမှီပြုသွားသည်မှာ မှန်ပါ၏။ သို့သော် စိတ်က ဦးဆောင်သွားသည်မှာများပါ၏။ စင်စစ် စိတ်သည် အရေးကြီး၏။ အပြင်စိတ်၊ အတွင်းစိတ်ဟူ၍ နှစ်မျိုးရှိပါသည်။ အပြင်စိတ်ကို ပြုပြင်၍ ရနိုင်၏။ ဝါဒသွင်း၍ ရနိုင်မည်။ အတွင်းစိတ်မူကား "လူသဘာဝအစစ်" (ပဋိသန္ဓေစိတ်) ဖြစ်လေ၏။ သို့ဖြင့် ပြုပြင်ပုံသွင်းရန်ခက်ခဲပါလိမ့်မည်။

နိုင်ငံကြီးတချို့မှာ စီးပွားရေးစနစ်ကောင်း၊ စနစ်မှန်ရှိပြီဟု ဆိုနိုင်ပါမည်။ သို့နှင့် စာရိတ္တကောင်းလှချည်၏ဟူ၍ တစ်ထစ်ချ မမှတ်ယူလိုက်ပါနှင့်။ သူတို့မှာလည်း "စိတ်"များနှင့်ဖြစ်ကြ၏။ သို့ဖြင့် သူတို့မှာလည်း 'ညဉ့်'အမျိုးမျိုးရှိကြသည်ဟူ၍ မိဘပြည်သူများအတွက် သုတအလို့ငှာ၊ 'ညဉ့်'အကြောင်း လက်လှမ်းမီသမျှ တင်ပြလိုက်ပါရစေ. . ။

သို့ဖြင့် 'ညဉ့်'ဆိုးရှာကြသူတို့သည် ပုထုဇဉ်လူသားစင်စစ် ဧကန်ဖြစ်ကြပါ၏။ မွေးရာပါ'ညဉ့်ဆိုး'လေးများ ပါလာရှာကြ၏။ လူကိုလူလို မြင်အောင်လူအဖြစ်သာ မြင်အောင်ကြည့်နိုင်ပါက ကိုယ်နှင့်ထပ်တူ အားလုံးချစ်စရာ၊ ကြင်နာစရာ၊ ဝမ်းသာစရာ၊ ခွင့်လွှတ်စရာချည်းကိုသာမြင်မည်။ ကိုယ်လည်းလူဖြစ်၏။ ကိုယ့်ကိုယ်ကိုယ်ချစ်နိုင်၊ ကြင်နာနိုင်၊ ဝမ်းသာနိုင်၊ ခွင့်လွှတ်နိုင်ပါလျှင် ကိုယ်နှင့်မူရင်းဇစ်မြစ်အားဖြင့် တစ်ခုတည်းဖြစ်သောသူတို့ကို အဘယ်ကြောင့် မချစ်နိုင်၊ မကြင်နာနိုင်၊ ဝမ်းမသာနိုင်၊ ခွင့်မလွှတ်နိုင်ဖြစ်ရပါမည်နည်း။

အစိုးရ/စီးပွားရေးကြော်ငြာ

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
စက်ပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လုပ်ငန်းလိုအပ်ချက်အရ အောက်ဖော်ပြပါ စက်ပစ္စည်းများအား ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

(က) ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ

1. 70 Meter Guyet Tower	1 Set
2. 30KVA Generator (FG Wilson)	1 Set
3. Tape and Disc	
(a) CD RW Rewriteable CD with Box	100 Nos
(b) CD R Recordable CD with Box	4100 Nos
(c) Cassette Tape(C-60)	1500 Nos
4. TV Spare Part	
(a) UTV 020 TR (PA Driver for AGBE)	5 Nos

(ခ) ရုံးသုံးစက်ကိရိယာပစ္စည်းများ

1. Head Set (Ear Phone)	20 Set
2. Floor Standing Type Aircon(5Ton, 400V, 3Ø, 50Hz)	8 Set
3. Floor Standing Type Aircon(3.5 Ton, 400V, 3Ø, 50Hz)	2 Set
4. Dehumidifier (20 Lit/ day)	20 Set
5. Compressor(Carrier, 06 ET-299-360)(Semi Hermastic Type)	2Nos
6. Compressor(Carrier, 06 ET-265-360)(Semi Hermastic Type)	2 Nos
7. 250 KVA Stand by Generator(Open type)(FG Wilson)	1 Unit
8. 100 KVA Generator(Sound proof type)(FG Wilson)	1 Unit

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၁၂-၂၀၁၃ ရက်မှစတင်၍ နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၁၂-၂၀၁၃ရက် နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းအမျိုးအစားစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

၅။ ဈေးနှုန်းစိစစ်မှုကို ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)
ပြန်ကြားရေးဝန်ကြီးဌာန၊ ဖုန်းအမှတ်-၀၆၇-၇၉၀၃၅၊ ၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၀၇၉

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း မိုင်တိုင်အမှတ်(၁၁၉)အနီးတွင် ခေတ်မီအဆင့်မြင့်ယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်းလုပ်ငန်း(PPP)စနစ်ဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့်ရက်	- ၁၆-၁၂-၂၀၁၃ရက်မှ၁၅-၁-၂၀၁၄ရက်အထိ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)
တင်ဒါလျှောက်လွှာနောက်ဆုံးတင်ရမည့်ရက်	- ၁၆-၁-၂၀၁၄ ရက် (၁၆း၀၀)နာရီ
တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ	- လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့။
ဆက်သွယ်ရန်	- ၀၈၁-၂၀၁၉၀၄ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အေးသာယာကားကြီးကွင်း အနောက်ဘက်တွင် ပြည်သူ့အိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်း(PPP) စနစ်ဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့်ရက်	- ၁၆-၁၂-၂၀၁၃ ရက်မှ ၁၅-၁-၂၀၁၄ရက်အထိ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)
တင်ဒါလျှောက်လွှာနောက်ဆုံးတင်ရမည့်ရက်	- ၁၆-၁-၂၀၁၄ ရက် (၁၆း၀၀)နာရီ
တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ	- လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့။
ဆက်သွယ်ရန်	- ၀၈၁-၂၀၁၉၀၄ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)



Taxi ကားသစ်ငှားမည်

Toyota Caldinal နောက်လေး၊ CC/....၊ ကားသစ်၊ တစ်လက်ကိုင်၊ CNG ကျကာနီး၊ တောင်ဥက္ကလာ။
ဖုန်း-၀၉ ၅၀၂၀၃၈၀၊ ၀၁-၅၆၁၉၇၀

စေတနာတိုင်းရင်းဆေးခန်း ဖွင့်လှစ်

ဝါးခယ်မ ဒီဇင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏လမ်းညွှန်မှုဖြင့် မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဒီဇင်ဘာ ၁၅ ရက် နံနက် ၈ နာရီက မင်းပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် စေတနာတိုင်းရင်းဆေးခန်းဖွင့်လှစ်၍ အခမဲ့ဆေးကုပေးကြသည်။

ထိုသို့ အခမဲ့ဆေးကုပေးရာတွင် မြို့နယ်တိုင်းရင်းဆေးဦးစီးမှူး ဒေါ်တင်တင်နုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သတင်းထောက် ဦးနေမျိုးအောင်၊ မင်းပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမိုးဆွေနှင့် ရပ်ကွက်အထောက်အကူပြုအဖွဲ့ဝင်များမှ လိုအပ်သည်များကို ကူညီပံ့ပိုးပေးကြသည်။ ရောဂါဝေဒနာရှင်ပေါင်း ၅၀ ကျော်အား အခမဲ့ကုသပေးပြီး မြို့ပေါ်ရပ်ကွက်များသို့ တစ်လလျှင် နှစ်ကြိမ် အခမဲ့ ကုသပေးလျက်ရှိကြောင်း သိရသည်။ **(၁၈၂)**

မြန်မာနိုင်ငံ စာပေပညာရှင်များ ကန်တော့ခံပစ္စည်းနှင့် ငွေများ အိမ်တိုင်ရာရောက် ဂါရဝပြုပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၁၈

မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ ကြီးမှူးကျင်းပခဲ့သော မြန်မာနိုင်ငံ စာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များပူဇော်ပွဲသို့ မတက်ရောက်နိုင်ကြသည့် ကမာရွတ်မြို့နယ် သံလွင်လမ်း အမှတ်(၁၁၇)(ဂျီ)နေ စာရေးဆရာ၊ သီချင်းရေးဆရာကြီး ဦးကျော်ဆန်း(သုခိအောင်)နှင့် ကမာရွတ်မြို့နယ် (၁) ရပ်ကွက် ဇေယျာသီရိလမ်း အမှတ်(၃)နေ စာရေးဆရာမကြီး ဒေါ်အုံးခင်(အင်းလျားကြည်ရွှင်)တို့အား မြန်မာနိုင်ငံစာရေးဆရာအသင်း စာဆိုတော်နေ့ပူဇော်ပွဲကျင်းပရေးကော်မတီကိုယ်စား ကမာရွတ်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဦး(နွယ်ဦးလှိုင်)နှင့် အဖွဲ့ဝင်ဦးတင်ထွန်းအေး(ဆောင်းသွေးခင်-စီးပွားရေး)တို့က ဒီဇင်ဘာ ၁၆ ရက်တွင် ကန်တော့ခံပစ္စည်းနှင့်ကန်တော့ခံငွေများကို အိမ်တိုင်ရာရောက် ဂါရဝပြုပေးအပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစရိးသည်

မကွေးမြို့နယ်အတွင်း အထွက်နှုန်းကောင်းသည့်ငွေချည်(၆)ဝါများ စိုက်ပျိုးမှုများပြားလာ

မကွေး ဒီဇင်ဘာ ၁၈

မကွေးမြို့နယ် မင်းဘူးခရိုင်နှင့် သရက်ခရိုင်များတွင် ငွေခြည်(၆)ဝါ မျိုးသန့်မျိုးပွားများကို အဓိကထား၍ စိုက်ပျိုးလျက်ရှိပြီး ဝါအထွက်နှုန်းကောင်းမွန်မည်ဟု စိုက်ပျိုးရေးပညာရှင်များက ခန့်မှန်းလျက်ရှိသည်။

ရေမြေတောတောင် ဥတုသဘာဝနှင့်ကိုက်ညီသော ဝါစိုက်ပျိုးခြင်းကို မိုးနှောင်းကာလများ၌ ပို၍စိုက်ပျိုးလာကြပြီး ယခင်သမားရိုးကျ စိုက်ပျိုးခြင်းမှ ဝါအထွက်နှုန်းကောင်းမွန်သည့် (GAP)စိုက်စနစ်ကို ပြောင်းလဲစိုက်ပျိုးလာကြကြောင်းသိရသည်။

"မိုးနှောင်း ငွေခြည်(၆)ဝါ မျိုးသန့်မျိုးပွားကို (GAP)စနစ်နဲ့ ငါး ဧက စိုက်ပျိုးထားပါတယ်။ ဒီစိုက်ပျိုးနည်းက စိုက်ပြီး သုံးလအတွင်းမှာ တစ်ဧကပျမ်းမျှဝါပင် ၁၃၅၉၀ ရှိပြီးတော့၊ တစ်ပင်ပျမ်းမျှ ၃၂ လုံးရှိတဲ့အတွက် တစ်ဧကကို ၁၀၀၇ ပိဿာကျော် ကျော် ထွက်မှာ သေချာပါတယ်" ဟု ဒေသခံ ဝါစိုက်တောင်သူတစ်ဦးက ပြောကြားသည်။ မြန်မာ့ဝါထွက်ကုန်များမှာ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိ ဈေးကောင်းရသဖြင့် ဝါစိုက်တောင်သူများ အဆင်ပြေ တွက်ခြေကိုက်လျက်ရှိသည်။

နိုင်ငံတော်ကလည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် တောင်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်မြင့်သည့် လုပ်ငန်းစဉ်အဖြစ် သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ လမ်းညွှန်မှုနှင့်အညီ မြို့နယ်စိုက်ပျိုးသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ စိုက်ပျိုးရေးပညာရပ်များကို ကျေးလက်တောရွာများ အရောက်ကွင်းဆင်းဟောပြောပို့ချလျက်ရှိကြောင်း သိရသည်။ **ကျော်စွာ(မကွေး)**

စာချစ်သူများ၏စာပေဟောပြောပွဲကျင်းပ

ကျောက်တန်း ဒီဇင်ဘာ ၁၈

ရန်ကုန်(တောင်ပိုင်းခရိုင်)ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲ အမှတ်(၁)ရပ်ကွက် သုံးလောကထွဋ်ခေါင်မာရ်အောင် ရတနာဘုရားကြီး တန်ဆောင်းတွင် တံတားမြို့နယ်ခွဲအတွင်းရှိ စာချစ်သူစာပေဝါသနာရှင်များမှ စုပေါင်း၍ စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၅ ရက် ည ၇နာရီခွဲက ကျင်းပရာ စာရေးဆရာ ဆရာနိုင်ဝင်းသီက 'စာဖတ်ခြင်းအနုပညာ' ခေါင်းစဉ်ဖြင့် ရသစာပေ၏ တန်ဖိုးနှင့် ရသစာပေဖတ်ခြင်း၏အကျိုးများကို လည်းကောင်း၊ စာရေးဆရာ ဆရာကောင်းသန့်က 'စာရေးသူတစ်ဦး၏ဘဝဖြတ်သန်းမှု' ခေါင်းစဉ်ဖြင့် စာရေးသူများ၏ စာပေအပေါ်ခံယူချက်၊ ယုံကြည်ချက်နှင့် ပြည်သူနှင့်စာပေဝါသနာရှင်များအပေါ်ထားရှိသည့် စေတနာ၊ မေတ္တာနှင့် နားလည်သိတတ်မှုပိုင်းကိုလည်းကောင်း၊ စာရေးဆရာ ဆရာမောင်ဝင့်ဝါ(သန်လျင်)က 'ဒီမိုကရေစီနှင့်ပြန်လည်တွေ့ဆုံခြင်း' ခေါင်းစဉ်ဖြင့် ဒီမိုကရေစီ၏သဘောတရား၊ ဒီမိုကရေဒီ၏အနှစ်သာရနှင့်အဓိပ္ပာယ် ငွေဝယ်ကျွန်စနစ်ကို တိုက်ဖျက်ခဲ့သည့် သမ္မတအီဗရာဟင်လင်ကွန်းအကြောင်း စသည် စသည်ဖြင့် စာရေးဆရာအသီးသီးမှ မှတ်သားဖွယ်၊ အတုယူဖွယ်၊ အံ့သြဖွယ်၊ ရင်နင့်ဖွယ်စသည့် ရသအမျိုးမျိုးကို စာပေဟောပြောပွဲသို့ တက်ရောက်နားထောင်သူများအား မျှဝေခံစားပေးခဲ့ကြောင်းသိရသည်။**အောင်ဆွေ(ရွှေတံတား)**

ရှေ့ဂုဏ်သူအဆင့်မြင့်အိမ်ရာ အောက်ကြည့်မြင်တိုင်လမ်းနှင့် ပန်းလှိုင်လမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်

Ph:01-538788 Ex-1120

မန်နေဂျာ **ကျား(၁)ဦး**
- -တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- -အသက်(၃၅)မှ(၅၀)အတွင်း ဖြစ်ရမည်။
- -အိမ်ရာကော်မတီကိုယ်စားစီမံခန့်ခွဲနိုင်ရမည်။
- -အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှုအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။

Office Staff **ကျား/မ(၂)ဦး**
- -တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ(သို့) (၁၀)တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- -စိတ်ရှည်သည်းခံ၍ ကြိုးစားလုပ်ကိုင်နိုင်သူဖြစ်ရမည်။
- -ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူဖြစ်ရမည်။

ပြုပြင်ထိန်းသိမ်းရေး(လျှပ်စစ်)ဝန်ထမ်း **ကျား(၃)ဦး**
- -မီးစက်/လျှပ်စစ် အတွေ့အကြုံရှိသူကို ဦးစားပေးခန့်ထားမည်။
- -နေ့ဆိုင်း/ညဆိုင်း တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- -အသောက်အစားကင်း၍ အိမ်ရာစည်းကမ်းကို လိုက်နာနိုင်သူ ဖြစ်ရမည်။
- -နေရေးထိုင်ရေးအတွက် အိမ်ရာမှ ညှိနှိုင်းစီစဉ်ပေးမည်။

လုံခြုံရေးဝန်ထမ်း **ကျား(၅)ဦး**
- -လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- -နေ့/ည တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- -လုပ်ငန်းခွင်နှင့်နီးသူအား ဦးစားပေးခန့်ထားမည်။
- -လစာအပြင် အိမ်ရာမှ ထောက်ပံ့သော(ဆန်/ဆီ)ရိက္ခာရရှိမည်။
- -အသောက်အစားကင်း၍ အိမ်ရာစည်းကမ်းကို လိုက်နာနိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ လိုင်စင်ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ ၂၇-၁၂-၂၀၁၃ ရက် နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂Z°၊ မြေကွက်အမှတ် V Class ၁၂၈၊ မြေကွက်တည်နေရာအမှတ် (၂၉)၊ ရွှေတောင်တန်းလမ်း၊ (ဦးစိုးမောင် BF-၀၈၄၂၉၆)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဦးစိုးမောင်သည် ၄-၉-၂၀၁၃ရက်တွင်လည်းကောင်း၊ ၎င်း၏ဇနီး ဒေါ်သန်းသန်းအေးသည် ၁၂-၄-၁၉၉၉ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ၁။ ဒေါ်ခင်မျိုးဇင် [၁၂/စခန(နိုင်)၀၀၅၅၈၃] ၂။ ဒေါ်ခင်သန့်ဇင် [၁၂/လမတ(နိုင်)၀၁၀၅၁၉]၊ ၃။ ဒေါ်ခင်အေးစိုး [၁၂/လမတ(နိုင်)၀၁၀၅၁၈]၄။ ဦးညွန့်စိုး [၁၂/လမတ(နိုင်)၀၁၇၅၅၇]တို့က သားနှင့်သမီးတို့ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈၊ မြေကွက်အမှတ် (၄၈၂+၄၈၂ ၁/၂)၊ မြေကွက်တည်နေရာအမှတ် (၄၈၂+ ၄၈၂ ၁/၂)၊ (၂၈)ရပ်ကွက်၊ ဒဂုံမြောက်၊ (ဦးစိုးမောင် BF-၀၈၄၂၉၆)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစိုးမောင်-ဇနီး ဒေါ်သန်းသန်းအေးတို့ ကွယ်လွန်သဖြင့် ၁။ ဒေါ်ခင်သန့်ဇင်[၁၂/လမတ(နိုင်)၀၁၀၅၁၉] ၂။ ဒေါ်ခင်မျိုးဇင်[၁၂/စခန(နိုင်)၀၀၅၅၈၃]၊ ၃။ ဒေါ်ခင်အေးစိုး [၁၂/လမတ(နိုင်)၀၁၀၅ ၁၈] ၄။ ဦးစိုးညွန့် [၁၂/လမတ(နိုင်)၀၁၇၅၅၇] တို့က သား၊ သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကလေးမြို့နယ် အနောက်ခုံသာကျေးရွာအနီး နေရဉ္စရာမြစ်ရေလမ်းကြောင်းဖောက်လုပ်

ကလေး ဒီဇင်ဘာ ၁၈

ကလေးမြို့နယ် အနောက်ခုံသာကျေးရွာသည် ကလေးမြို့၏မြောက်ဘက် ၂၇မိုင်ခန့်အကွာ ကလေး-တမူး လမ်းမကြီးဘေးတွင် တည်ရှိပြီး ကျေးရွာအနီးတွင် စီးဆင်းလျက်ရှိသော နေရဉ္စရာမြစ်၏ ယခုနှစ်မိုးတွင်း မြစ်ရေကြီးမှုကြောင့် ကျေးရွာဘက်ကမ်းပါးတစ်လျှောက် မြစ်ရေတိုက်စားမှု ကြီးမားစွာဖြစ်ပေါ်လျက်ရှိရာ ရွာလုံးကျွတ် မြစ်ရေတိုက်စားမှုကင်းဝေးစေရေးအတွက် ရေလမ်းကြောင်းဖြောင့်ဖောက်လုပ်ခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၏ လမ်းညွှန်မှုဖြင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက လိုအပ်သည်များ ပံ့ပိုးကူညီလျက် ကလေးမြို့ ဆည်မြောင်းဦးစီးဌာနပိုင် စက်ယန္တရားကြီးကိုအသုံးပြု၍ ရေလမ်းကြောင်းဖြောင့် ဖောက်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ယင်းလုပ်ငန်းဆောင်ရွက်မှု အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ကလေးခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းသူအောင်လိုက်ပါလျက် ဒီဇင်ဘာ ၁၃ရက် ညနေပိုင်းတွင် အဆိုပါလုပ်ငန်းဆောင်ရွက်မှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ယင်းရေလမ်းကြောင်းသည် အကျယ် ပေ ၃၀၊ အနက် ၄ပေ၊ အရှည် ပေ ၂၂၀၀ ဖြင့် ဖောက်လုပ်ဆောင်ရွက်မည်ဖြစ်ကာ ယခုအချိန်တွင် အိမ်ခြေ ၃၀၀၊ လူဦးရေ ၁၅၅၅ဦး နေထိုင်သည့် အနောက်ခုံသာကျေးရွာသည် ရွာလုံးကျွတ် ပြောင်းရွှေ့ရမည့်အခြေအနေမှ ကာကွယ်ပေးနိုင်ခဲ့သဖြင့် ကျေးရွာနေ ပြည်သူများအားလုံး စိတ်အေးချမ်းသာ ပျော်ရွှင်လျက်ရှိကြကြောင်း သိရသည်။ **ဂျိုးနက်**

စီးပွားရေးကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းရှိ သဲကွင်းကားမှတ်တိုင်တွင် စားအုန်းဆီထုတ်ယူရန် စောင့်ဆိုင်းလျက်ရှိသည့် ကုန်တင်ကားကြီးများ ပိတ်ဆို့ရပ်တန့်ထားသဖြင့် ခရီးသွားလုပ်သားပြည်သူများ လိုင်းကားစီးရန် ကားလမ်းမပေါ်တက်၍ စောင့်ဆိုင်းနေရသည်ကို တွေ့ရစဉ်။
ထိန်ဝင်း(ကြည့်မြင်တိုင်)

အိုမင်းမစွမ်း

အောင်ကျော်ညို(ဆင်ချဆိပ်)

အိုမင်းမစွမ်းဟူသောစကားဝေါဟာရကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက "အိုလာရင် မင်းမစွမ်းတော့ဘူး ပေါ့ကွာ"ဟူ၍ ဟာသနှောပြောခဲ့ကြောင်း မှတ်သားဖူးပါသည်။ အသက်အရွယ်အိုမင်းလာသည်နှင့် ကြွေလွင့်ခါနီး ရွက်ဝါလိုရင့်ရော်လာခဲ့ရပါပြီ။ သန်တုန်းမြန်တုန်းလူမှုနယ်ပယ်အသီးသီးမှာ ကျရာတာဝန်မလစ်ဟင်းစေရ၊ အားမာန်အပြည့်ဖြင့် စွမ်းဆောင်ပေးခဲ့ကြသူများ၊ ဘဝနေညိုချိန်၊ ဇရာရိပ် ခိုလာရသည့်အခါ သွားသွားလာလာကအစ ထိုင်းမှိုင်းလေးလံ စိတ်သွားတိုင်း ကိုယ်မပါနိုင်ရှိလာခဲ့ရပြီ။ မျက်စိကမှိုင်း၊ နားကထိုင်းနှင့် သွားသတိ၊ လာသတိ၊ စားသတိ အလိုလိုနေရင်း သတိမြဲနေရပြီ။ အိုမင်းခြင်း၏ သင်္ကေတလက္ခဏာများ။

အရွယ်သုံးပါးကို လူသားတိုင်းဖြတ်သန်းကြရစမြဲ။ ပထမအရွယ်မိဘနှင့် ဆရာသမားအရိပ်ခိုကာ ရေမစုပ်ကြာမလှုပ် ဘဝမှာ အေးချမ်းသာယာရှိနေခဲ့ကြသည်။ ဒုတိယအရွယ်တွင် ကိုယ်ပိုင်ဘဝတစ်ခုခုကို ထူထောင် ကိုယ့်လမ်းကိုယ့်ဖောက်လျှောက်ကြရသည်။ ကိုယ့်ခြေကိုယ့်လက် ကိုယ့်သဘောနှင့်အားကြိုးမာန်တက် ရှိခဲ့ကြသည်။ အသက် ၆၀ပြည့်ပြီဆိုသည်နှင့် နိုင်ငံ့ဝန်ထမ်းများဆိုလျှင် မအိုချင်ဘဲအိုလိုက်ကြရသည်။ အဝိုင်းအဝန်းများနှင့်ဝေးကွာ အထီးကျန်ဘဝမှာ ဇရာခရီးဖြတ်သန်းကြရပြီ။ လက်ကျန်ဘဝမှာ ရင်ဆိုင်လာရမည့် နာခြင်း၊ သေခြင်းအတွက် အသင့်ပြင် နေညိုချိန်ကို တည်ငြိမ်အေးချမ်းဖြတ်သန်းနိုင်ရေး ဉာဏ်အသိကို ရှေ့တန်းတင်လာကြရပြီ။

လူသာမန်တို့အား ရှင်တော်ဘုရားက "ပုထုဇ္ဇနော၊ ဥမ္မတ္တကော"ဟု အမည်ကင်ပွန်းတပ်ပေးထားခဲ့သည်။ အတုအယောင်မာယာတောမှာ မွေ့လျော်တရားမတွေ့နိုင်ကြသူများဟု ဆိုလိုက်ခြင်း။ အရွယ်သုံးပါးတွင် တတိယအရွယ်ထိ ဆက်မိုက်နေကြသူများအတွက် ဆင်ခြင်စရာလောကထွန်းထား၏ မဟာကရုဏာစကား။

တော်လ်စတွိုင်း၏မှတ်သားစရာဝတ္ထုတို တစ်ပုဒ်ကိုလည်း ဖတ်မှတ်ဖူးပါသည်။ ကန္တာရခရီးသွားတစ်ဦး၊ ခရီးလမ်းအလယ်မှာ အန္တရာယ်နှင့်ကြုံ အသက်လုပြေးရင်း ရေတွင်းပျက်ကြီးတစ်ခုသို့ သစ်ကိုင်းကို တွဲခိုဆင်းပြေးရသည်။ တွင်းအောက်ခြေမှာလည်း အဆိပ်ရှိသောမြွေက အသင့်စောင့်နေရာ အပေါ်မှာလည်း အန္တရာယ်ကျားသတ္တဝါက တဟိန်းဟိန်းဟောက်ဟောက်နှင့် ခရီးသွားခမျာ သစ်ကိုင်းကိုတွဲလောင်းခိုလျက် ဒုက္ခကြုံနေရသည်။ ထိုသစ်ကိုင်းကိုလည်း ကြွက်ဖြူတစ်ကောင်နှင့် ကြွက်မည်းတစ်ကောင်က တတိတိ ကိုက်ဖြတ်လျက်ရှိနေရာ မကြာမီ သူ့ဘဝနိဂုံးတံရတော့မည် သိနေလည်းသစ်ရွက်ပေါ်မှ ပျားရည်တစ်စက်ကို လျှာနှင့်လျက် အရသာခံ လိုက်သေးသည်ဟူ၏။

လူ့ဘဝကို ဥပမာကောင်းကောင်းနှင့် ထိထိမိမိ သရုပ်ဖော်ပေးထားသော အိန္ဒိယမှ ပုံပြင်လေးတစ်ပုဒ် ရုရှားစာရေးဆရာကြီး အလေးထားကိုးကားခဲ့သော သံဝေဂပွားစရာ သင်ခန်းစာပေးပုံပြင်လေး။ နေ့နှင့်ညဟူသည့် ကြွက်ဖြူကြွက်မည်းနှစ်ကောင်၏တတိတိကိုက်ဖြတ်ခြင်းခံနေရသော မှီခိုရာ ဘဝခန္ဓာအိမ်သစ်ကိုင်းကြီး ပြိုလဲပိုင်းဖြတ်ကာနီးအချိန်ထိ သတိသံဝေဂမပွားနိုင် သစ်ရွက်ပေါ်ကပျားရည် တစ်စက်ဥပမာ တဏှာပေမအပေါ် ငမ်းငမ်းတက်ရမွက်ဆန္ဒအနှောင်အဖွဲ့အောက်မှ လူသားဘဝကို ပီပြင်အောင်သရုပ်ဖော်ပြထားသည်။ မွေးဖွားခြင်းနှင့် သေဆုံးအန္တရာယ်နှစ်ခုကြားမှာ ရှင်သန်နေရသော ရေပွက်ပမာ တစ်သက်လျာ။ လူသားအားလုံးအတွက် ပုံပြင်ကောင်းလေးတစ်ပုဒ်ပါ။

အထူးသဖြင့် တတိယအရွယ်များ အရာအားလုံးမှ အနားယူပြီးကြသူများအတွက် သတိမူစရာ ပုံပြင်လက်ဆောင်၊ မိုးကုတ်ဆရာတော်ကြီး မိန့်ကြားခဲ့သလို အသေမဦးခင် ဉာဏ်ဦးနိုင်ကြဖို့ ပညာရှိ သတိ ဖြစ်ခဲ၊ မေ့လျော့တွေဝေမိမိတို့အား လှုပ်နှိုးပေးသောပုံပြင်လေး။ "ပုထုဇဉ်ဟူသည်အရူး" ဟူ၍ ရှင်တော်ဗုဒ္ဓသတ်မှတ်ပေးထားခဲ့သည့်အဝိုင်းအဝန်းမှ လွန်မြောက်ဖို့ မိမိတို့ကြိုးစားကြရမည်သာ။ ရုပ်ခန္ဓာအိမ်အိုမင်းမစွမ်းတော့ပြီဆိုငြားလည်း ဉာဏ်ပညာအရာမှာ စွမ်းနိုင်ကြောင်းပြခဲ့နိုင်ပါမှ သံသရာခရီးမှာ သွားလမ်းသာ လာလမ်းဖြောင့်ဖြူးနိုင်မည်ဖြစ်ကြောင်းပါ။



ခိုင်သဇင်ရောင်းဝယ်ရေး
သမဝါယမအသင်းလီမိတက်၊
ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်
အသင်းသားအားလုံးသိရှိစေရန်

- အသင်းနှင့်ကင်းကွာနေသော အသင်းသားများ အစုထည့်ဝင်ရန် ကျန်ရှိသော အသင်းသားများသည် အသင်းသို့ ၃၁-၁၂-၂၀၁၃ ရက်တွင် နောက်ဆုံးထားဆက်သွားကြပါရန်။
-ဆက်သွယ်မှုမရှိပါက ၎င်းတို့အကျိုး ခံစားခွင့်များကို အသင်း၏ရင်းနှီးမြှုပ်နှံငွေအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဆက်သွယ်ရန် အမှုဆောင်အဖွဲ့
ဖုန်း- ၀၉ ၄၃၀၈၈၀၅၆၊
၀၁ ၆၆၃၃၆၃

ရွှေနန်းပင်ရောင်းဝယ်ရေး
သမဝါယမအသင်းလီမိတက်၊
အနန်းပင်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်
အသင်းသားအားလုံးသိရှိစေရန်

- အသင်းနှင့်ကင်းကွာနေသော အသင်းသားများ အစုထည့်ဝင်ရန် ကျန်ရှိသော အသင်းသားများသည် အသင်းသို့ ၃၁-၁၂-၂၀၁၃ ရက်တွင် နောက်ဆုံးထား ဆက်သွားကြပါရန်။
-ဆက်သွယ်မှုမရှိပါက ၎င်းတို့အကျိုးခံစားခွင့်များကို အသင်း၏ရင်းနှီးမြှုပ်နှံငွေအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆက်သွယ်ရန် အမှုဆောင်အဖွဲ့
ဖုန်း-၀၉ ၇၃၀၂၄၂၀၄

ဝန်ထမ်းအလိုရှိသည်
(အထည်ချုပ်စက်ရုံ)
အမှတ်-၁၀၀၀/D၊ ရွှေနှင်းဆီ(၅)လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၆၁၈၆၈

(၁)	မော်တာစက်ချုပ်ဝန်ထမ်း အသက်(၂၂-၃၀)	ကျား/မ(၁၀)ဦး
(၂)	အထည်ချုပ်စက်ပြင်	ကျား(၂)ဦး
(၃)	Cutting Worker	ကျား/မ (၂)ဦး
(၄)	Quality Controller	ကျား/မ (၂)ဦး
(၅)	Store Keeper	ကျား/မ (၂)ဦး
(၆)	Admin staff	ကျား/မ (၂)ဦး

အမှတ်စဉ် (၂ မှ ၅) အတွက် အသက် (၂၂-၃၅)ကြား လုပ်ငန်းအတွေ့အကြုံ ၂ နှစ်အထက်ရှိသူ၊ ၁၀ တန်း/ဘွဲ့ရဖြစ်ရမည်။အမှတ်စဉ်(၆)အတွက် အသက်(၂၂-၃၀)ကြား၊ ၁၀တန်း/ဘွဲ့ရ၊ computer ကျွမ်းကျင်စွာ သုံးနိုင်သူ၊ တရုတ်/ အင်္ဂလိပ်ရေးဖတ်ပြောကျွမ်းကျင်သူ ဦးစားပေးမည်။ လျှောက်ထားလိုသူများသည် CV နှင့်တကွ (၃)လအတွင်း ရိုက်ထားသောလိုင်စင်ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်း အထောက်အထား၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက် မိတ္တူတို့နှင့်အတူ လူကိုယ်တိုင်ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။ ပဲခူးမြို့တွင် လုပ်နိုင်သူဖြစ်ရမည်။

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit)သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **စလင်းမြို့နယ်များအတွင်း ဧရာဝတီမြစ်ကမ်းပါးရှိကျေးရွာများဖြစ်သော ရေပေါ်ကျွန်း၊ ဘိုကုန်း၊ ကြူတော၊ အချင်းပြစ်၊ ရေလယ်ရွာသစ်၊ ရေလယ်ရွာမ၊ ဆင်းမကျွန်းကျောက်ရဲ၊ သနပ်ကုန်း၊ ကြည်ကုန်း၊ မရိုးကုန်းစသည့်ရွာများတွင် ကမ်းပါးပြို၍ နေအိမ်များပြောင်းရွှေ့ရခြင်း၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနများပါ ပြောင်းရွှေ့နေရပါသဖြင့် ဆောင်ရွက်ပေးပါရန် ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ်** ဧရာဝတီမြစ်ရေလမ်းကောင်းမွန်ရေးအတွက် ရေးဆွဲထားသောပင်မစီမံချက်ပါကြောင်း၊ ပင်မစီမံချက်ပါစလေ-ပခန်းငယ်ရေလမ်းအတွင်းရှိ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း သဲအိတ်ခင်းမျှောရေကာအလျား (၁၅၀) မီတာ နှစ်ခုဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဆင်မကျေးရွာအုပ်စုအပါအဝင် ကျေးရွာအုပ်စု လေးခုကမ်းပြိုကာကွယ်ရေးအတွက် နိုင်ငံတော်သမ္မတရုံးအထူးရန်ပုံငွေတင်ပြထားပါကြောင်း၊ ရန်ပုံငွေ ရရှိပါက အလျား ပေ ၅၀၀ ရှိ သစ်ကိုင်းဖြည့်မျှောရေကာ ခုနစ်ခုဖြင့် ကာကွယ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လျာထားသည့် ဆင်ဖြူကျွန်း-သနပ်ကုန်းရေလမ်းကောင်းမွန်ရေးလုပ်ငန်း မျှောကျောက်ဖြည့်ရေကာ (၂၅၄) မီတာ၊ စလေ-ပခန်းငယ်ရေလမ်း ကောင်းမွန်ရေးလုပ်ငန်း သဲအိတ်ခံကျောက်စီရေကာ (၂၄၅) မီတာရှိစီမံချက် လုပ်ငန်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စီမံချက်ပါလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ရေလမ်းကောင်းမွန်ပါက ကမ်းပြိုမှုပါတစ်ပါတည်း သက်သာမှာ ဖြစ်ကြောင်းဖြေကြားအပ်ပါသည်။

၂။ **ဧရာဝတီမြစ်အတွင်း နှစ်စဉ်ရေလမ်းကြောင်းပြောင်းလဲပြီး ကမ်းပြိုမှုနှစ်စဉ်ဖြစ်ပေါ်နေကြောင်း၊ မင်းဘူး(စကု) မြို့နယ် နိဗ္ဗာန်ကျွန်းရွာကမ်းပြိုမှုကြောင့် စိုက်ပျိုးမြေဆုံးရှုံး၍ ပြည်သူများအခက်အခဲဖြစ်နေပါသဖြင့် ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** နိဗ္ဗာန်ကျွန်းရွာ ကမ်းပြိုကာကွယ်ရေးအတွက် ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်း အရေးပေါ်ကမ်းပြိုကာကွယ်ရေးဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်သမ္မတရုံးထံ အထူးရန်ပုံငွေတင်ပြထားပါကြောင်း၊ ရန်ပုံငွေရရှိပါက အလျား (၃၀၀) မီတာနှင့် (၂၀၀) မီတာရှိ သဲအိတ်ခင်းမျှောရေကာ နှစ်ခုတည်ဆောက်ကာကွယ်ပေးမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **ဆိပ်ဖြူ-ဆိပ်ဖြူကျွန်းရထားလမ်းပိုင်း ချင်းတောင်ဘူတာနှင့် တညောင်ဘူတာကြားမှာ မြေနုချောင်းတံတား၊ သရက်ဘက်ခြမ်းအစွန်းခံ နောက်ကျောရေစားလျက်ရှိပါသည်။ တညောင်ဘူတာနှင့် စည်ဆွဲဘူတာကြားတွင်လည်း ၁၀ ပေတံတားတစ်လုံး၊ နောက်ကျောတွင် ၄၀ ပေခန့် တာပေါင်ပြတ်တောက်လျက်ရှိပြီး ခြောက်ပေတံတားတစ်လုံး၏ နောက်ကျောတွင် ၂၅ ပေခန့် တာပေါင်ပြတ်တောက်လျက်ရှိပါသဖြင့် ပြန်လည်ပြုပြင်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်း မကွေးတိုင်းဒေသကြီးအတွင်းမှာ မိုးများပြီး ရထားလမ်းတာပေါင်ရေတိုက်စားခြင်း၊ တာပေါင်ပြိုခြင်းများကြောင့် ရထားသွားလာမှုများ ရပ်ဆိုင်းပြတ်တောက်မှုများဖြစ်ခဲ့သည့်အတွက် ရထားပြေးဆွဲလျက်ရှိသည့် သရက်-မင်းဘူးလမ်းပိုင်းနှင့် သရက်-ဥသျှစ်လမ်းပိုင်းများ အလျင်အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေး နေ့ ညဆောင်ရွက်ခဲ့ပါသည်။ မေးမြန်းချက်ပါ တံတားများတည်ရှိရာ ဆင်ဖြူကျွန်းဆိပ်ဖြူလမ်းပိုင်းမှာ စီးပွားရေးအရတွက်ခြေမကိုက်သည့်အတွက် RBE ရထားများပြေးဆွဲခြင်းအား ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ စတင်ရပ်ဆိုင်းထားပါသည်။ သို့သော်လည်း ရေစားထားသော အဆိုပါနေရာများအား အလျင်အမြန် ပြန်လည်ပြုပြင်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **သရက်-မင်းလှလမ်းပိုင်းတွင် တာပေါင်ရေစား၍ ရထားစီးခရီးသည်များ အန္တရာယ်ဖြစ်စေနိုင်သော နေရာ(၂)နေရာ၊(၃)နေရာခန့်ရှိပါသဖြင့် ပြန်လည်ပြုပြင်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ရထားများပြေးဆွဲခုတ်မောင်းရာတွင် ခရီးသည် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် သံလမ်းမိုင် (၄)မိုင်တွင် လမ်းလျှောက်လုပ်သား တစ်ဦးခန့်ထား၍ လမ်းပိုင်းစစ်ဆေးရန် ဆောင်ရွက်လျက်ရှိပါသည်။ ရထားမလာမီ လမ်းလျှောက်လုပ်သားမှ လမ်းပိုင်းအား စစ်ဆေး၍ နီးစပ်ရာဘူတာနှင့် တာဝန်ရှိသူများထံ သတင်းပို့စေခြင်း၊ မိုးရွာသွန်းသောနေ့များတွင် တာဝန်ရှိသူလမ်းဗိုလ်များမှ ရထားနှင့် PILOT လိုက်ပါ၍ ရထားအားဦးဆောင်ခေါ်ယူခြင်း စသည်ဖြင့် ခရီးသည်များ အန္တရာယ်ကင်းစွာသွားလာနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။ မကြာမီ မြန်မာ့မီးရထားရုံးချုပ်မှ စီစဉ်ပေးသော Back Hoe ရောက်ရှိလာမည်ဖြစ်၍ အဆိုပါ အန္တရာယ်ရှိသော နေရာများကို ပြန်လည်ပြုပြင်သွားပါမည်။ ဒုတိယဝန်ကြီးမှ လမ်းညွှန်ချက်အရ မြန်မာ့မီးရထားမှ Back Hoe အား စောင့်ဆိုင်း၍ လုပ်ကိုင်ပါက အချိန်ကြာမြင့်သွားနိုင်ပါသဖြင့် မြေသားတာပေါင် ပြုပြင်မည့် အနီးပတ်ဝန်းကျင်ရှိ အခြားဌာနဆိုင်ရာ Back Hoe တစ်စီးငှားရမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **စစ်အောင်ကျေးရွာတွင် CDMA -450 MHz စနစ် ဆက်သွယ်မှုကောင်းမွန်စေရေးဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** စစ်အောင်ကျေးရွာသည် အောင်လံမြို့မှ မြောက်ဘက် (၅) မိုင်ခန့်ကွာဝေးပြီး မြေနိမ့်ပိုင်းတွင် တည်ရှိသည့်အတွက် ရေဒီယိုလှိုင်းအားနည်းခြင်းဖြစ်ပေါ်နိုင်ပါသည်။ ၎င်းဘက်သို့ ထိုးထားသည့် အင်တာနာပိုင်းနှင့် ရေဒီယိုပိုင်းဆိုင်ရာ စက်မှုအချက်အလက်များကို ကွင်းဆင်းစစ်ဆေး၍ အကောင်းဆုံးဖြစ်အောင် အမြန်ဆုံးချိန်ညှိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ မင်းတုန်းအိတ်ချိန်းရှိ ချို့ယွင်းလျက်ရှိသော Trunk Card (၁)ကတ်အစားပြန်လည်ရရှိရေးနှင့် ကျောက်တိုင်၊ မယ်ဇလီ၊ အလယ်ချောင်းကျေးရွာများတွင် ရေဒီယိုစခန်းတစ်ခုစီ တပ်ဆင်ပေးပါရန် ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် ချို့ယွင်းသွားသော Trunk Card အား အစားထိုးပြန်လည်ရရှိနိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါကျေးရွာများတွင် ရေဒီယိုစခန်းများ တပ်ဆင်ရန် မူလလျာထားချက်တွင် ပါဝင်ခြင်းမရှိသော်လည်း မြေနေရာရရှိမှုအပေါ်မူတည်၍ အနီးစပ်ဆုံးစီမံကိန်းတွင် ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ တောင်တွင်းကြီးနှင့် သစ်ရာကောက်အပိုင်းအား တိုးတက်ပြုပြင်ပေးပါရန် ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် BOT စနစ်ဖြင့် ဆောင်ရွက်နေသော Max Myanmar ကုမ္ပဏီအနေဖြင့် ၎င်းတောင်တွင်းကြီးနှင့် သစ်ရာကောက်လမ်း မိုင် (၂၀)အတွင်း (၁၈) ပေချဲ့ရန် ကျန်ရှိနေသော (၈) မိုင်အား ယခုဘဏ္ဍာရေးနှစ်အပြီး တိုးချဲ့ခင်းသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **စလင်း-စေတုတ္တရာလမ်းတာပေါင် (၄၀) ပေ ရရှိစေရန် ဆောင်ရွက်ခြင်းကျောက်ချောအဖြစ်မှ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးပါရန်နှင့် လက်ပံကျင်းချောင်း (၆၀၀) ပေအား ကွန်ကရစ်ရေကျော် တည်ဆောက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** စလင်း-စေတုတ္တရာလမ်းမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်းဖြစ်ပြီး လက်ပံကျင်းရေကျော် (၆၀၀) ပေအား ကွင်းဆင်းစစ်ဆေးပြီး ဆောင်ရွက်သွားပါမည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း (၁၂) မိုင် (၄) ဖာလုံ ဆောင်ရွက်ပေးသွားပါမည်။ ကွန်ကရစ်ရေပွှန် ငါးစီးတည်ဆောက်ပေးသွားပါမည်။ ကျောက်ချောလမ်း (၅) မိုင် (၂) ဖာလုံ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ **မိုင်(၃၈/၅)ရှိ တံတားအမှတ် (၂/၃၉) သီပေါ တံတားအရှည် (၉၀) ပေအား ကွန်ကရစ်တံတားတည်ဆောက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** နှစ်စဉ် တံတားကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်ပြီး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည်နှင့် တစ်ပြိုင်တည်း တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကိုပါ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

[illegible]

ဦးသျှရှိန် ACCA & LCCI 1,2,3 Professional စာရင်းကိုင်သင်တန်းများ
Series (3-2014) အတွက် သင်တန်းများအားလုံး လက်ခံနေပြီ
Center 1
Center 2
MAS
Enroll Now

ရောင်းမည်
ကြို့ပင်ကောက်မြို့၊ စက်တိုင်ကုန်းရပ်ကွက်၊ ပြည်လမ်းမနှင့်နီး၊ (ထောင့်ကွက်) ပေ(၁၀၀)ပတ်လည်၊ ဂရန်မြေပိုင်။
ပိုင်ရှင် ဦးတင်အေး
ဖုန်း-၀၁-၆၄၀၆၈၉
ပွဲခပေးမည်

ယာဉ်မောင်း(၁)ဦးအလိုရှိသည်
လုပ်သက်(၃)နှစ်အထက်၊ မြို့တွင်းကျွမ်းကျင်စွာ မောင်းနိုင်သူများသာ လျှောက်ပါရန်။
လစာ-(တစ်လ)-၁၅၀၀၀၀/-
ဖုန်း-၃၈၈၂၃၃

Hotel Apple
09-8636624 09-49316380
(၁)ည (၃၀၀၀၀)ကျပ်၊ +နံနက်စာဘူဖေး

LCCI WEBS
A World-class Learning Experience
09-5151390

P.E POWER Co.,Ltd
အမှတ်(၁၀)၊ သီရိမွန်(၃)လမ်း၊ ဘုရင့်နောင်လမ်းဆုံ
ဝန်ထမ်းအလိုရှိသည်
အရောင်းဝန်ထမ်း-ဘွဲ့ရ၊ အသက်(၃၀)နှစ်အောက်၊ ကျား(၅)ဦး
ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၈၆၅၀၈

နေပြည်တော်တပ်ကုန်းမြို့နယ်၌ ကျေးရွာသုံးရွာဆက် ကျေးလက်ဖွံ့ဖြိုးရေး တံတားနှစ်စင်းတည်ဆောက်မည်

နေပြည်တော် ဒီဇင်ဘာ ၁၈

နေပြည်တော် တပ်ကုန်းမြို့နယ် ကြက်သွန်ခင်းကျေးရွာအုပ်စု ကြက်သွန်ခင်းကျေးရွာနှင့် ချောင်းကြားကျေးရွာချင်းဆက် နဝင်းချောင်းကူးတံတား ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီ ၄၉ မိနစ်တွင် ကျေးရွာနှစ်ရွာကြားရှိ နဝင်းချောင်းကူးတံတားတည်ဆောက်မည့်နေရာ၌ ကျိုင်းပရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ ဝိဇ္ဇာတောင်သာသနာပြု ဆရာတော်အရှင်ဉာဏသိဒ္ဓိက တံတားပန္နက်ကို တင်ပေးတော်မူပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။ **(ယာပုံ)**

နဝင်းချောင်းကူးတံတားတည်ဆောက်မှု ကုန်ကျစရိတ်ကို ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့်ဇနီး ဒေါ်ရွှေစင်မိသားစုတို့က လှူဒါန်းခြင်းဖြစ်ပြီး ကလောမြို့ ဝိဇ္ဇာတောင်သာသနာပြုဆရာတော်က ဦးဆောင်တည်ဆောက်မည်ဖြစ်ကာ တံတားမှာ အရှည်ပေ ၄၀၊ အကျယ် ၁၃ ပေ၊ အမြင့် ၁၈ ပေရှိ သံကူကွန်ကရစ်အမျိုးအစားဖြစ်၍ ငွေကျပ်သိန်း ၅၀၀ ကျော် ကုန်ကျမည်ဖြစ်သည်။

အလားတူ ကြက်သွန်ခင်းကျေးရွာအုပ်စု ချောင်းကြားကျေးရွာနှင့် သပြေသာကျေးရွာချင်းဆက် ဖြူသွားချောင်းကူးတံတားကိုလည်း နဝင်းချောင်းကူးတံတားနှင့်အတူ တစ်ပြိုင်တည်း တည်ဆောက်သွားမည်ဖြစ်ရာ တံတားမှာ အရှည်ပေ ၂၀၊ အကျယ် ၁၃ ပေ၊ အမြင့် ၁၀ ပေရှိ သံကူကွန်ကရစ်အမျိုးအစားဖြစ်၍ ငွေကျပ်သိန်း ၁၅၀ ကျော် ကုန်ကျမည်ဖြစ်သည်။

နဝင်းချောင်းကူးတံတား ပန္နက်တင်အခမ်းအနား မကျင်းပမီ နံနက်ပိုင်းတွင် ကလောမြို့ ဝိဇ္ဇာတောင်သာသနာပြုဆရာတော်ဦးဆောင်မှုဖြင့် ကြက်သွန်ခင်းကျေးရွာ၊ ချောင်းကြားကျေးရွာနှင့် သပြေသာကျေးရွာတို့မှ ကျေးရွာသူကျေးရွာသားများသည် ကျေးရွာသုံးရွာဆက် မြေသားလမ်း မြေညှိခြင်း၊ မြေဖို့ပြုပြင်ထိန်းသိမ်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ကြသည်။

နဝင်းချောင်းကူးတံတားနှင့် ဖြူသွားချောင်းကူးတံတားနှစ်စင်းကို တစ်လအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်ပြီးစီးပါက ကြက်သွန်ခင်းကျေးရွာ၊ ချောင်းကြားကျေးရွာနှင့် သပြေသာကျေးရွာတို့ရှိ ကျေးလက်ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားရေးဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ **(အေးသန်း)**

စိုက်ပျိုးနည်းစနစ်ကောင်းများကြောင့် ဘုတလင်မြို့နယ်အတွင်း နေကြာဖြစ်ထွန်း

မုံရွာ ဒီဇင်ဘာ ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့မှ နေကြာစိုက်တောင်သူများအတွက် တစ်ဧကအထွက်နှုန်း အများဆုံးရရှိမည့် စိုက်ပျိုးရေးနည်းစနစ်ကောင်းများကို ထုတ်ပြန်အသိပေးထားကြောင်း သိရသည်။

အဆိုပါ နည်းစနစ်ကောင်းများတွင် နေကြာကို မိုးရာသီတွင် မေလမှ ဇွန်လ၊ မိုးနှောင်းရာသီတွင် စက်တင်ဘာလမှ အောက်တိုဘာလအထိ စိုက်ချိန်မှန် စိုက်ပျိုးရမည်ဖြစ်ပြီး ထယ်ရေးနက်နက် ထွန်ရေးညက်ညက် မြေအဖြစ် ပြုပြင်ရန်လိုအပ်ကြောင်း၊ တန်းကြားကို နှစ်ပေ၊ ပင်ကြားကို ကိုးလက်မထား၍တစ်ကျင်းလျှင် နှစ်စေ့နှုန်းစိုက်ပျိုးပါက တစ်ဧကနေကြာအပင် ၂၉၀၀၀ စိုက်နိုင်မည်ဖြစ်သည်။ မြေပြုပြင်စဉ် တစ်ဧကလျှင် ယူရီးယား ၁၁၂ ပေါင်၊ တီစူပါ ၅၆ ပေါင်၊ ပိုတက်ရှ် ၅၆ ပေါင်၊ နွားချေး (သို့မဟုတ်) သဘာဝမြေဩဇာ ငါးစီးမှ ၁၀ စီးထည့်ရမည်ဖြစ်ပြီး အဖူးဝင်ချိန်တွင် ယူရီးယား ၅၆ ပေါင် တစ်ဧကနှုန်း ထပ်မံထည့်ပေးရမည်ဖြစ်သည်။ နေကြာအပင်သက်တမ်း ၁၅ ရက်သားအတွင်း တစ်ကျင်းလျှင် တစ်ပင်ချန်၍ အပြီးသားခွဲရမည်ဖြစ်ကာ အပင်ငယ်စဉ် ပေါင်းမြက်ကင်းစင်အောင် ပြုလုပ်ပေးရမည်ဖြစ်သည်။ပိုးနှင့်ရောဂါကျရောက်ပါက သင့်တော်သည့်ဆေးဖြင့် အချိန်မီကာကွယ်ရမည်ဖြစ်ပြီး အပင်ယိုင်လဲမှု မဖြစ်စေရန် အဖူးဝင်ချိန်တွင် ပေါင်တင်ပေးရမည်ဖြစ်သလို လိုအပ်ပါက အဖူး ၇၅ ရာခိုင်နှုန်း ဝင်ချိန်နှင့် ပန်း ၇၅ ရာခိုင်နှုန်း ပွင့်ချိန်တို့တွင် ရေတစ်ကြိမ်စီသွင်းပေးရမည်ဖြစ်သည်။ အလေအလွင့် နည်းရန်အတွက် အချိန်မီရိတ်သိမ်းပြီး စနစ်တကျ မျိုးစေ့ခြွေခြင်း၊ ခြောက်သွေ့အောင် နေလှန်းပေးခြင်းများကို ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း တိုက်တွန်းထားသည်။

အဆိုပါ တိုက်တွန်းချက်ကို လိုက်နာ ဆောင်ရွက်ကြသောကြောင့် ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာ ကွင်းအမှတ် (၂၂၂)မှ နေကြာစိုက်တောင်သူနှစ်ဦး၏ ဧက ၁၀၀၀စိုက်ခင်းမှ လာမည့်ဒီဇင်ဘာလ တတိယပတ်အတွင်းတွင် နေကြာအမလိုင်း တစ်ဧကလျှင် နေကြာ ၁၅ တင်းနှင့် အဖိုလိုင်းမှ သုံးတင်းထွက်ရန် မျှော်မှန်းထားကြောင်း၊ နေကြာစိုက်လျှင် တစ်ဧကကုန်ကျစရိတ်မှာ ကျပ် ၁၈၈၀၀၀ဖြစ်ပြီး တစ်ဧကဝင်ငွေမှာ အမလိုင်းမှ ကျပ် ၇၅၀၀၀၀နှင့် အဖိုလိုင်းမှ ကျပ် ၄၅၀၀၀ စုစုပေါင်း ကျပ် ၇၉၅၀၀၀ ဝင်ငွေရရှိမည်ဟု ခန့်မှန်းထားသောကြောင့် အသားတင်အမြတ်မှာ ကျပ် ၆၀၇၀၀၀ ရမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ညောင်လေးပင်၌ သန်းခေါင်စာရင်းအသိပညာပေးဟောပြော

ညောင်လေးပင် ဒီဇင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနမှ လူဝင်မှုကြီးကြပ်ရေးမှူး ဦးထွန်းထွန်းနှင့် နယ်မြေခံတိုက်နယ်မှူးများသည် ၂၀၁၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီခွဲက ညောင်လေးပင်မြို့နယ် ချောင်းကျိုးကျေးရွာအုပ်စုတွင် လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ရေပေါ်သောင်ကျေးရွာအုပ်စုတွင်လည်းကောင်း ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းကောက်ယူရာတွင် အဓိကသိထားသင့်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့်ပြည်သူများက မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါအခမ်းအနားသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သန်းခေါင်စာရင်းကော်မတီဝင်များ၊ ပညာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုံညီစွာ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ယာပုံ)** **(ခင်မောင်လွင်)**

လူကုန်ကူးမှု တားဆီးရေး ပိုင်းဝန်းကူညီ ဆောင်ရွက်ပေး

ကျောင်းအလှူဒါနပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇)အကျယ်အဝန်းရှိ ၃½ ကျောင်းဆောင်သစ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခွင့်ပြုချက်ဖြင့် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နိုးဆော်အပ်ပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆



ကန့်ကွက်နိုင်ပါသည်

ထားဝယ်မြို့၊ ထိန်သစ်ရပ်ကွက်၊ တိုးချဲ့မြို့သစ်၊ အကွက်အမှတ်-ဆ၊ ဦးပိုင်အမှတ်(၄၁)ရှိ ကွယ်လွန်သူ ဦးကျော်သောင်း[၆/ထဝန(နိုင်)၀၁၅၆၁၈]အမည်ဖြင့်ရရှိထားသော မြေနေရာချထားပေးသည့် လက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် မူရင်းခွဲ ထုတ်ယူနိုင်ရန် သက်ဆိုင်ရာသို့ လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက သက်ဆိုင်ရာသို့ ဆက်လက်တင်ပြလျှောက်ထားသွားမည်ဖြစ်ပါသည်။

ဦးကျော်သောင်း
[၆/ထဝန(နိုင်)၀၁၅၆၁၈]

မြန်မာနိုင်ငံသို့ ပထမတန်းစား အဲကွန်းဘတ်စ်ကားများ တင်သွင်းမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

မြန်မာနိုင်ငံသည် လွတ်လပ်သောစီးပွားရေးဈေးကွက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း လမ်း၊ တံတားနှင့် ခုံးကျော်တံတားသစ်ကြီးများ တိုးချဲ့ဖောက်လုပ်တည်ဆောက်မှုနှင့်အတူ ယာဉ်အို၊ ယာဉ်ဟောင်းများအပ်နှံမှုကို ဥပဒေဘောင်အတွင်း တရားဝင်လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။ ထိုကာလအတွင်း နိုင်ငံတကာ မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများမှ မော်တော်ယာဉ်မျိုးစုံကို လွတ်လပ်စွာ ရေကြောင်း၊ ကုန်းကြောင်းခရီးစဉ်ဖြင့် နယ်စပ်စီးပွားရေးဂိတ်များမှ တရားဝင်တင်သွင်းခွင့်ပြုပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံအတွင်း မော်တော်ကား၊မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်မျိုးစုံ ဈေးကွက်ပြိုင်ဆိုင်မှုများဖြင့် ရောင်းဝယ်ဖောက်ကားလာကြပြီး မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် မော်တော်ကားဈေးကွက်ကြီးသဖွယ်ဖြစ်လာသည်။

နိုင်ငံတကာနာမည်ကြီးမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီပိုင်ရှင်များသည် စစ်မှန်ကောင်းမွန်လှသည့် ခေတ်မီမော်တော်ယာဉ်မျိုးစုံကို ဈေးနှုန်းချိုသာသော နှုန်းထား၊ ဘဏ်ကွန်ရက်စနစ်၊ အရစ်ကျပေးချေရသော နှစ်ရှည်ရောင်းငှားစနစ် ဝန်ဆောင်မှုများဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများရှိ မော်တော်ယာဉ်အရောင်းပြခန်းနှင့် မော်တော်ယာဉ် ကုန်စည်ပြပွဲများကို ဖွင့်လှစ်ပေးလျက်ရှိသည်။

မကြာမီ မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာ နာမည်ကြီး မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီများ၏ ပထမတန်းစားအဲကွန်းနှစ်ထပ် ဘတ်စ်ကားများကို အလင်းသစ်စပိဘုတ်အမြန်ရေယာဉ် (ရန်ကုန်)နှင့် Yangon Air Bus-Taxi အများပိုင် ကုမ္ပဏီတို့မှ ပူးပေါင်းပြီး ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ အိန္ဒိယနိုင်ငံတို့က ၂၀၁၄ ခုနှစ်တွင် မှာယူတင်သွင်းရောင်းချသွားရန် စီစဉ်လျက်ရှိသည်။ အဲကွန်းနှစ်ထပ်ဘတ်စ်ကားတွင် ခရီးသည် အောက်ထပ် ၆၀ ဆံ့နှင့် အပေါ်ထပ် ၆၀ ဆံ့ စုစုပေါင်း ခရီးသည် ၁၂၀ ဆံ့ ဘတ်စ်ကားဖြစ်ပြီး ပထမတန်းစား အရည်အသွေးပြည့်မီသော နောက်ဆုံးပေါ်ကားသစ်ကြီးများဖြစ်ကြောင်း အာမခံမှုနှင့်အတူ မော်တော်ကားမျိုးစုံ အရစ်ကျဝယ်ယူသုံးစွဲလိုသူများကို အဲကွန်း Sheer Driving Pleasure ကို အကောင်းဆုံး ဝန်ဆောင်မှုပြီး မော်တော်ကားဝယ်ယူလိုသူများကိုလည်း အရစ်ကျ ဘဏ်ကွန်ရက်ဖြင့် ချိတ်ဆက်၍ တန်ဖိုးဈေးနှုန်းနှစ်နှစ်အတွင်း ပေးချေနိုင်သောစနစ်ကို စီစဉ်ထားကြောင်း သိရသည်။

သုအောင်ကျော်(ငုဝါ)

အရေးယူနေသော်လည်း လမ်းများပေါ်တွင် ယာဉ်ရပ်နားမှုလျော့နည်းသွားခြင်းမရှိ

ရန်ကုန် ဒီဇင်ဘာ ၁၈

ရန်ကုန်မြို့တွင်း ယာဉ်ပိတ်ဆို့မှုလျော့ပါးရေးအတွက် သတ်မှတ်ထားသော လမ်းမကြီးပေါ်တွင် အချိန်ကြာမြင့်စွာ ရပ်ထားသော ယာဉ်များကို ကရိန်းကားများဖြင့် ဖယ်ရှားအရေးယူနေသော်လည်း လမ်းများပေါ်တွင် ယာဉ်ရပ်နားမှုလျော့နည်းသွားခြင်း မရှိသေးကြောင်း ရန်ကုန်မြို့တွင်း သွားလာသူများက ဆိုသည်။

ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီဝန်းကျင်က ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းမပေါ်ရပ်ထားသော ယာဉ်များကို ကရိန်းကားဖြင့် ဖယ်ရှားမည့်အကြောင်း သက်ဆိုင်ရာမှ ယာဉ်ဖြင့် လှည့်လည်ကြေညာနေသည်ကို မြင်တွေ့ရကြောင်း ယင်းနေရာကို ဖြတ်သန်းသွားသော လိုင်းကားစီးခရီးသည်တစ်ဦးက ဆိုသည်။

ဒီဇင်ဘာ ၁၇ ရက်နံနက် ၁၁ နာရီခန့်တွင် သီရိမင်္ဂလာဈေးဟောင်း (ကားရောင်းဝယ်ရေးစခန်း) ရှေ့လမ်းပေါ် ရပ်ထားသော ယာဉ်များအား ကရိန်းကားငယ်နှစ်စီးဖြင့် လာရောက်ချိတ်ဆွဲယူနေသည်ကို မြင်တွေ့ခဲ့ရကြောင်း အထူးယာဉ်စီးခရီးသည်တစ်ဦးက ဆိုသည်။

ယင်းနေရာတွင် ဒီဇင်ဘာ ပထမပတ်ကုန်အတွင်း ကရိန်းကားငယ်ဖြင့် ဖယ်ရှားဆွဲယူသွားကြောင်း၊ သို့သော် အရေးယူပြီးသည့်အချိန် သက်ဆိုင်ရာမှ လမ်းပေါ်ရပ်ကားများကို ကရိန်းကားဖြင့် ဖယ်ရှားအရေးယူသော်လည်း အရေးယူချိန်တွင်သာ လမ်းပေါ်ရပ်နားမှုမရှိကြောင်း၊ ကမ်းနားလမ်းမသစ်ကြီး၏ အလုံမြို့နယ်တွင်း သစ်တောလမ်းနှင့် ကွင်းကျောင်းလမ်းအပိုင်းတွင် ကုန်တင်ယာဉ်ရပ်နားစခန်း မြင်တွေ့ရသော်လည်း ယာဉ်အနည်းငယ်သာ ဝင်ရောက်ရပ်နားမှုတွေ့မြင်ရကြောင်း၊ ဖြူနီကျားသင်္ကေတ ဆွဲထားသော ကမ်းနားလမ်းမသစ်ကြီးပေါ်တွင် ကုန်သေတ္တာတင်ယာဉ်အပါအဝင် နောက်တွဲယာဉ်များ ကရိန်းကားဖြင့် ဖယ်ရှားဆွဲယူမည်ဆိုသော သတင်းများထွက်ပေါ်နေသော်လည်း ရပ်မြဲရပ်နေဆဲဖြစ်ကြောင်း၊ အဆိုပါလမ်းမသစ်အပြင် အလုံမြို့နယ်အတွင်းရှိ ကမ်းနားလမ်းမဟောင်းတွင်ပါ ရပ်နားနေကြကြောင်း နေ့စဉ်ယင်းလမ်းကြောင်းပေါ် ဖြတ်သန်းသွားလာနေသူတစ်ဦးက ဆိုသည်။

မောင်စေအောင်

ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်းဆိုင်ရာ လက်တွေ့သရုပ်ပြ

ငဖဲ ဒီဇင်ဘာ ၁၈

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ချောင်းဖြူကျေးရွာအုပ်စု သရက်ပင်ကျေးရွာ၌ ကလေးဗဟိုပြုသင်ယူမှု ချဉ်းကပ်နည်းဆိုင်ရာလက်တွေ့သရုပ်ပြသင်ကြားမှုနှင့်အုပ်စုအတွင်း ဆရာဆရာမများဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ်ကျောင်းမိသားစုနယ်မြေ ပုလဲအုပ်စုရှိ ဆရာဆရာမများက ကလေးဗဟိုပြုသင်ယူမှု ချဉ်းကပ်နည်းဆိုင်ရာ လက်တွေ့သရုပ်ပြသင်ကြားမှုများကို ဆောင်ရွက်ခဲ့သည်။ဆက်လက်ပြီးCCAသင်ကြားနည်းဆိုင်ရာ လက်တွေ့သင်ကြားမှုများမှ အားနည်းချက်၊ အားသာချက်များကို အုပ်စုအတွင်း ဆရာ ဆရာမများက ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါ ကျောင်းမိသားစု ပုလဲအုပ်စုအတွင်း ကလေးဗဟိုပြုသင်ယူမှု ချဉ်းကပ်နည်းဆိုင်ရာ လက်တွေ့သရုပ်ပြပွဲများကို ဩဂုတ်လမှစတင်ပြီး ယနေ့အထိ ကျောင်းငါးကျောင်းတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

အခမ်းအနားသို့ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်စိန်၊လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဆွေသိန်းအေး၊ အုပ်စုကွင်းဆရာ ဆရာမ ၂၂ ဦး နှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး သရက်ပင်ကျေးရွာမှ အုပ်ချုပ်ရေးမှူး၊ရပ်မိရပ်ဖများနှင့် ကျောင်းသားမိဘများက စိတ်ပါဝင်စားစွာဖြင့် လာရောက်လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သန်းနိုင်ဦး (ငဖဲ)

ညောင်တုန်း ဒီဇင်ဘာ ၁၈

ရေမြုပ်ခံ ဆဝါနာစပါးမျိုး အောင်မြင်စွာရိတ်သိမ်း

ညောင်တုန်းမြို့နယ်၌ ၂၀၁၃ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် နိုင်ငံတကာဆန်စပါးသုတေသနဌာန (IRRI) မှ သုတေသနပြုဆောင်ရွက်ခဲ့သည်။ ရေအတက်အကျရှိသော ရေကြီးကွင်းများ၌ အသုံးပြုသောဒေသသုံး အခြားမျိုးစပါးနှင့် ယှဉ်တွဲစမ်းသပ်စိုက်ပျိုးရန် ရေမြုပ်ခံစပါး ဆဝါနာ (Swarnar) မျိုးစပါးကို စိုက်ပျိုးရေးဌာနမှဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်း၍ မိုးစပါးလယ်ဧက ၁၁ ဧကတွင် အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့သည်။

ယခုအခါ စိုက်ပျိုးခဲ့သော စွန်လာနီးကျေးရွာ တောင်သူ ဦးကျော်လွင်ဦး၏ နှစ်ဧက၊ ဇီးဖြူကျွန်းကျေးရွာ တောင်သူ ဦးထွန်းဦး၏ လယ်တစ်ဧကနှင့် ဦးသိန်းမြ၏ လယ်နှစ်ဧက၊ ပေစိရွာမှ ဦးအောင်ဇင်ထိုက်၏ လယ်သုံးဧက၊ စက္ကော့ရွာမှ ဦးအောင်အောင်၏ လယ်လေးဧက စုစုပေါင်း ရေမြုပ်ခံ ဆဝါနာမျိုးစပါး ၁၂ ဧကကို အောင်မြင်စွာရိတ်သိမ်းနိုင်ခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးဌာနမှ သိရသည်။

ရေမြုပ်ခံ ဆဝါနာစပါးမျိုး ၁၁ ဧက၏တစ်ဧကပျမ်းမျှအထွက် တင်းမှာ ၈၁ တင်းခန့်ရှိကြောင်း လယ်ယာစိုက်ပျိုးရေးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးအေးစီထံမှ သိရသည်။

(ဝ၇၁)

မိုးမိတ်ရတနာလမ်း လွယ်ကူစွာ သွားလာနိုင်ပြီ

မိုးမိတ် ဒီဇင်ဘာ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုးမိတ်မြို့နယ်တွင် မြို့နယ်သန့်ရှင်းသာယာလှပရေးနှင့် လမ်း/တံတားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အတွင်းရှိ အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ လက်မ၊ လမ်းဒု သုံးလက်မရှိသည့် ရတနာလမ်းကို ဒီဇင်ဘာ ၁၇ ရက်က အသစ်တစ်ဖန် ပြုပြင်ပြီးစီး ခဲ့သည်။

ဤသို့ပြုပြင်ပေးမှုကြောင့် ယခုအခါ ပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ခဲ့ကြောင်း သိရသည်။

စည်ငွေး(ပြန်/ဆက်)





လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား ပယ်ဖျက်ခြင်း)

၅-၁၂-၂၀၁၃ရက်မှ ၁၁-၁၂-၂၀၁၃ရက်အထိ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာပါ တင်ဒါ No.22/23 HPGE/2013-2014

(ဂ) Single Cab (Ford Brand) (5)Nos နှင့်

(ဃ) SUVs (Ford Brand) (1)No သည် မှားယွင်းဖော်ပြခဲ့ခြင်းဖြစ်၍ အဆိုပါတင်ဒါအား ပယ်ဖျက်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် (၃၈)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၁၆၈နှင့် ၄၁၁၀၇၆

ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူကြားသိစေသည့် အကြောင်းကြားစာ
ရောဝတီတိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၃ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၅၇

ဦးမြတ်စိုး နှင့် ၁။ ဦးဝင်းကြည်
၂။ ဦးဥက္ကာကြိုင်
၃။ ဦးအေးလွင်
၄။ ဦးကျော်ဆန်းထူး

လျှောက်ထားသူ လျှောက်ထားခံရသူများ

၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၉ရက်စွဲပါ ပုသိမ်ခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၄၈/၂၀၁၂၏ အမိန့်နှင့် ထုံးပုံကျအမိန့်ကို ပြင်ဆင်မှု။

အထက်အမည်ပါ အမှုမှ လျှောက်ထားခံရသူ (၃)ဦးအေးလွင် ကံ့ကော်မြိုင် (၆)လမ်း၊ ကံ့ကော်မြိုင်ရပ်ကွက်၊ မြောင်းမြမြို့(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ပုသိမ်ခရိုင်တရားရုံးမှ ချမှတ်ပေးသည့် အမိန့်နှင့်ထုံးပုံကျကို လျှောက်ထားသူ ဦးမြတ်စိုးမှ တရားမပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး၍ ဤတရားမပြင်ဆင်မှုကို ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၉ရက်(၁၃၇၅ခုနှစ်၊ ပြာသိုလဆန်း ၉ရက်)တွင် ဆိုင်ရန်ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ရှက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့မလာမရောက်ရှိခဲ့လျှင် ၎င်းတရားမပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။ ထို့အပြင် သင်က ဤအမှုတွင်ကန့်ကွက်လိုလျှင် ချိန်းဆိုထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကလက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သန်းသန်းမြင့်)
လက်ထောက်ညွှန်ကြားရေးမှူး
ရောဝတီတိုင်းဒေသကြီးတရားလွှတ်တော်

အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းလျားမြိုင်လမ်း၊ အမှတ်(34/A)နေ ဦးတင်အောင်ဝင်း[၁၀/မလမ(နိုင်)၁၅၈၁၀၀]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေကွက်အမှတ်(၁၆၆၆)(အလျား ပေ၄၀×အနံ ပေ၆၀)၊ ဧရိယာ(၂၄၀၀)စတုရန်းပေအကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၁၄၉)ရပ်ကွက်၊ အမှတ်(၁၆၆၆)ဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေက ဦးအဗ္ဗဒူလာထံမှ ဝယ်ယူထားသောလက်ရှိပိုင်ရှင်ဖြစ်သူ ဦးကျော်သိန်း [၁၂/ဒဂတ(နိုင်)၀၁၃၂၃၅]ထံမှ ၁၈-၁၁-၂၀၁၃ရက်တွင် နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုကာ ကာလတန်ဖိုးငွေပေးချေပြီး အပြီးအပိုင်ဝယ်ယူလက်ရှိထား ပိုင်ဆိုင်သောမြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်ပြီး ဝယ်ယူသူ ဦးတင်အောင်ဝင်း တစ်ဦးတည်းသာပိုင်ဆိုင်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစစ်ဦးကို LL.B — **အထက်တန်းရှေ့နေ(စဉ်-၂၉၆၄၄)**
ဒေါ်ရီနွယ်စိုး LL.B — **အထက်တန်းရှေ့နေ (စဉ်-၃၁၈၂၄)**
အမှတ် ၄/၂၂၊ ရွှေချီ(၉)လမ်း၊ ပျဉ်းမနားမြို့။

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၆/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-134(2013-2014)	Spares for AB 100 Well Servicing Truck	(2) Items	US$
(၂)	IFB-135(2013-2014)	Spares for Blow Out Preventer Ex ZJ 70 L Drilling Rigs	(5) Items	US$
(၃)	IFB-136(2013-2014)	Universal Fuel Pump Test Stand	(1) No	US$
(၄)	IFB-137(2013-2014)	5 Ton Excavator (0.16 m3)	(2) Units	US$
(၅)	IFB-138(2013-2014)	25 Ton Excavator (1.2 m3)	(2) Units	US$
(၆)	IFB-139(2013-2014)	Rig Air Compressor	(1) Unit	US$
(၇)	IFB-140(2013-2014)	30 Ton Crawler Crane	(1) Unit	US$
(၈)	IFB-141(2013-2014)	8"& 6 1/2" Spiral Drill Collar	(2) Items	US$
(၉)	IFB-142(2013-2014)	Welding Electrode E 6011(30 Ton)	(1) Lot	US$
(၁၀)	IFB-143(2013-2014)	Spares for CAT D379 & CAT D399 Engines	(5) Items	US$
(၁၁)	IFB-144(2013-2014)	Drawworks Main Drum Brake Shoe Lining	(9) Items	US$
(၁၂)	IFB-145(2013-2014)	Portable Welding Machine with Complete Accessories(300AMP, Diesel Engine Driven)	(4) Units	US$
(၁၃)	IFB-146(2013-2014)	Heat Shrinkable Sleeve(1200 Rolls) Closure Patches(25000 Nos)	(4) Items	US$
(၁၄)	DMP/L-044(2013-2014)	Spares for F 1000 Rig Pump Ex D3T2 SR I & II	(11) Items	KS
(၁၅)	DMP/L-045(2013-2014)	Rotor Seals for ZJ 70 L SR I &II	(10) Items	KS
(၁၆)	DMP/L-046(2013-2014)	Electrical Spares for Caterpillar Gas Engine Lighting Set	(4) Items	KS

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၃-၁-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
လေအေးပေးစက်များ ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(နေပြည်တော်)ရှိ လေအေးပေးစက်များကို ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) Studio Complex ရှိ လေအေးပေးစက်များ
(ခ) Radio Transmitter Complex ရှိ လေအေးပေးစက်များ
(ဂ) Padauk Myay Transmitter Complex ရှိ လေအေးပေးစက်များ

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၁၂-၂၀၁၃ရက်မှ ၂၁-၁၂-၂၀၁၃ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၁၂-၂၀၁၃ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး(LTO) အဆောက်အအုံအကြီးစား ပြုပြင်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၃၁-၁၂-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ
တင်ဒါစိစစ်မည့်နေရာ - ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနရုံး
တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၃၁-၁၂-၂၀၁၃ရက်(အင်္ဂါနေ့)၊ မွန်းတည့် ၁၂နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး၊ အခွန်ဦးစီးဌာနရုံးတွင် ၁၉-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့)မှစ၍ ရုံးချိန်အတွင်း အခမဲ့ ထုတ်ယူနိုင်ပါသည်။

တင်ဒါကြီးကြပ်ရေးအဖွဲ့



ကန့်ကွက်နိုင်ပါသည်

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ မြေကွက်အမှတ်-၁၂၅၈၊ မြေကွက်တည်နေရာအမှတ်-၁၂၅၈၊ ၃၄ရပ်ကွက်၊ ဒဂုံမြောက်၊(ဦးတင်မြင့်)[WAW-၀၆၇၆၃၈]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးတင်မြင့် ဇနီး ဒေါ်တင်စိန် ကွယ်လွန်သဖြင့် (၁) ဒေါ်သင်းသင်းနွယ်[၁၂/အလန(နိုင်)၀၀၆၂၅၂]၊ (၂)ဒေါ်တင်တင်နွယ်[၁၂/အလန(နိုင်)၀၀၁၉၈၀]၊ (၃) ဦးဇော်မျိုးထွန်း[၁၂/အလန(နိုင်)၀၃၅၀၂၉] (၄)ဦးစန်းဝင်းထွန်း[၁၂/ဒဂမ(နိုင်)၀၂၁၄၉၆]တို့က သား၊ သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆၊ မြေကွက်အမှတ်-၄၀၉၊ မြေကွက်တည်နေရာအမှတ်-၄၀၉၊ ရွှေဗဟိုရ်ပတ်လမ်း၊ ရွှေပြည်သာမြို့နယ်၊ (ဒုတိယဗိုလ်မှူးကြီးမျိုးတင့်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒုတိယဗိုလ်မှူးကြီးမျိုးတင့်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဝင်းဝင်းခိုင်[၁၂/မရက(နိုင်)၁၁၃၃၈၇]မှ ပါမစ်ပျက်စီးကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျက်စီးဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားတင်ပြ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/တောင်၊ မြေကွက်အမှတ်(၅၅၈/ခ)၊ မြေကွက်တည်နေရာအမှတ်(၅၅၈/ခ)၊ မြို့မ(၄)လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးမောင်သိုး)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်သိုး(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ကွန်မီ[၁၂/သကတ(နိုင်)၀၇၆၄၅၃]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

19-12(21).pmd 1 12/17/2013, 10:56 PM

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊သိမ်၊ကျောင်း၊ ဒါယိကာမကြီး

အဝွမဟာသဒ္ဓမ္မဇောတိကမဟာသိရီသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ

(ရွှေပုဇွန် မိခင်ကြီး)

အသက် (၈၉)နှစ်

ဒေါက်တာတင့်ဆိုးလင်း (Managing Director) Pwint Gaung and Khin Nwe Ye Co., Ltd & Shwe Pu Zun Co.,Ltd ၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်နွဲ့ရီ(ရွှေပုဇွန်)အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာကိုကိုကြီး-ဒေါ်မိုးမိုး
Diamond Star Co., Ltd
နှင့်
ကုမ္ပဏီဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

နော်ဝါးရှီးဝင်း

အသက်(၄၄)နှစ်

ဦးထွန်းထွန်း(Managing Director) Red Horse Dairy Industries Limited)၏ ချစ်လှစွာသောဇနီး နော်ဝါးရှီးဝင်းသည် ၁၅-၁၂-၂၀၁၃(တနင်္ဂနွေနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးတင်စိုး၊ ဒေါ်ဝါဝါဒွန်း
Red Horse Dairy Industries Limited

---

(၄)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ဇရပ်ဒါယကာကြီး

ကပ္ပတိန် ဦးမင်းလွင်

(တိုင်းဆိပ်ကမ်းအရာရှိ)

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)

ကျေးဇူးကြီးမားလှသော ဖေကြီး ခွဲခွာသွားသည်မှာ ၁၅-၁၂-၂၀၁၃ရက်တွင် (၄)နှစ်ရှိခဲ့ပါပြီ။ ယခုနှစ်ထပ်မံ၍ ဖေကြီးအတွက် ရည်စူးလှူဒါန်းထားသော ရိပ်မွန်ဓမ္မာရုံအား စတီးရွှေပန်းဆွဲများတပ်ဆင်ခြင်း၊ တံခွန်တိုင်ပြုလုပ်ခြင်း၊ ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောစေတီတော်အား ကျပ်-၇၅၀၀၀၀ တန်ဖိုးရှိသော ရွှေစင်ပြားကပ်လှူခြင်း၊ မဲပဒေသာပင်လှူဒါန်းခြင်း၊ လစဉ်ကူညီမှုများ ပြုသမျှကောင်းမှုကုသိုလ်အစုစုတို့အား သံဃာတော်အား ပင့်ဖိတ်၍ ဆွမ်း၊ သင်္ကန်း၊ ဝတ္ထုဆက်ကပ် အမျှပေးဝေပါသည်။

မြင့်မြတ်သော ဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

ဇနီး-ဒေါ်မြမြသန်းလွင်(Emily)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးတင်မောင်ဝင်း

အသက်(၇၁)နှစ်

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးစတင်တည်ထောင်သူ အမေဖုံ၏မြေး (မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ တတိယဥက္ကဋ္ဌကြီး ဂုဏ်ထူးဆောင်နာယကကြီး)ဦးအောင်ကျော်-နာယကကြီး ဒေါ်စိန်စိန်တို့၏ သားကြီး မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ လက်ရှိဒုတိယဥက္ကဋ္ဌကြီး ဦးတင်မောင်ဝင်းသည် ၁၃-၁၂-၂၀၁၃ရက် ဗန်ကောက်စံတော်ချိန် ၁နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(ရရ) အောင်ဆန်းရိပ်သာနှင့်
စုရပ်တာဝန်ခံအဖွဲ့ခွဲ အကျိုးဆောင်များ

အထူးဝမ်းနည်းကြေကွဲခြင်း

နော်ဝါးရှီးဝင်း

အသက်(၄၄)နှစ်

ဦးထွန်းထွန်း(Managing Director) Red Horse Dairy Industries Limited)၏ ချစ်လှစွာသောဇနီး နော်ဝါးရှီးဝင်းသည် ၁၅-၁၂-၂၀၁၃(တနင်္ဂနွေနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Red Horse Industrial Group
ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

နော်ဝါးရှီးဝင်း

အသက်(၄၄)နှစ်

ဦးထွန်းထွန်း(Managing Director) Red Horse Dairy Industries Limited)၏ ချစ်လှစွာသောဇနီး နော်ဝါးရှီးဝင်းသည် ၁၅-၁၂-၂၀၁၃(တနင်္ဂနွေနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

လမင်းတစ်ရာ
ကုမ္ပဏီလီမိတက် မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်နော်ဝါးရှီးဝင်း

အသက်(၄၄)နှစ်

ဦးထွန်းထွန်း(Managing Director), Red Horse Dairy Industries Limited)၏ ဇနီး ဒေါ်နော်ဝါးရှီးဝင်းအသက်(၄၄)နှစ်သည် ၁၅-၁၂-၂၀၁၃(တနင်္ဂနွေနေ့)ညနေ ၃း၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးတင်ဌေးဦး-ဒေါ်ခင်ခင်ကြူမိသားစု
Winning Sons Int'l Services Co., Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း

နော်ဝါးရှီးဝင်း

အသက်(၄၄)နှစ်

ဦးထွန်းထွန်း(Managing Director) Red Horse Dairy Industries Limited)၏ ချစ်လှစွာသောဇနီး နော်ဝါးရှီးဝင်းသည် ၁၅-၁၂-၂၀၁၃(တနင်္ဂနွေနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Red Horse Dairy Industries Limited
ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

နော်ဝါးရှီးဝင်း

အသက်(၄၄)နှစ်

ဦးထွန်းထွန်း(Managing Director) Red Horse Dairy Industries Limited)၏ ချစ်လှစွာသောဇနီး နော်ဝါးရှီးဝင်းသည် ၁၅-၁၂-၂၀၁၃(တနင်္ဂနွေနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Red Horse Dairy Industries Limited
မော်လမြိုင်ရုံးခွဲမှဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

နော်ဝါးရှီးဝင်း

အသက်(၄၄)နှစ်

ကျားနဂါးငံပြာရည်မိခင်ကြီး

ဦးထွန်းထွန်း(မန်နေးဂျင်းဒါရိုက်တာ) Red Horse Dairy Industries Limited ၏ ချစ်လှစွာသောဇနီး နော်ဝါးရှီးဝင်းသည် ၁၅-၁၂-၂၀၁၃(တနင်္ဂနွေနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကျားနဂါးငံပြာရည်ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဦးလှအောင်(ခ)ဦးကျော်လှ

အသက်(၈၄)နှစ်

သူငယ်ချင်း ဗိုလ်မှူးအောင်အောင်ထွန်း(ငြိမ်း)-ဒေါ်သိန်းသန်းဝင်းတို့၏ ဖခင် ဦးလှအောင်(ခ)ဦးကျော်လှသည် ၁၅-၁၂-၂၀၁၃ရက်တွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

OTS(81)မှ သူငယ်ချင်းမိသားစုများ

တစ်နှစ်ပြည့်အလွမ်း

၁၅-၁၂-၂၀၁၂ မှ ၁၅-၁၂-၂၀၁၃

ဦးဝင်းတင်(မော်လမြိုင်)

ရဲစခန်းမှူးဟောင်း၊ အထက်တန်းရှေ့နေ

အမှတ်မထင် ရုတ်တရက် ခွဲခွာ၊ မိသားစုရင်ထဲ တစ်သက်တာ တမ်းတ နေဆဲ နေ့စဉ်၊ လစဉ်ပြုပြုသမျှ ကုသိုလ်ကောင်းမှု အစုစုတို့ကို မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုပြီး ခံစား၊ စံစားနိုင်ပါစေ။

ဇနီး-ဒေါ်ဝင်းမေ
သမီးကြီး-ခင်သီတာဝင်း
သမီးငယ်-ဖြိုးရွှေစင်ဝင်း

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမ ရဆူးလ်ဘီ(ခ)ဒေါ်နန်းမူးလှိုင် (၆၉)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျွဲခြံကုန်းရပ်ရှိ ဂျာမေအဟ် ဇွမီရီယာဟ် ကာစီမုလ်အူလူးမ်အစ္စလာမ် သာသနာ့တက္ကသိုလ်၏ အုပ်ချုပ်ရေးမှူး ဟဇ်ရတ်သ် အလ်ဟာဂျ်အလ္လာမဟ် မုဖ်သီ Mတိုင်ယိုဗ်(ဇွမီရီ၊ ကာစီမီ)၏ချစ်ဇနီး၊ ဒေါ်ရိုင်ဟာနဟ် (တိုင်ယိဗီ)၊ အလ်ဟာဂျ် မောင်ဝ်လာနာမုဖ်သီ M အဆ်အဒ်(ခ)ဦးသန်းထွန်း (တိုင်ယိဗီ၊ ဇွမီရီ)၊ မောင်ဝ်လာနာ မုဖ်သီကာရီ(M အာရ်ရှာဒ်)(တိုင်ယိဗီ၊ ဇွမီရီ၊ မဒီနီ)၊ ဒေါ်ဆွဖ်ဝါနဟ်(တိုင်ယိဗီ)၊ မောင်ဝ်လာနာ မုဖ်သီအဆ်ဂျဒ်(တိုင်ယိဗီ၊ဇွမီရီ၊ မဒီနီ)၊ဒေါ်ရှိဒ္ဒဝါနဟ်(တိုင်ယိဗီ)၊ ဒေါ်ရိုကာနဟ်(တိုင်ယိဗီ)၊ ဒေါ်ဟန္နာနဟ်(တိုင်ယိဗီ)၊ ဒေါ်ဖွရ်ကာနဟ်(တိုင်ယိဗီ)၊ မောင်ဝ်လာနာမုဖ်သီအဂျ်ဝဒ်(တိုင်ယိဗီ၊ ဇွမီရီ)၊ ဟာဖိးဇ် M အိရ်ရှားဒ် (တိုင်ယိဗီ၊ ဇွမီရီ)တို့၏ ကျေးဇူးရှင် မွေးမိခင်မွန်၊ သားသမက် (အာလင်မ်၊မုဖ်သီ၊သာသနာ့ပညာရှင်) ခြောက်ပါးတို့၏ ယောက္ခမ၊ အာလင်မ်သာသနာ့ပညာရှင်လေးပါးအပါအဝင် မြေး ၄၁ဦးတို့၏ ချစ်ဘွားဘွား၊ မြစ် ၁၀ ယောက်တို့၏ချစ်ဘွားဘွားသည် ၅-၁၂-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၈နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၅-၁၂-၂၀၁၃ အေရှာအ်ဆွလားသ်အပြီးတွင် သုခမြိုင်စွန္နီကဘာရ်စတန်၌ 'ဒါဖ်နာ' ပြုလုပ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးများနှင့် အသိမိတ်ဆွေများမှ 'မဂ်ဖိရသ်' အတွက် 'ဒုအာ' တောင်းပေးကြပါရန် အသိပေးအပ်ပါသည်။

သင့်သွေးဖြင့် အသက်ကယ်ပါ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ဘေဘီ(မြင်းခြံ)
အသက်(၈၄)နှစ်

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ ဂုဏ်ယူဆောင် အသင်းသား System Engineering ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်စိုး၏မိခင် ဒေါ်ဘေဘီ အသက်(၈၄)နှစ်သည် ၉-၁၂-၂၀၁၃ရက် နံနက် ၈း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းအောင်နိုင်(ညွှန်ကြားရေးမှူး၊ စက်မှုတိုင်း-၂၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်စိန်မြရွှေတို့၏ဖခင်ကြီး ဦးလှအောင်(ခ)ဦးကျော်လှသည် ၁၅-၁၂-၂၀၁၃ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ
ရေအားလျှပ်စစ်ဌာနခွဲ(၁)၊ ဆည်မြောင်းဦးစီးဌာန၊ မင်းဘူးမြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသန်းနိုင်(ညွှန်ကြားရေးမှူး၊ မွန်ပြည်နယ်၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်ဝင်းပပကျော်တို့၏မိခင် ဒေါ်ခင်ရီ အသက်(၈၃)နှစ်သည် ၁၇-၁၂-၂၀၁၃ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
ကချင်ပြည်နယ်၊ ဆည်မြောင်းဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသန်းနိုင်(ညွှန်ကြားရေးမှူး၊ မွန်ပြည်နယ်၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်ဝင်းပပကျော်တို့၏မိခင် ဒေါ်ခင်ရီ အသက်(၈၃)နှစ်သည် ၁၇-၁၂-၂၀၁၃ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲ ဝန်ထမ်းမိသားစု
ဆည်မြောင်းဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဦးစိုးမြင့်(ထားဝယ်)ဒုအရာခံဗိုလ်(ငြိမ်း)ကပစသည် ၁၃-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

(ကပ-၂၆၁) သူငယ်ချင်းများ

အထူးကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ
ဦးအောင်မျိုးထွန်း
(ငွေခြူးမင်းဆေးလိပ်လုပ်ငန်း၊ မြင်းခြံ)
အသက်(၃၇)နှစ်

မြင်းခြံမြို့၊ ဗိုလ်ချုပ်လမ်းနေ ဦးမောင်မောင်-ဒေါ်စိမ်းယုမွန်(ခ) BARBARA (ရွှေမြန်မာသောက်ရေသန့်နှင့် ခရီးသွားလုပ်ငန်း)တို့၏ဒုတိယသား၊ ဦးအုန်းညွှန့်-ဒေါ်သန်းသန်း(ခြူးနဂါးဆေးလိပ်လုပ်ငန်း)တို့၏သားသမက်၊ မြင်းခြံမြို့၊ (၁၀)ရပ်ကွက်နေ မမြတ်သုထွေး(ငွေခြူးမင်းဆေးလိပ်လုပ်ငန်း)၏ခင်ပွန်း၊ မရွှန်းလဲ့မေဦး၊ မောင်ထွဋ်ခေါင်ယံတို့၏ဖခင် ဦးအောင်မျိုးထွန်း မကျန်းမာစဉ်မှစ၍ မန္တလေးမြို့ နန်းတော်ဆေးရုံကြီး၌ ဂရုစိုက်ပြုစုကုသပေးခဲ့သော ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ ဆရာမများအားလည်းကောင်း၊ မန္တလေးမြို့မှ အားပေးကူညီကြသော သူငယ်ချင်းမိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ ဈာပနကိစ္စတွင် မိသားစုနှင့် ထပ်တူထပ်မျှခံစားပြီး လူကိုယ်တိုင် လိုက်ပါပို့ဆောင်၍လည်းကောင်း၊ လွမ်းသူ့ပန်းခြင်း၊ သက်န်းခြင်းနှင့် လှူဖွယ်ပစ္စည်းများပေးပို့သော အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း တယ်လီဖုန်းဖြင့်ဖြစ်စေ၊ E-mail ဖြင့်ဖြစ်စေ၊ ခံစားသတင်းမေးကြပါသော နိုင်ငံအသီးသီး၊ အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ ဈာပနအခမ်း အနားတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း အထူးပင်ကျေးဇူး တင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်စော(ညောင်လေးပင်)
အသက်(၇၄)နှစ်

(ဦးမြင့်-ဒေါ်သန်းနု)တို့၏သမီးကြီး၊ (ဦးချစ်ထွန်း-ဒေါ်စိန်မြင့်)တို့၏သမီးချွေးမ၊ (ဦးအောင်ထွေး)၏ဇနီး၊ မအေးအေးခိုင်၊ (ကိုသိန်းထွန်း)-မနုဖြူခိုင်၊ ကိုမြင့်ဆွေ-မနုယဉ်၊ မစန္ဒာ၊ ကိုသူရလွင်-မစုစုခိုင်၊ (ကိုဉာဏ်ထွန်းအောင်)-မမြန္တလွင်တို့၏ မွေးသမိခင်၊ မြေးငါးယောက်တို့၏ အဘွား၊ (ဦးထွန်းရှိန်)-ဒေါ်သန်းမြင့်၊ ဦးလှကြိုင်-ဒေါ်မြင့်မြင့်ရီ၊ ဦးမြင့်သိန်း၊ ဦးသန်းဌေး-ဒေါ်သန်းမြင့်၊ ဦးသိန်းဌေး၊ ဦးမျိုးညွှန့်-ဒေါ်အေးအေးရီ၊ ဦးကျော်မြင့်ဦး-ဒေါ်ပြုံးပြုံးရီတို့၏အစ်မကြီးသည် ၁၇-၁၂-၂၀၁၃ရက် ည ၇း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၃(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (No.47(A), ယောမင်းကြီးလမ်းနေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးဌေးဝင်း (B.E-Civil)
အသက်(၅၄)နှစ်
ထူးသန့်သစ်စက်
အင်္ဂပူမြို့အသင်းဝင်
ကျောင်းသားဟောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ (ဦးတင်ဦး-ဒေါ်စောရင်)တို့၏ သား၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၅)၊ ဂန္ဓဝင်လမ်း၊ အမှတ်(၆၂)နေ ဒေါ်နွဲ့မြင့်ခင်(ခ)ဒေါ်ယော၏ခင်ပွန်း၊ မနှင်းဒါလီဆွေ၏ဖခင်၊ ဒေါ်ခင်ဆွေဦး (တောင်ပင်လယ်နဂါးဆောက်လုပ်ရေးကုမ္ပဏီ)၏မောင်၊ ဒေါ်ကြည်ကြည်နွယ် ဒေါ်ခိုင်ခိုင်နွယ်၊ ဦးရဲဝင်းခိုင်၏အစ်ကိုသည် ၁၇-၁၂-၂၀၁၃ (အင်္ဂါနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၃(စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးသီး
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ (ဦးလင်ဟုတ်-ဒေါ်သက်အေး)တို့၏ သား၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ စကားဝါလမ်း၊ တိုက်(၃/၅)နေ ဒေါ်ခင်လှ၏ခင်ပွန်း၊ ဦးသိန်းလှိုင် (ရဲမှူး၊ တောင်ဒဂုံ)-(ဒေါ်မြင့်မြင့်ဦး)၊ (ဦးအောင်သာကျော်)-ဒေါ်မြင့်မြင့်စန်း(ပဆင၊ ငြိမ်း)၊ ဒေါ်သက်သက်လွင်(MPPE)၊ (ဦးကျော်စိုး)၊ ဦးဇော်မိုးထွန်း (ပဆင၊ ဗဟိုသင်တန်းကျောင်း)၊ ဦးမျိုးထွန်း(ပဆင၊ ဗဟိုသင်တန်းကျောင်း)-ဒေါ်မူမူသက် (ကြံသီးနှံဌာနခွဲ၊ DICD)တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘိုးသည် ၁၇-၁၂-၂၀၁၃ (အင်္ဂါနေ့) ည ၇း၅၀ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်အေး (၈၁)နှစ်
(ထားဝယ်)

ထားဝယ်မြို့၊ ဇရစ်ရပ်၊ မင်္ဂလာလမ်း၊ အမှတ်(၁၄၉)နေ(ဦးသောင်းညွှန့်)၏ဇနီး၊ ဦးစံမင်း-ဒေါ်မာမာချို၊ ဦးအောင်နိုင်(ခ)ဦးတိုနီ-ဒေါ်စန်းစန်းမြင့်(ခ)ဒေါ်နီနီ၊ ဒေါ်ညိုညိုခိုင်၊ ဦးအောင်ချိန်-ဒေါ်မူမူ၊ ဦးတင်အောင်မိုး(ဦးစီးအရာရှိ ကုမ္ပဏီခွန်ထမ်းကြီးများရုံး)-ဒေါ်မာမာသိန်း၊ ကိုအောင်အောင်ထွေး-မခင်သောင်းထွေးတို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၁၈-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၃(စနေနေ့) မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေ အပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးညွှန့်တင် (၇၅)နှစ်
ဒု-ညွှန်မှူး(ငြိမ်း) MPPE
(မော်လမြိုင်)

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်၊ တောင်ဝိုင်းလမ်း၊ သဇင်လမ်းသွယ်၊ အမှတ် (၉၂/ဒီ)နေ (ဦးအောင်သိန်း-ဒေါ်ဝင်း)တို့၏သား၊ (ဦးလှအောင်)-ဒေါ်ခင်သန်း၊ ဦးခင်လှ-(ဒေါ်အေးမြင့်)တို့၏ ညီ/မောင်၊ ဒေါ်စန်းစန်းအေး (ကုန်သွယ်ရေး-ငြိမ်း)၏ ခင်ပွန်း၊ ဦးတင်မောင်ဦး (သစ်တောဦးစီးဌာန၊ မော်လမြိုင်)-ဒေါ်တင်ဝင်းကြည် (အမကမှုလုန်)၊ ဒေါ်ခင်သီတာဦး၊ ဦးရဲညွှန့်ဦး (ဒု/လထ၊ အကောက် ခွန်မှူး)-ဒေါ်ရင်ရင်သိန်း၊ ဦးဝင်းညွှန့်ဦး-ဒေါ်နီနီခိုင်၊ ဦးအောင်ညွှန့်ဦး(Golden Myan mar Ariline E&m Dept)-ဒေါ်ယဉ်သီတာထွန်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည်၁၇-၁၂-၂၀၁၃ရက် ညနေ ၆း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မော်လမြိုင်မြို့ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးတင်ငွေ (၇၁)နှစ်
အလုပ်ရုံခွဲမှူး၊မြန်မာနိုင်ငံဆေးဝါးစက်ရုံ MPF (ငြိမ်း)
ကျော်တိုင်းရင်းဆေး

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊တောင်သူကုန်းရပ်ကွက်၊ သာယာအေး(၁)လမ်း၊ အမှတ်(၁၄)နေ (ဦးဘိုးကျော်-ဒေါ်စိန်ခင်)တို့၏သား၊ (ဦးကြာသန်း-ဒေါ်နော်မ)တို့၏သားသမက်၊ ဦးချစ်ဆွေ-ဒေါ်တင်ရီ (ကျောင်းဆရာမ-ငြိမ်း)တို့၏ အစ်ကို၊ နော်ချယ်ရီ၏ခင်ပွန်း၊ ကိုမောင်မောင်မြတ်(ခ)ဘီဘီ၏ဖခင်သည် ၁၈-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၁၂-၂၀၁၃ (သောကြာနေ့) နံနက် ၉နာရီတွင် အင်းစိန်၊ တောင်သူကုန်းရပ်ကွက်၊ ဟိုက်ပတ်သာယာအေး(၁) လမ်းရှိ အရှိုချင်း-နှစ်ခြင်းဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်တွင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်သောင်းရင်(သထုံ) (၉၈)နှစ်

သထုံမြို့နေ(ဦးထွန်းလှ-ဒေါ်ချစ်မေ)တို့၏သမီး၊ (တောင်သာဆရာကြီး ဦးအေးမောင်၊ သထုံမြို့)၏ ချစ်လှစွာသောဇနီး၊ ဦးဦးမြင့် (ဒုတိယအထွေထွေမန်နေဂျာ၊ ဘဏ္ဍာရေး၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်နန်းမြင့်မြင့်သန်း(အထပြ-ငြိမ်း၊ အထက-၃၊ ပြည်)၏ ကျေးဇူးရှင်မိခင်ကြီး၊ Dr.ရဲထွဋ်လင်း-ဒေါက်တာဇွန်နှင်းယုလှိုင် (လက်ထောက်ဆရာဝန်၊ မင်းဘူးပြည်သူ့ဆေးရုံကြီး)၊ ကိုသက်မြတ်ဦး (Uniteam Marine)တို့၏အဘွားသည် ၁၈-၁၂-၂၀၁၃ရက် နံနက် ၉း၃၀နာရီတွင် လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၂၇၀-ဇ)ဝန်ထမ်းအိမ်ရာ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁း၃၀နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၂-၂၀၁၃ (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ရင်မြ(စစ်ကိုင်း)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ သီရိဂုဏ်အိမ်ရာ ခြံအမှတ် (၄၄)နေ (ဦးသိန်းမောင်-ဒေါ်သန်းခင်)တို့၏သမီး၊ (ဦးခင်ဦး)၏ ဇနီး၊ (ဦးစိန်ဝင်း-ဒေါ်ကြင်အောင်)၊ (သီဟသူရ ဗိုလ်မှူးကြီးလှမော်-ငြိမ်း)-ဒေါ်ခင်လှလှတို့၏ ညီမ၊ (ဗိုလ်ကြီးထွန်းဝင်း-ငြိမ်း)-ဒေါ်ရင်နု၊ (ဒုတိယဗိုလ်မှူးကြီး လှမောင်-ငြိမ်း-ဒေါ်ခင်သန်းဝင်း)၊ ဦးအောင်မြတ်သိန်း(ညွှန်မှူး၊ သစ်တော-ငြိမ်း)၊ ဒေါ်ကေသီခင်တို့၏အစ်မသည် ၁၆-၁၂-၂၀၁၃(တနင်္လာနေ့)ည ၁၁း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။)(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးစိုးမြင့်(ငြိမ်း)
အသက်(၈၅)နှစ်
ကပစ(၁၀)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇/၃/၂၁၅)၊ နှင်းဆီလမ်းနေ(ဦးမောင်မောင်ဟိန်း- ဒေါ်လှရင်)တို့၏သား၊ (ဦးစိန်လှိုင်)-ဒေါ်အမာတို့၏သားသမက်၊ ဒေါ်စောလှ၏ခင်ပွန်း၊ ကိုစိုးဝဏ္ဏ၊ ကိုခိုင်ဝင်းထက်-မယဉ်ပပစိုးတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မောင်သုမင်းမြတ်စိုး၏အဘိုး ဗိုလ်ကြီးစိုးမြင့်(ငြိမ်း)သည် ၁၈-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၁၃(အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ကြည် (၈၆)နှစ်
(ထားဝယ်တည်းခိုရိပ်သာ)
(ထားဝယ်)

ထားဝယ်မြို့၊ ပိန္နဲတောရပ်၊ ဘုရားလမ်း၊ အမှတ်(၂၃၅)နေ(ဦးဖေသင်-ဒေါ်ဖွားခင်)တို့၏သမီး၊ (ဦးဘအင်-ဒေါ်ဆွဲ)တို့၏သမီးချွေးမ၊ (ဦးသိန်းရွှေ)၏ဇနီး၊ ဦးမင်းကျော်ဝေ(ထားဝယ်ရေနက်ဆိပ်ကမ်း)-ဒေါ်သန်းသန်းစိန်၊ ဦးခင်မောင်နီ-ဒေါ်ရှုမေ၊ ဦးစန်းမောင်-ဒေါ်တင်တင်သော်၊ အရှင်ထေရိန္ဒ (နာလန္ဒာတက္ကသိုလ်၊ အိန္ဒိယနိုင်ငံ)တို့၏ မွေးသမိခင်၊ ကိုမင်းပြည့်ဖြိုးဝေ(ဒေပူးကုမ္ပဏီ)-မသန္တာစိုးဝေ၊ ကိုစိုးဝေထွန်း၊ ကိုအာကာကျော် (Graffiti)၊ မရတနာကျော် (အထက-၁၊ ထားဝယ်)၊ မအေးပြည့်စုံ၊ မောင်စည်သူ(အထက-၁၊ ထားဝယ်)၊ မောင်ကောင်းခန့်ကျော်(အမက-အိုးလုပ်)တို့၏အဘွားသည် ၁၈-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ကျင်ရှိန် အသက်(၈၀)

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နေ (ဦးရွှေ-ဒေါ်စိန်ပု)တို့၏သမီး၊ အိမ်မဲမြို့နေ (ဦးဘိုးသင်-ဒေါ်သိန်းရင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄)ရပ်ကွက်၊ အပိုင်း(၅)၊ ရာဇမိရာဇ်လမ်း၊ အမှတ်(၂၂၇)နေ (ဦးစိန်မောင်၊ ဇာမဏီအမွှေးတိုင်လုပ်ငန်း)၏ဇနီး၊ ဦးလွင်နိုင်၏အစ်မ၊ ဗိုလ်တထောင်မြို့နယ်၊ လင်းစဒေါင်းနေ (ဦးသန်းအောင်)-ဒေါ်အုန်းကြည်တို့၏ညီမ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်နေ (ဦးသောင်းလှ)-ဒေါ်မြသိန်းတို့၏အစ်မ၊ ရဲအုပ်ဝင်းသိန်း (အမှတ်-၃၃၊ ရတရစစ်တွေမြို့)-ဒေါ်ခင်သစ္စာ၊ ဦးဌေးလွင် (ဧရာရွှေဝါကုမ္ပဏီ Terminal Gosoun Atation)-ဒေါ်ခင်ပန်းနွယ် (ဇာမဏီအမွှေးတိုင်လုပ်ငန်း)၊ ဦးဌေးဝင်း(ခေတ္တ-USA)၊ ကိုစောမိုး-မဝင်းမြင့်၊ မောင်သီဟ-မမိထိုက်၊ ကိုထွန်းထွန်း-မသန်းသန်းစိန်၊ မောင်မျိုးညွှန့်-မကြည်ကြည်မြ၊ မောင်တင်မျိုးနိုင်တို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၃ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၈-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၃ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ကျောင်း၊နတ်လမ်းဒါယကာကြီး
ဦးသောင်းငွေ (၉၁)နှစ်
(သာယာဝတီမြို့နယ်အသင်း)

သာယာဝတီမြို့နေ (ဦးဘိုးသင်-ဒေါ်ရွှေမှင်)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ပိတောက်ရိပ်ငြိမ်လမ်း၊ အမှတ် (၁/၄)နေ (ဒေါ်သန်းညွှန့်)၏ခင်ပွန်း၊ ဒေါ်စန်းမြင့် (အနောက်မရမ်းကုန်းစက်ရုံ-ငြိမ်း)၏ ဖခင်၊ ဦးသန့်ဇင်ဦး-ဒေါ်ဝင်းဝင်းသီတာ (International Resuce Committee) တို့၏အဘိုးသည် ၁၇-၁၂-၂၀၁၃(အင်္ဂါနေ့) ညနေ ၅း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၃ (ကြာသာပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုလ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၂-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သာယာဝတီမြို့နယ်အသင်း(ရန်ကုန်)
ဦးသောင်းငွေ (၉၁)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ ပိတောက်ရိပ်ငြိမ်လမ်း၊ အမှတ် (၁/၄)နေ (ဒေါ်သန်းညွှန့်)၏ ခင်ပွန်း၊ ဒေါ်စန်းမြင့် (အနောက် မရမ်းကုန်းစက်ရုံ-ငြိမ်း)၏ဖခင်၊ ဦးသန့်ဇင်ဦး-ဒေါ်ဝင်းဝင်းသီတာ (Internatioi Resuce Committee)တို့၏အဘိုး ဦးသောင်းငွေသည် ၁၇-၁၂-၂၀၁၃ရက် ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်အေး(ညောင်တုန်း)
အသက်(၇၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်နေ (ဦးအောင်ညွှန့်၊ တက္ကသိုလ်များပုံနှိပ်တိုက်)၏ဇနီး၊ ဦးသာဝင်း-ဒေါ်လှမူ(ယတြာဆရာမ)၊ ဦးခင်မောင်မြင့်-ဒေါ်မာမာအေး၊ ဦးသိန်းဝင်း-ဒေါ်လှမြင့်၊ ဦးလှဝင်း-ဒေါ်စန္ဒာမိုး၊ ကိုအောင်ဝင်း-မမာမာ၊ မောင်နေလင်းထိုက်-မခင်ဌေးမော် (ဒုလက်ထောက်ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန)တို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဒေါ်ခင်အေးသည် ၁၇-၁၂-၂၀၁၃(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော်ဘဒ္ဒန္တ ဝါသဝ မဟာထေရ်
(ဓမ္မာစရိယ)
သိက္ခာတော်(၅၇)ဝါ၊ သက်တော်(၇၇)နှစ်

ရန်ကုန်မြို့ သွေးဆေးကန်ကျောင်းတိုက် တိစန္ဒဝိဟာရ စင်ကာပူကျောင်းသစ်နှင့် လက်ပန်တန်းမြို့နယ်ရှမ်းစုကျောင်း ပဓာနနာယက ၊ ဗဟန်း(၃)လမ်း၊ လောကဥသျှောင်ကျောင်း ပခုက္ကူအောင်တော်မူကျောင်း မြိုင်မြို့နယ်၊ ဒေါင်အိုကြီး သာသနသိပ္ပံကျောင်းနှင့် အောင်မြေရတနာကုန်းမြေအောင်တော်မူစေတီတော်မြတ်တို့၏ ဩဝါဒါစရိယဖြစ်တော်မူသော် သိက္ခာတော်(၅၇)ဝါ၊ သက်တော်(၇၇)နှစ်ရှိ ဆရာတော် ဘဒ္ဒန္တ ဝါသဝသည် (၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၁၄ ရက်) ၁၆-၁၂-၂၀၁၃(တနင်္လာနေ့) နံနက်၁း၃၀နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါ၍ (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၃ရက်) ၂၀-၁၂-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် တိစန္ဒဝိဟာရ စင်ကာပူကျောင်းသစ်မှ ကားများထွက်ခွာပြီး ရေဝေးသုသာန်သို့ အန္တိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားသိစေပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
စူဠ အာဘိဓမ္မိက ဝိသိဋ္ဌ ဥက္ကဋ္ဌ ကလျာဏ ဉာဏဓဇ
ဆရာမကြီး ဒေါ်သန်းမြင့် (၉၄)နှစ်

ရန်ကုန်မြို့နေ (ဦးချို-ဒေါ်မမလေး)တို့၏သမီး၊ (ဒေါ်ရင်နု)၏ညီမ၊ ဒေါ်ခင်ရှု (ဦးစွမ်းရီ)၊ (ဦးအေးသန်း)တို့၏အစ်မ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြနန္ဒာလမ်း၊ မြကန်သာအိမ်ရာ (P-6)နေ (ဦးညွှန့်သန်း)-ဒေါ်လှနှင်းခိုင် (MD International School of Manmar)တို့၏မိခင်၊ ကိုဇော်ဝင်းညွှန့်-မခိုင်ညွှန့်ဝေ (ခိုင်သဇင်ပုံနှိပ်တိုက်)၊ မခိုင်ညွှန့်ရွှေတို့၏အဘွား၊ မခိုင်ပြုံးဝေ(ခေတ္တ-USA)၊ မမိုးပွင့်ခိုင်(ခေတ္တ-USA)၊ မယုဇနခိုင်ဇော်(ခေတ္တ-USA)၊ မစန္ဒကူးခိုင်ဇော် (G-7, ISM)တို့၏အဘွားသည် ၁၈-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀ နာရီတွင် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃၁)လမ်း(လယ်)၊ အမှတ်(၁၄၂)၊ မြေညီထပ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၃(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (၃၁လမ်းနေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ရင်မြ
အသက်(၉၀)

ရန်ကုန်မြို့နေ (ဦးဘရင်-ဒေါ်သိန်းမြ)တို့၏ သမီး၊ အမှတ်(၃၅)၊ (၁၄၁)လမ်း၊ မအူကုန်းရပ်ကွက်နေ ဦးဇော်ဝင်း (ကုန်သွယ်၊ လယ်ယာ၊ ငြိမ်း)၏ ဇနီး၊ ဦးကျော်ဇော-ဒေါ်ဝင်းဝင်းမာ၊ (ဦးချစ်ဇော်)-ဒေါ်ရီရီမြင့်၊ (ဦးလူအေး)၊ (ဦးမြဇော်-ဒေါ်ခင်သန်းဝင်း)တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၇-၁၂-၂၀၁၃(အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၃(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦး R.W. Hole (ခ)ဦးလှမင်း
B.Sc.(Engg) ဒု-တိုင်းအင်ဂျင်နီယာ(ငြိမ်း)(ဆလရ)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ၂၈(E)ဆရာစံလမ်းနေ(ဦးဂျွန်ဟိုး-ဒေါ်ငွေစိန်)တို့၏သား၊ (ဦးဘအို-ဒေါ်သန်းတင်) တို့၏သားသမက်၊ (ဒေါ်အေးအေးမင်း)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်ဟိုး)၊ (ဒေါ်ဂျင်နီဟိုး)၊ ဒေါ်စောလှတို့၏ ညီ/မောင်၊ ဒေါ်မာရီညွှန့်၏အစ်ကို၊ ဒေါ်ဂေးလ်မော်ဟိုး၊ ဦးဘဌေး-ဒေါ်ခိုင်ခိုင်ထွန်း(ခ)အဲန်းဟိုး၊ (ဦးမင်းထွန်းနိုင်)၊ ဒေါ်မြင့်မြင့်ရီ(ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)တို့၏ချစ်လှစွာသောဖခင်၊ Dr.ခိုင်သက်ဟန်၏အဘိုးသည် ၁၇-၁၂-၂၀၁၃ (အင်္ဂါနေ့) နံနက် ၆း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၁၂-၂၀၁၃(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဗိမာန်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးစံထွန်း (၈၁)နှစ်
CDC-2477
(အင်္ဂပူမြို့နယ်အသင်းဝင်)

ဟင်္သာတမြို့၊ အင်္ဂပူမြို့နယ်၊ ပြာသာကျေးရွာနေ(ဦးစိန်ဝင်း-ဒေါ်ပု)တို့၏သား၊ (ဦးကဲမောင်-ဒေါ်တင်ကြည်)တို့၏ သားသမက်၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၆)လမ်း၊ အမှတ်(၁၂၇/က)နေ ဒေါ်အေးမြင့်၏ခင်ပွန်း၊ ဦးအောင်ဖုန်းကျော်-ဒေါ်မြင့်မြင့်ဝေ၊ ဦးအောင်နိုင်ဦး၊ ဦးစိုးလင်း-ဒေါ်သူဇာ၊ ဦးသက်နောင်(လမ်းတံတား YCDC)-ဒေါ်အေးအေးသန်း၊ မောင်မျိုးမင်းစိုး (Multigate Co., Ltd.)တို့၏မွေးသဖခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၈-၁၂-၂၀၁၃ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၃ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ငွေရှင်(ပုလော/ပလ)
အသက်(၈၆)နှစ်
အသင်းဝင်အမှတ်-၂၀၄၀

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ပလရွာနေ (ဦးကွီးစံ-ဒေါ်ကျင်ကော်)တို့၏သမီး ဒေါ်ငွေရှင်သည် ၁၈-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၃ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပလရွာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

မောင်ချမ်းငြိမ်း
အသက်(၂၅)နှစ်

ရန်ကုန်မြို့နေ (ဦးစံဝင်း)-ဒေါ်ဂျူလိုင်သန်းတို့၏သားငယ်၊ မငြိမ်းယုဝင်း၊ မမြတ်စုမွန်၊ မောင်အောင်ကိုဇင်တို့၏ ညီငယ် မောင်ချမ်းငြိမ်းသည် ၆-၁၂-၂၀၁၃ရက်တွင် ဆန်ဖရန်စစ္စကိုမြို့၌ ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၃ရက်တွင် ဆန်ဖရန်စစ္စကိုမြို့ Woodlawn Cemetry ၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁ ၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184



ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းကြောင့် ဆင်းရဲမှုလျော့ကျစေခြင်းနှင့် လူမှုစီးပွားဘဝမြင့်မားလာစေ

နေပြည်တော် ဒီဇင်ဘာ ၁၈

အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ယနေ့အချိန်တွင် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးအခြေအနေ ပြောင်းလဲလာမှုများနှင့်အတူ နိုင်ငံတစ်နိုင်ငံချင်းစီ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု၊ လူနေမှုအဆင့်အတန်းကွာဟမှုစသည့် အမျိုးမျိုးသောအခြေအနေများကြောင့် တစ်နိုင်ငံမှ တစ်နိုင်ငံသို့ အလုပ်အကိုင်ရှာဖွေရန်သွားရောက်ကြရသည့် ရွှေ့ပြောင်းအလုပ်သမားများ၏ အရေအတွက်သည် တစ်နေ့တခြားများပြားလာပါကြောင်း။ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ○**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် နည်းပညာသုံးအဆင့်မြင့်စက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

နိုင်ငံ	ရွှေ	ငွေ	ကြေး
ထိုင်း	၇၃	၆၆	၆၂
ဗီယက်နမ်	၅၄	၅၂	၆၂
မြန်မာ	၅၃	၄၅	၄၉
အင်ဒိုနီးရှား	၅၀	၆၀	၇၁
မလေးရှား	၃၀	၃၀	၅၅
စင်ကာပူ	၂၃	၂၂	၃၁
ဖိလစ်ပိုင်	၂၀	၂၄	၂၈
လာအို	၅	၈	၂၆
ကမ္ဘောဒီးယား	၅	၇	၁၄
ဘရူနိုင်း	၁	၁	၄
တီမော	၁	၀	၂

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) တွင် ဆင်ထီးငယ်တစ်ကောင်မွေးဖွား

နေပြည်တော် ဒီဇင်ဘာ ၁၈

ဇီဝမျိုးများထိန်းသိမ်းရေး၏အရေးကြီးမှုကို သိရှိပြီးသည့်အလျောက် နိုင်ငံတော်အနေဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးလုပ်ငန်းကို အလေးထားဆောင်ရွက်လျက်ရှိရာ သဘာဝထိန်းသိမ်းရေးနယ်မြေများ တည်ထောင်ခြင်း၊ ဘေးမဲ့တောများ၊ ဥယျာဉ်များ တည်ထောင်ခြင်းနှင့် သစ်တောဥပဒေများ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးမူဝါဒ၊ ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ရှေးမြန်မာမင်းများ လက်ထက်ကတည်းကဆင်ကိုရတနာတစ်ပါးအဖြစ် တန်ဖိုးထားခဲ့ကြပါသည်။ ဆင်ကို သယ်ယူပို့ဆောင်ရေးနှင့် သစ်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုခြင်းသည် **စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖**

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် မွေးဖွားသော ဆင်ထီးငယ်နှင့် မိခင် မေကဆုန်တို့အား ဒီဇင်ဘာ ၁၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-သစ်တောဦးစီး)

ကြေးမုံ
(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲ
အထူးထုတ်
(၄၄)နှစ်တွင် တစ်ကြိမ် ပြန်လည်ကျင်းပခွင့်ရသည့် ဆီးဂိမ်းပြိုင်ပွဲကြီးကို ဂုဏ်ပြုပါသည်။ ၁၉ - ၁၂ - ၂၀၁၃ (ကြာသပတေးနေ့)

ရိုးရာလှေပြိုင်ပွဲ အမျိုးသား/အမျိုးသမီး မီတာ ၁၀၀၀ တက် (၂၀)လှေလှော်ပြိုင်ပွဲတွင် မြန်မာအသင်းက ထိုင်းအသင်းကို နှာတစ်ဖျားအသာဖြင့် အနိုင်ယူနေစဉ်။ ဓာတ်ပုံ - ကဝေ

ရိုးရာလှေလှော်ပြိုင်ပွဲခြောက်မျိုး မြန်မာအသင်းရွှေဆုအားလုံးရယူ

နေပြည်တော် ဒီဇင်ဘာ ၁၈

နေပြည်တော် ငလိုက်ဆည်တွင် ယနေ့ကျင်းပသော ရိုးရာလှေလှော်ပြိုင်ပွဲ (၁၀)တက်၊ တက် (၂၀)လှော်ပြိုင်ပွဲ ခြောက်မျိုးစလုံးတွင် မြန်မာလှေလှော်(ကျား/မ)အသင်းအားလုံးက အနိုင်ရရှိသဖြင့် ပထမဆု ရွှေတံဆိပ် ခြောက်ဆုစလုံးကို ဆွတ်ခူးရရှိကာ ရိုးရာလှေလှော်ပြိုင်ပွဲ ပြီးဆုံးသွားပြီဖြစ်သည်။ ယနေ့ရရှိသော ရွှေတံဆိပ် ခြောက်ဆုနှင့် ယခင်နေ့ကရရှိခဲ့သော ဆုသုံးဆုအပါအဝင် မြန်မာအသင်းက လှေပြိုင်ပွဲတစ်ခုတည်းတွင် ရွှေတံဆိပ် ကိုးဆု ဆွတ်ခူးပေးနိုင်ခဲ့သည်။

လှေ(၁၀)တက်လှော် မီတာ ၁၀၀၀ ပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် အင်ဒိုနီးရှားနှင့် ထိုင်းအသင်းတို့ကို စတင်ဖြတ်ကျော်နိုင်ခဲ့ပြီး ပထမ ၁၀ စက္ကန့်တွင် အားစိုက်မှုလျော့ကျသွားရာ ထိုင်းနှင့် အင်ဒိုနီးရှားတို့ ကျော်တက်သွားပြီးနောက် မြန်မာလှေလှော်အသင်းက ပြန်လည်ကျော်ဖြတ်နိုင်ခဲ့သည်။ ထိုင်းအသင်းက မြန်မာအသင်းကို ပြန်လည်ကျော်တက်နိုင်အောင် ကြိုးစားသော်လည်း မတက်နိုင်ဘဲ မြန်မာအသင်းအနိုင်ရခဲ့ခြင်းဖြစ်သည်။

ရိုးရာလှေ (၁၀)တက် မီတာ ၁၀၀၀ ပြိုင်ပွဲတွင် ထိုင်းအသင်းက တတိယ၊ အင်ဒိုနီးရှားအသင်းက ဒုတိယနှင့် မြန်မာအသင်းက ပထမရရှိခဲ့သည်။ မြန်မာ့လှေလှော်အားကစားသမားများအနေဖြင့် အိမ်ရှင်ဟူ၍ အနိုင်ယူလိုစိတ်မထားဘဲ သမာသမတ်ကျကျ ထိုက်ထိုက်တန်တန် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာတို့သည် နိုင်ပြီဆိုပြီး တက်မထောင်ဘဲ ရေကုန်ရေခန်း မလျှော့သောဇွဲဖြင့် နှာတစ်ဖျားသာအောင် အနိုင်ပြိုင်ခဲ့ကြသည်။

ရိုးရာလှေလှော်ပြိုင်ပွဲ (၁၀)တက် မီတာ ၁၀၀၀ အမျိုးသမီးပွဲတွင် မြန်မာက ၄ မိနစ် ၅၃ စက္ကန့်ကျော်ဖြင့် ပထမ၊ ထိုင်းက ၄ မိနစ် ၅၆ စက္ကန့်ဖြင့် ဒုတိယ၊ အင်ဒိုနီးရှားက ၄ မိနစ် ၅၉ စက္ကန့်ကျော်ဖြင့် တတိယ၊ စင်ကာပူက ၅ မိနစ် ၁၁ စက္ကန့်ကျော်ဖြင့် စတုတ္ထ အသီးသီးရရှိကြသည်။ မီတာ ၁၀၀၀ (၁၀)တက်လှော် အမျိုးသားပွဲစဉ်တွင် ၄ မိနစ် ၃၁ စက္ကန့် ဒသမ ၁ ကျော်ဖြင့် မြန်မာကပထမ၊ ၄ မိနစ် ၃၁ စက္ကန့် ဒသမ ၇ ကျော်ဖြင့် အင်ဒိုနီးရှားက ဒုတိယ၊ ၄ မိနစ် ၃၂ စက္ကန့်ကျော်ဖြင့် ထိုင်းက တတိယ၊ ၄ မိနစ် ၃၄ စက္ကန့်ကျော်ဖြင့် ကမ္ဘောဒီးယားက စတုတ္ထနှင့် ၄ မိနစ် ၃၉ စက္ကန့်ကျော်ဖြင့် စင်ကာပူက ပဉ္စမအသီးသီးရရှိခဲ့ကြသည်။

ယနေ့ကျင်းပသော ရိုးရာလှေ (၁၀) တက်၊ တက် (၂၀)ပြိုင်ပွဲ အမျိုးသား/အမျိုးသမီးပြိုင်ပွဲ ခြောက်မျိုးစလုံးတွင် မြန်မာအသင်းကသာ ရှေ့ဆုံးမှဦးဆောင်နိုင်ခဲ့သဖြင့် ရွှေတံဆိပ်ဆု ခြောက်ဆုစလုံးကို ရရှိသွားခြင်းဖြစ်သည်။ ထို့ကြောင့်ပြိုင်ပွဲအလံတင်အခမ်းအနားၙ် မြန်မာအလံထိပ်ဆုံးမှ တက်လာပုံ၊ ကမ္ဘာမကျေသီချင်းကို မြူးကြွစွာဟစ်ကြွေးပုံနှင့် ပရိသတ်များ၏ ကြွေးကြော်သံများမှာ ဘဝက်တိုင် ညံပြီး မြန်မာတို့၏အားမာန်များ ရိုးရာလှေပြိုင်ပွဲမှ ပြန်လည်နိုးထလာခဲ့ပြီဟုဆိုရမည်ဖြစ်ပါသည်။ ■

သတင်း- ALEZ

ရွှေဆုတံဆိပ်ရရှိသွားသည့် အောင်ပွဲရ မြန်မာအမျိုးသား/အမျိုးသမီး တက် (၂၀)လှေလှော်အသင်း ပန်းဝင်ပြီးနောက် ပရိသတ်များက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။
ဓာတ်ပုံ - ကဝေ

ပီတန်းပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော်   ဒီဇင်ဘာ   ၁၈

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး မြန်မာနိုင်ငံတွင် လက်ခံကျင်းပလျက်ရှိရာ ပြိုင်ပွဲတစ်ရပ်အနေဖြင့် ထည့်သွင်းကျင်းပသည့် ပီတန်းအားကစားနည်းကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ ပီတန်းအားကစားရုံ(ကျောက်ဒိုးပစ်ကွင်း)၌ Mixed Double (အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲ) အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများ ကျင်းပခဲ့သည်။ နံနက်ပိုင်း အကြိုဗိုလ်လုပွဲတွင် မြန်မာနှင့်ဗီယက်နမ်တို့ ယှဉ်ပြိုင်ခဲ့ရာ မြန်မာက ၁၃ မှတ်၊ ဗီယက်နမ်က ၆ မှတ်ရရှိခဲ့ပြီး မြန်မာက ဗိုလ်လုပွဲသို့ လည်းကောင်း၊ လာအိုနှင့် မလေးရှားတို့ ယှဉ်ပြိုင်ခဲ့ရာ လာအိုက ၁၃ မှတ်၊ မလေးရှားက ၆ မှတ်နှင့် လာအိုက ဗိုလ်လုပွဲသို့ လည်းကောင်း တက်ရောက်သွားကြသည်။

ဆက်လက်ပြီး ဗိုလ်လုပွဲစဉ်ကျင်းပခဲ့ရာ မြန်မာအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာအသင်းက ရမှတ် ၁၃ မှတ်၊ လာအိုအသင်းက ရမှတ် ၆ မှတ်နှင့် မြန်မာအသင်းက ပီတန်းအားကစားပြိုင်ပွဲ၏ တတိယအကြိမ်မြောက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

Mixed Double ပွဲစဉ်တွင် မြန်မာအသင်းက ရွှေတံဆိပ်၊ လာအိုအသင်းက ငွေတံဆိပ်၊ မလေးရှားအသင်းနှင့် ဗီယက်နမ်အသင်းတို့က ပူးတွဲကြေးတံဆိပ်များ ရရှိခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ - သန်းနိုင်(ဇမ္ဗူသီရိ)

ပီတန်းအားကစားနည်း Mixed Double ပွဲစဉ်၌ ရွှေတံဆိပ်ဆုကို မြန်မာနိုင်ငံအတွက် ရယူပေးနိုင်ခဲ့သော အားကစားသမားများဖြစ်သည့် သက်ဝေအောင်နှင့် ယဉ်မင်းအေးတို့ကို ပြိုင်ပွဲအပြီး ပီတန်းပြိုင်ကွင်း၌ တွေ့ရစဉ်။

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကမ်ပိုပြိုင်ပွဲ ဒုတိယနေ့ ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ဆက်လက်ဆွတ်ခူးရရှိ

ရန်ကုန်   ဒီဇင်ဘာ   ၁၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို နေပြည်တော်ဇုန်၊ ရန်ကုန်ဇုန်၊ မန္တလေးဇုန်နှင့် ငွေဆောင်(ပုသိမ်)တို့တွင် ကျင်းပလျက်ရှိရာ ရန်ကုန်ဇုန်၌ ကျင်းပလျက်ရှိသော ကမ်ပိုအားကစားပွဲစဉ်များကို ဆက်လက်ကျင်းပခဲ့ရာ အမျိုးသား/အမျိုးသမီး နှစ်ယောက်တွဲအတိုက် "ပြကွက်"ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ပထမရွှေတံဆိပ်ဆုကို မောင်အောင်နိုင်ထွန်းနှင့် မအိဖြူမောင်တို့က ရရှိသွားပြီး လျှပ်စစ်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အမျိုးသမီး နှစ်ယောက်တွဲ အခြေခံအပြ"ပြကွက်" ပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆုကို ဗီယက်နမ်နိုင်ငံ၊ ဒုတိယငွေတံဆိပ်ဆုကို အင်ဒိုနီးရှား၊ တတိယကြေးတံဆိပ်ဆုကို တီမောလက်စ်တေနိုင်ငံ၊ (၅၇) Kg အမျိုးသမီးတစ်ဦးချင်းအတိုက်ပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆုကို အင်ဒိုနီးရှားနိုင်ငံ၊ ဒုတိယငွေတံဆိပ်ဆုကို ဗီယက်နမ်နိုင်ငံ၊ တတိယ ကြေးတံဆိပ်ဆုကို မြန်မာနိုင်ငံမှ အေးအေးအောင်နှင့် လာအိုနိုင်ငံတို့မှ ပူးတွဲရရှိသွားကြောင်း သိရသည်။

(အား/ကာ)

(၂၇)ကြိမ်မြောက်မှသည် (၂၈)ကြိမ်မြောက်ဆီသို့

» » ကျောဖုံးမှ

ကျောင်းသား ကျောင်းသူ ၁၀၀ ပါဝင်အင်အားဖြည့်ကြရာမှာ ဧရာဝတီတိုင်းဒေသကြီးအနေနဲ့ လာရောက်အားဖြည့်သူတွေဟာ အခြေခံပညာကျောင်းများမှ ဆရာမလေးများပါ။ ကလေးငယ်တွေအနေနဲ့ မကြာခဏဆိုသလို ကကွက်လေ့ကျင့်မှုတွေကို လေ့ကျင့်နေရရင် ကျောင်းစာများလွတ်သွားမှာကိုစိုးရိမ်ပြီး ဆရာမငယ်လေးများက အစားထိုးလာရောက်အားဖြည့်ခြင်းပါ။ စိတ်ဝင်တစားမေးမြန်းကြည့်တဲ့အခါမှာတော့ ကလေးများဆိုရင် ကျောင်းစာလွတ်မှာစိုးသလို ငွေကုန်ကြေးကျလည်း များမှာစိုးပြီး မိမိတို့ ဆရာများအချင်းချင်း လွတ်သွားသည့်အတန်း၊ ဘာသာရပ်များကို ကျောင်းတွင် ကျန်ရှိနေသော ဆရာ ဆရာမများက အားဖြည့်ပူးပေါင်းသင်ကြားပေးခြင်းဖြင့် ဒီနည်းကို ရွေးချယ်ခဲ့ကြောင်း ဆရာမလေးများက ပြောပြနေချိန်မှာ ဆရာမလေးများနှင့် တာဝန်ရှိသူများကို လေးစားမိသောစိတ်က တဖွားဖွားဖြစ်လာရပါသည်။

ဒါကြောင့် SEA Games ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့တာဟာ တစ်ဦးတစ်ယောက်၊ တစ်ဌာနတည်းကောင်းလို့ မဟုတ်သလို ကဏ္ဍအသီးသီးမှာ လှုပ်ရှားပါဝင်ဆောင်ရွက်ရတဲ့ လူငယ်၊ လူကြီးများသာမက ပြည်သူများနဲ့ နိုင်ငံသူနိုင်ငံသားများအားလုံးရဲ့ စွမ်းအားကိုယ်စီနဲ့ စုစည်းညီညာမှုရလဒ်ပါ။ တန်ဖိုးထားဂုဏ်ယူရမယ့်အရာပါ။

ရွှေတံဆိပ်တွေ ရယူဆွတ်ခူးပေးကြရာမှာလည်း ကိုယ့်ရေကိုယ့်မြေပေါ်မှာမို့လို့ ထိပ်ဆုံးမှာချည်းရှိနေရမယ်လို့ သေချာတပ်အပ်ပြောလို့ မရနိုင်ပါ။ တချို့သောအားကစားနည်းတွေဟာ ကိုယ့်လူမျိုးနဲ့ သိပ်ပြီးရင်းနှီးကျွမ်းဝင်မှုမရှိရင်တော့ အကျွမ်းတဝင်ရှိသူများက အတွေ့အကြုံသာလို့ အနိုင်ရမှာပါ။ နိုင်နိုင်ရှုံးရှုံး အားကစားစိတ်ဓာတ်က အဓိကမို့ ကြည်ကြည်လင်လင် မြင့်မြတ်တဲ့စိတ်ထားနဲ့သာ **မြန်မာ-မြန်မာ-မြန်မာ**ဆိုတာကို ကြွေးကြော်ရင်း မြန်မာအားကစားသမားများကို လှိုက်လှဲစွာဂုဏ်ပြုအားပေးကြရအောင်လို့သာ တိုက်တွန်းလိုပါတယ်။ စုစည်းညီညွတ်မှုနဲ့ စည်းစနစ်ကျမှုအပြင် စိတ်ဓာတ်ခွန်အားကပါ အရေးကြီးတာမို့ သောင်းသောင်းဖြဖြ အဆုံးထိရောက်အောင် အားပေးစေချင်ပါတယ်။ ဒီဇင်ဘာ ၂၂ ရက် SEA Games ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကိုလည်း ခမ်းနားစည်ကားစွာ ကျင်းပဦးမှာဖြစ်လို့ ထူးခြားတဲ့ စီစဉ်တင်ဆက်မှုတွေနဲ့အတူ ရွှေမြန်မာတို့ရဲ့ ရွှေတံဆိပ်ဆုများစွာကို ရယူရင်း (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို လာမည့် ၂၀၁၅ ခုနှစ်မှာ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမယ့် စင်ကာပူနိုင်ငံကို မီးရှူးတိုင်ကြီး အောင်အောင်မြင်မြင် လွှဲပြောင်းပေးအပ်နိုင်ပါစေလို့ နိုင်ငံသူ နိုင်ငံသား ပြည်သူများအားလုံးရဲ့ကိုယ်စား ဆန္ဒပြုရင်း ဆုမွန်ကောင်းတောင်းလိုက်ပါရစေ။ ဂုဏ်ပြုတေးသံ တညံညံနဲ့ လွင့်ပျံ့နေမယ့် SEA Games ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကြီးကိုလည်း ရွှင်လန်းတက်ကြွစွာနဲ့ စောင့်မျှော်နေဖို့ တိုက်တွန်းလိုက်ပါရစေ။ ။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲများ ကျင်းပလျက်ရှိသော နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့ နိုင်ငံခြားသားများ အများအပြား လာရောက်ကြည့်ရှု အားပေးလျက်ရှိရာ ဒီဇင်ဘာ ၁၈ ရက်က ဝဏ္ဏသိဒ္ဓိအားကစားရုံ (C) ၌ ကျင်းပသော စားပွဲတင်တင်းနစ်ပြိုင်ပွဲသို့ ထိုင်းနိုင်ငံသားတစ်ဦး ထိုင်းရိုးရာဝတ်ဆင်၍ လာရောက်ကြည့်ရှု အားပေးနေသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ
ကျော်သူရ(နေပြည်တော်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ၁၆၃ ကီလိုမီတာ တာဝေးစက်ဘီးပြိုင်ပွဲအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) လိန်းလီတံတားမှ နေပြည်တော် လယ်ဝေးသို့ စီးနင်းယှဉ်ပြိုင်နေသည့် စက်ဘီးသမားများကို နေပြည်တော် ပျဉ်းမနား နင်းဆီပန်းအဝိုင်းမှ ဖြတ်ကျော်လာသည်ကို ဒီဇင်ဘာ ၁၈ ရက်က တွေ့ရစဉ်။ [အဆိုပါပြိုင်ပွဲတွင် လာအိုက ပထမ၊ ဗီယက်နမ်က ဒုတိယ၊ အင်ဒိုနီးရှားက တတိယရရှိခဲ့ကြကြောင်း သိရသည်။]

ဓာတ်ပုံ-ALEZ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပြေးခုန်ပစ်ပြိုင်ပွဲ၏ လှံတံပစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၈ ရက်က ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ မြန်မာမှ အားကစားသမားတစ်ဦး၏ ယှဉ်ပြိုင်ဟန်။

ဓာတ်ပုံ - ALEZ

နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)တွင် ဒီဇင်ဘာ ၁၈ ရက်က ကျင်းပသည့် ပိုက်ကျော်ခြင်းနှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာလက်ရွေးစင် အမျိုးသမီးအသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင် အမျိုးသမီးတို့ ယှဉ်ပြိုင်နေစဉ်။

(ဓာတ်ပုံ-သီဟသစ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဒီဇင်ဘာ ၁၈ ရက်က ဇေယျာသီရိ အားကစားရုံ၌ ကျင်းပရာ မြန်မာနှင့်ထိုင်းအမျိုးသမီး ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်စဉ်။

ဓာတ်ပုံ - ALEZ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီး ၃ မီတာ ဒိုင်ဗင်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်များကို ဒီဇင်ဘာ ၁၈ ရက် ညနေ ၃ နာရီက ဝဏ္ဏသိဒ္ဓိရေကူးရုံရှိ ဒိုင်ဗင်ကန်တွင် ကျင်းပရာ လာရောက်ကြည့်ရှုသော ပရိသတ်များအား တွေ့ရစဉ်။   ဓာတ်ပုံ-ချမ်းသာ(မိတ္ထီလာ)

အမျိုးသားဟော်ကီအသင်း စတုတ္ထနေ့ ပွဲစဉ်များတွင် ထိုင်းနှင့် မလေးရှား အနိုင်ရ

ရန်ကုန် ဒီဇင်ဘာ ၁၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသား ဟော်ကီအုပ်စုပတ်လည်ပြိုင်ပွဲ စတုတ္ထနေ့ပွဲစဉ်ကို ရန်ကုန်မြို့ သိမ်ဖြူဟော်ကီကွင်း၌ ယနေ့မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့ ပထမပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိုင်းအသင်းက ဗီယက်နမ်အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ ဒုတိယပွဲစဉ်အဖြစ် မလေးရှားအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် မလေးရှားအသင်းက စင်ကာပူအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

အမျိုးသားဟော်ကီအုပ်စုပတ်လည်ပြိုင်ပွဲ စတုတ္ထနေ့ ယှဉ်ပြိုင်ခဲ့သော ပွဲစဉ်များအပြီးတွင် မလေးရှားအသင်းက ကိုးမှတ်၊ စင်ကာပူအသင်းနှင့် ထိုင်းအသင်းက ခြောက်မှတ်စီဖြင့် အမှတ်တူရရှိကာ မြန်မာအသင်းက သုံးမှတ်နှင့် ဗီယက်နမ်အသင်းမှာ အမှတ်မရရှိသေးကြောင်းသိရသည်။

အမျိုးသား/အမျိုးသမီး ဟော်ကီအုပ်စုပတ်လည် နောက်ဆုံးနေ့ပွဲစဉ်များကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၇ နာရီမှ စတင်ကျင်းပမည်ဖြစ်သည်။ အမျိုးသမီးပွဲစဉ်အဖြစ် ကမ္ဘောဒီးယားနှင့် မြန်မာ၊ စင်ကာပူနှင့် ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အမျိုးသားပွဲစဉ်အဖြစ် ထိုင်းနှင့် စင်ကာပူ၊ မလေးရှားနှင့် မြန်မာတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

ယနေ့အထိယှဉ်ပြိုင်ပွဲများအပြီးတွင် မလေးရှားနိုင်ငံမှ အမျိုးသမီးအသင်းသည် စုစုပေါင်းရမှတ် ၁၂ မှတ်ဖြင့် လည်းကောင်း၊ အမျိုးသားအသင်းသည် စုစုပေါင်းရမှတ် ကိုးမှတ်ဖြင့်လည်းကောင်း အုပ်စုပတ်လည်ပွဲစဉ်များတွင် ထိပ်ဆုံးမှ ရပ်တည်နေသည်။ **(သတင်းစဉ်)**

တိုက်ကွမ်ဒိုပြိုင်ပွဲ တစ်ဦးချင်း ကကွက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးခဲ့သော မြန်မာကရာတေး ကစားသမား သော်ဇင်ဟန်၏ ကစားဟန်။

ဓာတ်ပုံ - သက်ပိုင်

တိုက်ကွမ်ဒိုအလှပြကွက်ဖြင့် ရွှေမြန်မာတို့ ရွှေရောင်ဆင့်ပြန်ပြီ

သတင်း - လှိုင်သန်းတင့်(ရမည်းသင်း)

နေပြည်တော် ဒီဇင်ဘာ ၁၈

